BURMESE CLASSIC .com

မြသန်းတင့်

# လက်ဖက်ရည်ဆိုင်



TEA HOUSE
By
LAO SHE

BURMESE CLASSIC .com

စာအုပ်အမှတ် ( ၁၀၇ )

Quality Publishing House
အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၁၂၆၀၄။

BURMESE CLASSIC .com

## ဒို့အဓိကအရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# လက်ဖက်ရည်ဆိုင်

တရုတ်စာရေးဆရာကြီး လောရှီ၏ 'လက်ဖက်ရည်ဆိုင်' ပြဇာတ်ရှည်ကြီးသည် တရုတ်ပြည်နှင့် နိုင်ငံတကာတွင် ထင်ရှားကျော်ကြားသော ပြဇာတ်ကြီးတစ်ပုဒ် ဖြစ်သည်။ တရုတ်ပြည်တွင်း၌ စတင်ကပြခဲ့ပြီး ဂျပန်၊ အနောက် ဂျာမဏီနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း မကြာသေးမီက စင်တင်ကပြခဲ့ရာ များစွာ လူကြိုက်များ သည်။

လောရှီ၏ **'လက်ဖက်ရည်ဆိုင်'** ပြဇာတ်ကြီးသည် အပိုင်း သုံးပိုင်းပါရှိ၍ ၁၈၉၈ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်းငါးဆယ် အတွင်း ပီကင်းမြို့မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို နောက်ခံပြုရေး ထားသည့် ပြဇာတ်ကြီးဖြစ်ပြီး ဇာတ်ဆောင်ပေါင်းခြောက်ဆယ်ကျော် ပါရှိသည်။ လက်ဖက်ရည်ဆိုင်ကို နောက်ခံပြုကာ တရုတ်ပြည်တွင် ပြောင်းလဲနေသော အခြေအနေ အရပ်ရပ်တို့ကို ဖော်ပြသွားသည်။

လောရှီသည် **'လန်ရှားသမား'** အမည်ရှိ ဝတ္ထုရှည်ကြီး တစ်ပုဒ်ကိုလည်း ရေးခဲ့သေးရာ ယင်းကို ဘာသာအမျိုးမျိုးသို့ ပြန်ဆိုခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်ပြီးစက တက်တိုး မြန်မာပြန်၍ ထုတ်ဝေခဲ့ပြီးဖြစ်သည်။

အခြားသော ထင်ရှားသည့်ပြဇာတ်ရှည် တစ်ပုဒ်မှာ **'နဂါးမုတ်ဆိတ်မြောင်း'** ဟူသော ပြဇာတ်ဖြစ်သည်။ လောရှီသည် တရုတ် ပြည်လွတ်မြောက်ရေးရသည့်အခါတွင် အမေရိကန် ပြည်ထောင်စုတွင် နေထိုင်ရာမှ ပြန်လာခဲ့ပြီး စာပေများကို ဆက်လက်ပြုစုခဲ့ရာ ၁၉၆၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

# လက်ဖက်ရည်ဆိုင်

မြသန်းထင့်

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ် - ၅၆၇ / ၂၀၀၂ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၂၅ / ၂၀၀၂ (၁၀)

❖

**ဒီဇိုင်းသူ**

ကိုမြင့်ထွန်း

❖

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (၂၀၀၃၊ ဖေဖော်ဝါရီလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မှတ်သုန်

ကာလာခွဲ - ***Alpha***

ကွန်ပျူတာစာစီ - ***Quality***

အတွင်းဖလင် - ***Quality***

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရွှေပင်ဗဟိုအော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးသန်းဆွေ (ဇင်သာညီကျော်စာပေတိုက်) (၀၁၄၇၃)

အမှတ် (၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊

ရန်ကုန်မြို့။

❖

တန်ဖိုး - ၆၀၀ ကျပ်

# ပြကွက် (၁)

## အချိန်

၁၈၉၈ ခုနှစ် ဆောင်းဦးပေါက် ကန်ယူဝေနှင့်
လုံ့ကြိချောင်တို့ ခေါင်းဆောင်သည့်
လေတပြောင်း အရေးတော်ပုံကို
နှိမ်နင်းပြီးခါစ မနက်ခင်း။

## နေရာ

ယုထိုင် လက်ဖက်ရည်ဆိုင်၊ ပီကင်းမြို့။

## ကန့်လန့်ကာဖွင့်

ယခုခေတ်တွင် အလားတူ လက်ဖက်ရည်ဆိုင်ကြီးမျိုး မရှိတော့၊ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းအနည်းငယ်တုန်းကမူ ပီကင်းမြို့ ရပ်ကွက်တိုင်းတွင် အနည်းဆုံးတစ်ဆိုင်လောက် ရှိတတ်သည်။ လက်ဖက်ရည်လည်း ရောင်း၍ မုန့်ပဲသရေစာနှင့် ချက်ချင်းကြော်လှော်ချက်ပြုတ်နိုင်သော အစားအသောက်များလည်း ရသည်။ ငှက်များကို လှောင်အိမ်တွင်ထည့်ကာ ရပ်ကွက်တကာ

လှည့်လာကြသည့် ငှက်ရောင်းသူများသည် ထိုလက်ဖက်ရည်ဆိုင်တွင် နားလေ့၊ လက်ဖက်ရည်သောက်လေ့ ရှိကြသည်။ မိမိတို့ ငှက်များ အမျိုးမျိုးတေးဆိုသည်ကို ပြလေ့ရှိကြသည်။ လက်ဖက်ရည်ဆိုင်သည် ဆွေးနွေးပွဲ အမျိုးမျိုး၊ အရောင်းအဝယ်ကိစ္စ အမျိုးမျိုးတို့အတွက် တွေ့ဆုံရာဖြစ်သည်။ လူပွဲစားများ ပြည့်တန်ဆာခေါင်းများ၏ ခိုလှုံရာလည်း ဖြစ်သည်။ ထိုခေတ်က လူမိုက်ဂိုဏ်းများမှာ အုပ်စုဖွဲ့၍ ရိုက်နှက်သတ်ပုတ်လေ့ရှိကြသော်လည်း ကံအားလျော်စွာ ဖြန်ဖြေပေးသူများ ပေါ်လာ၍ ကျေအေးသွားကြသည့်အခါမျိုးတွင် နှစ်ဖက်သော လူမိုက်ဂိုဏ်းများမှ လူမိုက်သုံးလေးဆယ်ခန့်တို့သည် ထိုဆိုင်မှာပင် စုဝေး၍ လက်ဖက်ရည်သောက်ကြသည်။ ဝက်သားတောက်တောက်စင်းထည့်ထားသည့် ခေါက်ဆွဲကြော် (ခေါက်ဆွဲကြော်မှာ လက်ဖက်ရည်ဆိုင်ကြီးများတွင် ရောင်းလေ့ရှိပြီး ဈေးလည်းပေါ၏။ ကြော်ရ လျော်ရသည်မှာလည်း လွယ်သည်။) စားကာ ငြိမ်းချမ်းရေးအောင်ပွဲအဖြစ် ကျင်းပကြသည်။ အတိုချုပ်ပြောရလျှင် လက်ဖက်ရည်ဆိုင်သည် အရေးကြီးဆုံးသော အဆောက်အအုံကြီးတစ်ခုဖြစ်သည်။ အလုပ်ကိစ္စဖြင့်ဖြစ်စေ၊ အချိန်ဖြုန်းရန်ဖြစ်စေ လူတိုင်းလာနိုင်သောနေရာဖြစ်သည်။ ကြီးမားလှသော ပင့်ကူကြီးတစ်ကောင်သည် ကြောက်မက်ဖွယ် ဘီလူးကြီးဖြစ်သွားကာ နောက်ဆုံးတွင် မိုးကြိုးပစ်၍ မည်သို့သေသွားပုံစသည့်ယုံနိုင်ဖွယ်မရှိသော ပုံပြင်များကိုလည်း လက်ဖက်ရည်ဝိုင်းတွင် ကြားရတတ်သည်။ သို့မဟုတ်လျှင် တရုတ်ပြည်ထဲသို့ နိုင်ငံခြားသားများ ဝင်ရောက်ခြင်းမပြုနိုင်အောင် တရုတ်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ရှည်လျားမြင့်မားသော တံတိုင်းကြီးတစ်ခု ဆောက်သင့်ကြောင်းစသည့် ထူးထူးဆန်းဆန်း ထင်မြင်ချက်မျိုးကိုလည်း လက်ဖက်ရည်ဝိုင်းတွင် ကြားရတတ်သည်။ ထိုမျှ မကသေးပါ၊ ပီကင်းအော်ပရာ ဇာတ်မင်းသားတစ်ဦး၏ နောက်ဆုံးဆိုဟန်အကြောင်း၊ နောက်ဆုံးပေါ် ဘိန်းချက်နည်းအကြောင်းတို့ကိုလည်း ကြားနိုင် လေ့လာနိုင်သည်။ တူးဖော်ရရှိသော ရှေးဟောင်းကျောက်စိမ်းယပ်ပန်းဆွဲ သုံးရောင်ခြယ်ကြွေနွားဘူး စသည်တို့ကိုလည်း တွေ့နိုင်သည်။ စင်စစ်သော်လည်း လက်ဖက်ရည်ဆိုင်သည် အရေးကြီးသော နေရာကြီးတစ်ခု၊ ယဉ်ကျေးမှုလေ့လာရေး ဗဟိုဌာနကြီးတစ်ခု ဖြစ်ချေသည် တစ်မုံ့။

ကျွန်ုပ်တို့ တွေ့ရမည့် လက်ဖက်ရည်ဆိုင်သည် ထိုသို့သော ဝိသေသများ ရှိသည့် လက်ဖက်ရည်ဆိုင်ကြီးဖြစ်၏။ ဆိုင်အဝင်ဝတွင် ဆိုင်ရှင်ထိုင်သည့် ကောင်တာနှင့် မီးလင်းဖိုကြီးတစ်ခုရှိသည်။ သို့ရာတွင် ဇာတ်စင်ပေါ်တွင် မီးဖို

ကြီးထားရန် အခက်အခဲရှိလျှင် မီးဖိုကို ဖြုတ်ပစ်နိုင်သည်။ ဓာတ်စင်နောက်မှ အိုးသံပန်းကန်ခွက်ယောက်သံများကို ထည့်ပေးရမည်။ လက်ဖက်ရည်ဆိုင်မှာ အလွန်ကျယ်၍ အလွန်မြင့်သော ဆိုင်ကြီးဖြစ်ပြီး အထဲတွင် စားပွဲရှည်ကြီးများ၊ လေးထောင့်စားပွဲများ၊ ခုံရှည်များ၊ ခွေးခြေများချထားသည်။ လက်ဖက်ရည်ဆိုင် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် ဆိုင်နောက်ကွက်လပ်ကို လှမ်းမြင်ရသည်။ ထိုကွက်လပ်ထဲတွင် အရိပ်ရအောင် ထိုးထားသည့် ကနားဖျင်းတစ်ခု ရှိပြီး ထိုကနားဖျင်းအောက်တွင်လည်း စားပွဲခုံများ ချထားသည်။ ဆိုင်ထဲတွင် လည်းကောင်း၊ ကနားဖျင်းထဲတွင်လည်းကောင်း ငှက်လှောင်အိမ်များချိတ်ရန် ချိတ်များအဆင်သင့် ဆွဲထားပေးသည်။ 'တိုင်းရေးပြည်ရေး မဆွေးနွေးရ' ဟု ရေးသားသော ပိုစတာများကို ဆိုင်အနှံ့အပြားတွင် ကပ်ထား၏။

အမည်မသိ လက်ဖက်ရည်သောက်သူ နှစ်ယောက်သည် မျက်လုံးများ မှေးကာ ခေါင်းကို ဘယ်ညာ ယိမ်းရင်း သီချင်းတစ်ပုဒ်ကို ညည်းနေကြသည်။ လက်ကလည်း စည်းလိုက်နေသည်။ အခြားသော အမည်မသိ လက်ဖက်ရည်သောက်သူ သုံးလေးဦးတို့သည် စဥ့်အိုးထဲမှ မြည်နေသော ပုရစ်မြည်သံကို တအံ့တသြ နားထောင်နေကြသည်။ မီးခိုးရောင် ဝတ်ရုံရှည်ကြီးများကို ဝတ်ထားသည့် လူနှစ်ယောက် (ယင်းတို့မှာ စုန်အန်နှင့် ဂူကျန့်တို့ဖြစ်သည်။) နှစ်ယောက်တည်း ခေါင်းချင်းဆိုင်၍ တီးတိုးပြောနေကြသည်။ ပုံပန်းသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် ယင်းတို့နှစ်ဦးမှာ ယာမင်းခေါ်ထိုခတ်က လုံခြုံရေးဌာနမှ အထောက်တော်များ ဖြစ်ကြောင်းကို သိနိုင်သည်။

ထိုနေ့၌ လက်ဖက်ရည်ဆိုင်တွင် လူမိုက်ဂိုဏ်းချင်း ရိုက်ပွဲဖြစ်မည့် အခြေအနေ ရှိနေသည်။ အကြောင်းမှာ ခိုကလေးတစ်ကောင်နှင့် ပတ်သက်၍ လူမိုက်ဂိုဏ်းချင်း အငြင်းပွားနေသောကြောင့် ဖြစ်သည်ဟု အချို့သောရပ်ကွက်များမှ ကြားသိရသည်။ ထိုကိစ္စသည် အုပ်စုရိုက်ပွဲဖြင့် အဆုံးသတ်သွားနိုင်သော အခြေအနေရှိသည်။ ရိုက်ပွဲဖြစ်လျှင် နှစ်ဖက်သော ဂိုဏ်းတို့တွင် ကိုယ်ခံပညာ ကျွမ်းကျင်သော နန်းတွင်းနပန်းသမားအကျော်များ၊ ဘဏ္ဍာတော်တိုက်စောင့်များပါလေ့ရှိသဖြင့် အသေအပျောက်ရှိတတ်သည်။ သို့ရာတွင် ကံအားလျော်စွာပင် ဖျန်ဖြေသူတို့က ဝင်ရောက်စေ့စပ်ပေးသဖြင့် နှစ်ဖက်သော ဂိုဏ်းတို့လူမစုံမီမှာပင် ပြေလည်မှု ရသွားကြသည်။ ထို့ကြောင့် ယခုအချိန်တွင် နှစ်ဖက်သော ဂိုဏ်းသားတို့သည် လက်ဖက်ရည်ဆိုင်ထဲတွင် စားသောက်လျက်ရှိကြသည်။

ပထမပြကွက်တွင် ဝတ်စုံအတိုတို့ကို ဝတ်ဆင်ထားသည့် (သတ်ပုတ်ကြမည် ဖြစ်သဖြင့် ဝတ်ရုံရှည်ကြီးများကို မဝတ်ခြင်းဖြစ်သည်။) မျက်နှာထား ဆိုးဆိုးဖြင့် လူမိုက်များသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲစသဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာကြကာ နောက်ဖေးကွက်လပ်ထဲသို့ ဆင်းသွားကြသည်ကို တွေ့နိုင်သည်။

လက်ဖက်ရည်ဆိုင် ထောင့်တစ်ထောင့်တွင် ဘိုမာသည် တစ်ယောက်တည်း ခပ်ကုပ်ကုပ်ဖြင့် လက်ဖက်ရည် သောက်နေသည်။

ဝမ်လီဖသည် ဆိုင်တစ်ဆိုင်လုံးကို စီး၍မြင်လောက်သည့် ကောင်တာ တစ်နေရာတွင် ထိုင်နေသည်။ ဗေဒင်ဆရာတန်သည် အလွန်ညစ်ပတ်၍ ရှည်လျားသည့် ဝတ်စုံကြီးကို ဝတ်လျက် စာရွက်အချို့ကို ဦးထုပ်အောက် နားသယ်စပ်တွင် ထိုး၍ ဆိုင်ထဲသို့ ဝင်လာသည်။ သူ့ဖိနပ်ကလည်း ကျွတ်လုကျွတ်ခင် ဖြစ်နေ၏။

ဝမ်လီဖ ➠ "အလို ... ဗေဒင်ဆရာ တန်ပါလား၊ အရပ်ထဲ လှည့်ပြီး မဟောဘဲကိုး"

ဗေဒင်ဆရာတန် ➠ "လက်ဖက်ရည်ဆိုင်ရှင်ကြီးရေ၊ ကျုပ် ဗေဒင်လေးကိုလဲ အားပေးစမ်းပါဦး။ ကျုပ်ကို လက်ဖက်ရည်လေး တစ်ခွက်သာ တိုက်ရင် ခင်ဗျား နောင်ရေးကို ကောင်းကောင်းဟောပြပါ့မယ်။ လက္ခဏာ ဟောစေချင်ရင်လဲ ဟောပေးပါ့မယ်။ တစ်ပြားမှ မယူပါဘူး။ (ဝမ်လီဖ၏အဖြေကို မစောင့်တော့ဘဲ လက်နှစ်ဖက်ကို ဆွဲယူလိုက်သည်။) မှန်း ... ခုအချိန်က ဘုန်းတော်ကြီးမြတ်တော်မူသော ကွမ်ကျူဘုရင်မင်းမြတ် ထီးနန်းစိုးစံတဲ့ နှစ်ဆယ့်လေးနှစ်မြောက်ကာလဗျ။ ခုနှစ်သက္ကရာဇ် အလိုအားဖြင့် ခွေးစောင့်တဲ့ သုနက္ခနှစ် ဆိုင်ပိုင်ကြီးရဲ့ အသက်က ..."

ဝမ်လီဖ ➠ (လက်နှစ်ဖက်ကို ဆွဲရုပ်လိုက်ရင်း) "တော်စမ်းပါဗျာ လက်ဖက်ရည်တိုက်ဆိုရင်လဲ တိုက်ပါ့မယ်။ ပေါက်ကရတွေ ပြောမနေစမ်းပါနဲ့၊ ကျုပ်က ဗေဒင်တွေ ဘာတွေလဲ သိပ်ယုံတာ မဟုတ်ဘူး။ ဒီလို ဗရုတ်ဗရက်ခေတ်ကြီးမှာ ကိုယ့်ကိုယ်ကိုပဲ အားကိုးရမှာပဲ။ လူ့ဘဝကြီး နေရတာတယ် မလွယ်ဘူး။ (ကောင်တာနောက်မှ ထွက်လာကာ ဗေဒင်ဆရာ ဆွဲအထိုင်ခိုင်းသည်။) ကဲ ... ထိုင်စမ်းပါဦး၊ ကျုပ် ပြောပါဦးမယ်။ ခင်ဗျား ဘိန်းမဖြတ်ရင် ဘယ်တော့မှ ကံဇာတာ တက်မယ့်လူ မဟုတ်ဘူး၊ အဲဒါ မြဲမြဲမှတ်ထား၊ ကျုပ် ဗေဒင်က ခင်ဗျားဗေဒင်ထက် မှန်တယ်"

ဘိုဆုံနှင့် ဘိုကျန်တို့သည် ငှက်လှောင်အိမ် တစ်ယောက် တစ်လုံးဆွဲ၍ ဝင်လာကြသည်။ ဝမ်လီဖက နှုတ်ဆက်သည့်အခါ သူတို့နှစ်ယောက်သည် ငှက်လှောင်အိမ်များကို ချိတ်လိုက်ပြီး ထိုင်ရန် နေရာကြည့်နေကြသည်။ ယဉ်ကျေးဟန်ပေါက်သည့် ဘိုဆုံသည် ခပ်သေးသေး ငှက်လှောင်အိမ်ကလေးကို ကိုင်ထားပြီး ကိုယ်လုံးကိုယ်ပေါက် ခပ်ကြမ်းကြမ်း၊ သတ္တိကောင်းဟန်ရှိသည့် ဘိုကျန်မှာ ခပ်ကြီးကြီး လှောင်အိမ်တစ်လုံးကို ယူလာသည်။ လက်ဖက်ခြောက်များကို သူတို့ကိုယ်တိုင် ယူလာခဲ့သဖြင့် စားပွဲထိုး လီစန်သည် အဖုံးဖုံးထားသည့် လက်ဖက်ရည်ခွက်ထဲတွင် လက်ဖက်ခြောက် နှပ်နေသည်။ လက်ဖက်ရည် ရောက်လာသည့်အခါတွင် ဘိုဆုံနှင့် ဘိုကျန်တို့သည် အနီးရှိ လူများကို လက်ဖက်ရည်သောက် ဖိတ်ခေါ်လိုက်သည်။

ဘိုဆုံနှင့် ဘိုကျန် ➠➠“ကဲ … မိတ်ဆွေတို့၊ လက်ဖက်ရည် သုံးဆောင်ကြပါဦး”

သူတို့နှစ်ယောက်သည် ဆိုင်နောက်ဖေးကွက်လပ်ဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ဘိုဆုံ ➠➠“ဘာဖြစ်လို့လဲ၊ ပြဿနာ ဖြစ်ပြန်ပြီလား”

ဘိုကျန် ➠➠“မစိုးရိမ်ပါနဲ့၊ ဒီကောင်တွေ မချဖြစ်ပါဘူး။ ချရင် ခုလောက်ဆို မြို့ပြင်ရောက်နေပြီ။ လက်ဖက်ရည်ဆိုင်ကို ဘာလို့လာတော့မလဲ”

လူမိုက်တစ်ယောက်ဖြစ်သည့် အာဒိသည် ဆိုင်ထဲသို့ ဝင်လာရင်း ဘိုကျန်ပြောသည့် စကားများကို ကြားသွားသည်။

အာဒိ ➠➠ (သူတို့ဆီသို့ လျှောက်လာသည်။) “ကိုယ့်လူတို့က ဘယ်လောက်မိုက်လို့ ကျုပ်တို့အကြောင်း ပြောနေတာလဲ”

ဘိုကျန် ➠➠(ကြောက်ရွံ့ဟန် မရှိဘဲ) “ဗျာ … ကျုပ်ကို ပြောတာလား။ ကျုပ်ဘာသာကျုပ် ပိုက်ဆံပေးပြီး လက်ဖက်ရည် သောက်တာပဲဗျ၊ ဘယ်သူ့ကို သွားခယနေရဦးမှာလဲ”

ဘိုဆုံ ➠➠(အာဒိ၏အလုံးအဖန်ကို အကဲခတ်လိုက်ပြီးနောက်) “ဩော် … နောင်ကြီးက နန်းတွင်းနပန်းအဖွဲ့က ထင်ပါရဲ့နော်၊ ဟုတ်စ။ … ကြွပါခင်ဗျာ၊ ထိုင်ပါ၊ လက်ဖက်ရည် သုံးဆောင်ပါဦး၊ စကားလေးဘာလေး ပြောရတာပေါ့၊ အချင်းချင်းတွေပဲ နောင်ကြီးရာ”

အာဒိ ➠➠“ကျုပ် ဘယ်ကဖြစ်ဖြစ်၊ ဒါခင်ဗျား အလုပ် မဟုတ်ပါဘူး”

ဘိုကျန် ➠➠"ခင်ဗျား ကိုယ်လုံးကိုယ်ပေါက်ကြီးနဲ့ ဒီလောက် ချ ချင်ရင် နိုင်ငံခြားသားတွေကို သွားချပေါ့၊ ဒီကောင်တွေကလဲ ချချင်နေတာ၊ ခင်ဗျားတို့က တိုင်းပြည်ကပေးတဲ့ လခကျတော့ ယူတယ်။ အင်္ဂလိပ်တပ်တွေနဲ့ ပြင်သစ်တပ်တွေက နွေရာသီ နန်းတော်ကြီးကို မီးတင်ရှို့တော့ ဒီကောင်တွေကို ဆော်ဖို့ လက်ချောင်းကလေး တစ်ချောင်းတောင် လှုပ်ဖော်မရဘူး"

အာဒိ ➠➠"နိုင်ငံခြားသားတွေ ဘာတွေ ပြောမနေပါနဲ့၊ မင်း ကို အရင် ဆုံးမမယ်" (လက်သီးကို မြှောက်လိုက်သည်။)

အခြားသောလက်ဖက်ရည် သောက်လာသူများမှာ သူတို့ကို အရေးမထားဘဲ ကိုယ့်ကိစ္စကိုယ် ဆက်လုပ်ကြသည်။ ဆိုင်ရှင် ဝမ်လီဖ သူတို့ဆီသို့ ပြေးလာသည်။

ဝမ်လီဖ➠➠"ကဲ ... ကဲ ... နောင်ကြီးတို့ရာ၊ မိတ်ဆွေတွေလို သဘောထားပြီး အေးအေးဆေးဆေး ပြောကြပါဗျာ။ နောင်ကြီး အာဒိက ဆိုင်နောက်က ကနားဖျင်းမှာ ထိုင်ပါလားဗျာ"

အာဒိသည် ဝမ်လီဖ၏ စကားကို ဂရုမစိုက်ဘဲ စားပွဲပေါ်မှ လက်ဖက်ရည်ပန်းကန်ပြားကို လက်ဖြင့် ရိုက်ချလိုက်ရာ လက်ဖက်ရည်ပန်းကန်သည် အောက်သို့ ကျကွဲသွားသည်။ အာဒိသည် ရှေ့သို့ ထိုးလာကာ ဘိုကျန်၏ လည်ကုပ်ကို ဖမ်းဆုပ်မည်ပြုသည်။

ဘိုကျန်➠➠(တိမ်းရှောင်လိုက်ရင်း) "ဟေ့လူ ... ဘာလုပ်တာ လဲ"

အာဒိ ➠➠"ဟုတ်တယ်ကွ။ ငါ နိုင်ငံခြားသားကို မထိဘူး။ မင်း ကို ထိပြမလို့၊ လာလေကွာ"

ဘိုမာ ➠➠(ထိုင်နေရာမှ မထဘဲ) "ဗျို့ ... အာဒိ၊ ဟေ့ ... အာဒိ မင်းလဲ အရေးကြီးတဲ့ လူတစ်ယောက်ပဲကွာ၊ သတိထားမှပေါ့"

အာဒိ ➠➠(လှမ်း၍ ကြည့်လိုက်ရာ ဘိုမာကို မြင်သည်။) "သြော် ... ဆရာပါလား၊ ခွင့်လွှတ်ပါ ခင်ဗျာ။ ဆရာရောက်နေတာကို လုံးလုံး သတိ မထားမိဘူး"

ဘိုမာ အနီးသို့ သွားကာ အစဉ်အလာ ရှိသေသမှုကို ပြသည့်အနေဖြင့် ဒူးတစ်ဖက်ထောက်၍ ထိုင်သည်။

ဘိုမာ ➠➠"ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းမှပေါ့ကွာ။ အရေးရှိရင် လက်သီးနဲ့ချည်းပဲ ရှင်းနေလို့ ဘယ်ကောင်းမလဲ"

အာဒီ ➟➟"ဟုတ်ကဲ့၊ ကျွန်တော် ကနားဖျင်းထဲကို သွားနေပါ့မယ်။ ဟော့ ... လီစန်၊ ဒီစားပွဲကို ငါရှင်းမယ် ဟော့"

ဆိုင်နောက်ဖေးက ကနားဖျင်းထဲသို့ ဆင်းသွားသည်။

ဘိုကျန် ➟➟(ထိုင်ရာမှ ထကာ သူ့နှစ်နာချက်ကို ဘိုမာအားပြောရန် ဘိုမာဆီသို့ လျှောက်လာသည်။) "မိတ်ဆွေဟာ အမြော်အမြင် ရှိပါပေတယ်ဗျာ၊ ဘယ်သူမှန်သလဲ ခင်ဗျာ၊ တဆိတ် ကြားပါရစေ"

ဘိုမာ ➟➟(ထိုင်ရာမှ ထသည်။) "ကျွန်တော် အလုပ်များနေတယ်ဗျာ ... သွားဦးမယ်" (ထွက်သွားသည်။)

ဘိုကျန် ➟➟(ဝမ်လီဖဘက်သို့လှည့်၍) "ဘယ်လိုလူလဲဗျ၊ တော်တော်ခွကျတဲ့ လူပဲ"

ဝမ်လီဖ ➟➟"ဘိုမာဆိုတာလေ၊ ခင်ဗျား မသိဘူးလား။ ခင် ဗျားကို ဘယ်မှာ စကားပြောတော့မှာလဲ။ ခင်ဗျားက သူ့ကို သွားစော်ကားတာ ကိုး"

ဘိုကျန် ➟➟"ဗျာ ... ကျွန်တော် ဘာများ စော်ကားမိလို့လဲဗျာ၊ ဒီနေ့ကို ကျွန်တော် ဘာများဖြစ်နေသလဲ မသိပါဘူး"

ဝမ်လီဖ ➟➟(ခပ်တိုးတိုးဖြင့်) "ခပ်စောစောက ခင်ဗျား နိုင်ငံခြားသားတွေ ဘာဖြစ်တယ် ညာဖြစ်တယ်လို့ ပြောနေတယ်မဟုတ်လား။ သူက နိုင်ငံခြားသားတွေနဲ့ အဆက်အသွယ် လုပ်နေတဲ့လူဗျ။ ကိုးကွယ်တော့လည်း နိုင်ငံခြားဘာသာကို ကိုးကွယ်တယ်၊ ပြောတော့လည်း နိုင်ငံခြားစကားကို ပြောတယ်။ သူသွားချင်တယ်ဆိုရင် မြို့တော်ဝန်ကို တိုက်ရိုက်တက်တွေ့နိုင်တဲ့ လူနော်၊ ဒါကြောင့်မို့အာဏာပိုင်တွေကလဲ သူ့ဆိုရင် တော်တော်လေးရှိန်ကြတယ်"

ဘိုကျန် ➟➟(သူ့နေရာသို့ ပြန်သွားရင်း) "ထွီ ... တော်စမ်းပါဗျာ၊ လူမျိုးခြားဆီမှာ တပည့်ခံတဲ့လူကို အရေးလုပ်လို့"

ဝမ်လီဖ ➟➟(စုန်အန်နှင့် ဂူကျန်တို့ဘက်သို့ စောင်းကြည့်လိုက်ရင်း လေသံကလေးဖြင့်) "ဗျို့လူ စကားပြောရင် သတိထား ပြောပါဗျာ။ (လေသံကျယ်ကျယ်ဖြင့်) "ယော့ ... လီစန်ရေ၊ ဒီက လက်ဖက်ရည် တစ်ခွက်ယော့ (ကြမ်းပြင်ပေါ်သို့ ကျနေသော ပန်းကန်ကွဲများကို ကောက်နေသည်။)

ဘိုဆုံ ➟➟"အဲဒီပန်းကန် ဘယ်လောက်တန်သလဲ၊ ကျုပ်လျော်မယ်။ ကျုပ် ယောက်ျားပါဗျ၊ အဘွားအိုကြီးတွေလို ကပ်စေး မနဲပါဘူး"

ဝမ်လီဖ ➟➟ "ဖြည်းဖြည်းပေါ့ဗျာ။ နောက်တော့ ကြည့်ရှင်းတာပေါ့" (အပြင်သို့ ထွက်သွားသည်။)

ပြည့်တန်ဆာခေါင်း ကျောက်ဖြူးလူသည် ကံလူကို ဆိုင်ထဲ ခေါ်လာသည်။ ဘိုဆုံနှင့် ဘိုကျန်တို့ကို ပထမ နှုတ်ဆက်သည်။

ကျောက်ဖြူးလူ ➟➟ "ဆရာတို့ ဒီနေ့ တယ်စောပါလား၊ (နှာဘူးတစ်ဘူးကို ထုတ်၍ နှာမှုန့် အနည်းငယ်ကို လက်ဖဝါးထဲသို့ ထည့်သည်။) ဟောဒီနှာကို နည်းနည်းရှူကြည့်စမ်းပါလား၊ ခုလေးတင်ရလာတာ၊ အင်္ဂလန်က လာတဲ့ နှာအစစ်ဗျ၊ တော်တော် ကောင်းတယ်"

ဘိုကျန် ➟➟ "စဉ်းစားသာ ကြည့်ကြပေါ့ဗျာ၊ နှာတောင် နိုင်ငံခြားကလာတဲ့ နှာမှ ကောင်းသတဲ့၊ တစ်နှစ်တစ်နှစ် တိုင်းပြည်မှာ ငွေတွေ ဘယ်လောက် ကုန်လိုက်မလဲ"

ကျောက်ဖြူးလူ ➟➟ "ကျုပ်တို့ရဲ့ ချင်မင်းဆက် နိုင်ငံတော်ကြီးမှာ ရွှေတွေ ငွေတွေ တောင်လိုပုံလို့ဗျ၊ ဘယ်တော့မှ မကုန်ခန်းနိုင်ဘူး။ ကဲ … ဦးကြီး၊ ထိုင်လေ … အလုပ်ကိစ္စလေး ပြောရအောင်"

ကျောက်ဖြူးလူသည် လယ်သမားကြီး ကံလူကို အထိုင်ခိုင်းသည်။ လီစန်သည် လက်ဖက်ရည် တစ်ပန်းကန်ကို ယူလာသည်။

ကျောက်ဖြူးလူ ➟➟ "ကဲ … အလုပ်ကိစ္စ ပြောရအောင်ဗျာ၊ ငွေသားတစ်ဆယ်ဆိုရင် ရမလား၊ မြန်မြန်စဉ်းစားဗျာ၊ အချိန် မရှိဘူး။ ကျွန်တော့်မှာ အလုပ်တွေနဲ့ ခင်ဗျား စဉ်းစားတာကို ထိုင်စောင့် မနေနိုင်ဘူး"

ကံလူ ➟➟ "ဆရာပဲ စဉ်းစားကြည့်ပေါ့လေ၊ ဆယ့်ငါးနှစ်သမီးလေးကို ငွေတစ်ဆယ်လောက်ပဲ ပေးတယ်ဆိုတော့ မနည်းလွန်းဘူးလား"

ကျောက်ဖြူးလူ ➟➟ "ပြည့်တန်ဆာအိမ်ကို သွားရောင်းရင်တော့ ဒီထက် နည်းနည်းပိုရချင် ရမှာပေါ့ဗျာ၊ ဒီလိုကတော့လဲ ခင်ဗျားက မရောင်းချင်တော့ ခက်တာပေါ့"

ကံလူ ➟➟ "ကိုယ့်သွေးကိုယ့်သားကို ဘယ်နှယ့်လုပ်ပြီး …"

ကျောက်ဖြူးလူ ➟➟ "နို့ … ခင်ဗျားမှ မကျွေးနိုင်ဘဲကိုး၊ ဒါ ခင်ဗျားအပြစ်ပေါ့"

ကံလူ ➟➟ "ကျုပ်တို့ လယ်သမားတွေဟာ စားစရာ မရှိတော့ဘူးလေ၊ နေ့တိုင်း ဆန်ပြုတ် တစ်ပန်းကန် စားနေရလျက်သားနဲ့ ကိုယ့်သမီးကို ရောင်းတယ်ဆိုရင်တော့ ကျုပ်ဟာ တိရစ္ဆာန်ပေါ့"

ကျောက်ဖြူးလူ ➡➡"ဒါက ခင်ဗျားတို့ ကိစ္စလေ၊ ကျွန်တော်နဲ့ မဆိုင်ဘူး၊ ခု ခင်ဗျား လာပြီး အကူအညီတောင်းတဲ့အတွက် ခင်ဗျားလဲ အလိမ် အညာမခံရအောင်၊ ကလေးမလေးလဲ ကောင်းကောင်းမွန်မွန် နေရအောင် ကျွန် တော်က ကူညီတာ၊ ဒီထက် ကျွန်တော် ဘာတတ်နိုင်မှာလဲ"

ကံလူ ➡➡"ကျုပ်သမီးလေးကို ဘယ်သူ့ကို ရောင်းမှာလဲ"

ကျောက်ဖြူးလူ ➡➡"ခင်ဗျား ကျေနပ်မှာပါ။ ရွှေနန်းတော်ကြီးက အရာရှိ တစ်ယောက်ဆီကို"

ကံလူ ➡➡"ရွှေနန်းတော် အရာရှိက တောက လယ်သမား သမီးကို ယူမှာတဲ့လား"

ကျောက်ဖြူးလူ ➡➡ "ဒါကြောင့် ခင်ဗျားသမီး ကံကောင်းတယ်လို့ ပြောနေတာပေါ့"

ကံလူ ➡➡"ဒါဖြင့် အဲဒီအရာရှိက ဘယ်သူတဲ့လဲဗျာ"

ကျောက်ဖြူးလူ ➡ ➡ "မိန်းမစိုးမှူးကြီး ပန် တဲ့ဗျား။ သူ့နာမည်လောက် ကိုတော့ ကြားဖူးမှာပေါ့၊ ဘုရင့်မယ်တော်ကြီးအပါးမှာ ခစားရတဲ့လူ၊ မယ်တော် ကြီးရဲ့ မြှောက်စားအရေးပေးခံရတဲ့လူ၊ သူ့အိမ်မှာ သုံးတဲ့ ချဉ်ရည်ပုလင်းတောင် မှ ရွှေနဲ့ လုပ်ထားတဲ့ ပုလင်းဗျ"

ကံလူ ➡➡"မိန်းမစိုးရဲ့ မယားအဖြစ် ရောင်းလိုက်ရရင် ကျုပ်သမီးကလေးကို ဘယ့်နှယ်လုပ်ပြီး ပြန်တွေ့လို့ ရမှာလဲဗျာ။ တစ်သက်လုံး မတွေ့ရတော့ဘူးပေါ့"

ကျောက်ဖြူးလူ ➡➡"နေစမ်းပါဦး၊ ခင်ဗျားက ကိုယ့်သမီးကိုတောင် ရောင်းထားမှတော့ တွေ့လို့ကော ကောင်းဦးမှာလားဗျာ၊ စဉ်းစဉ်းစားစားလဲ ပြောပါဦး၊ ကျွန်တော် ပြောတာကို သေသေချာချာ စဉ်းစားပါ၊ လင်ကောင်း သားကောင်းရရင် စားကောင်းသောက်ဖွယ်တွေကို စားရမယ်၊ ပိုးတွေ ဖဲတွေ ကို ဝတ်ရမယ်၊ ဒီထက် ကံကောင်းတာ ရှိနိုင်ပါဦးမလား၊ ကဲ ... မြန်မြန် ဆုံး ဖြတ်ဗျာ၊ ရောင်းမလား မရောင်းဘူးလား။ ဒီကိစ္စပြတ်ဖို့ ကောင်းပြီ"

ကံလူ ➡➡"ကြားကော ကြားဖူးကြရဲ့လားဗျ၊ ငွေလေးတစ် ဆယ်ဆိုတော့ မလွန်လွန်းဘူးလား၊ ဒါပဲ ပေးသလား"

ကျောက်ဖြူးလူ ➡➡"ခင်ဗျား ရွာမှာတင်ပဲ ငွေသားတစ်ဆယ်ကို ရ အောင် ရှာကြည့်စမ်းပါဦး၊ ခင်ဗျားတို့ တောတွေမှာ ကလေးတစ်ယောက်ကို ဆန်တစ်စိတ်လောက်နဲ့တောင် ဝယ်လို့ရနေတာပဲဟာ"

ကံလူ ➠➠“ဟုတ် ... ဟုတ်ကဲ့၊ ဒီလိုဆိုရင်လဲ သမီးလေးနဲ့ တိုင်ပင်ကြည့်ပါရစေဦးဗျာ”

ကျောက်ဖြူးလူ ➠➠“ဒီမှာ ဦးကြီး၊ ခင်ဗျားကို ကျွန်တော် စကားကုန်ပြောလိုက်မယ်နော်၊ နောက်ထပ် ဒီလိုအခွင့်အရေးမျိုးရဖို့ မလွယ်တော့ဘူး။ အခွင့်အရေး လက်လွတ်သွားရင် ကျွန်တော့်ကို အပြစ်မဆိုနဲ့၊ ကဲ ... မေးမှာဖြင့် မြန်မြန်မေးချည်”

ကံလူ ➠➠“ကောင်းပါပြီ ချက်ချင်း ပြန်လာခဲ့ပါ့မယ်”

ကျောက်ဖြူးလူ ➠➠“ဟုတ်ပြီ၊ ကျွန်တော် စောင့်နေမယ်”

ကံလူ ခြေထောက်ကို တရွတ်ဆွဲ၍ ဆိုင်ထဲမှ ထွက်သွားသည်။

ကျောက်ဖြူးလူ ➠➠(ဘိုဆုံနှင့် ဘိုကျန်တို့ဆီ ထသွားကာ) “တောသားတွေဟာ တော်တော်စိတ်ပျက်စရာ ကောင်းတယ်ဗျာ၊ ဘာမှ ပြတ်ပြတ်သားသား မဆုံးဖြတ်တတ်ဘူး”

ဘိုဆုံ ➠➠“ဘာလဲဗျ၊ အထည်ကြီးကြီးထဲကလား”

ကျောက်ဖြူးလူ ➠➠“သိပ် မကြီးလှပါဘူးဗျာ၊ အဆင်ပြေလို့ အလုပ်ဖြစ်ရင်တော့ ကျွန်တော်တို့ ငွေသားနှစ်ဆယ်လောက် ကျန်မှာပေါ့”

ဘိုကျန် ➠➠“တောမှာ ဘာတွေ ဖြစ်နေသလဲဗျ၊ ဘာဖြစ်လို့ ကလေးတွေကို ရောင်းစားနေကြရတာလဲ”

ကျောက်ဖြူးလူ ➠➠“ဒါတော့ မပြောတတ်ဘူး၊ လူတွေကတော့ ပြောနေကြတာပဲ၊ ခွေးဖြစ်ရတာတောင် ပီကင်းမှာ လာပြီး ခွေးဖြစ်ရတာက ကောင်းတယ်တဲ့”

ဘိုကျန် ➠➠“ဒီလို အလုပ်မျိုးကို လုပ်တယ်ဆိုတာ တော်တော့် သတ္တိနဲ့လုပ်လို့ မရဘူးနော်”

ကျောက်ဖြူးလူ ➠➠“မတတ်နိုင်ဘူးလေ၊ ကျွန်တော်မှ ဝင်လုပ်မပေးရင် သူတို့မှာ ဝယ်မယ့်လူတွေ့မှာ မဟုတ်ဘူး။ (ချက်ချင်း စကားလွှဲလိုက်လျက်) ဒီမှာ ဘိုကျန် (အိတ်ထဲမှ အိတ်ဆောင် နာရီကလေးတစ်လုံးကို ထုတ်ယူလိုက်ကာ) ဟောဒီမှာ ကြည့်စမ်း”

ဘိုဆုံ ➠➠(နာရီကို ယူ၍) “အံမယ် ...တော်တော်လှတဲ့ နာရီလေးပါလား”

ကျောက်ဖြူးလူ ➠➠“နားထောင် ကြည့်စမ်းဗျ၊ တချက်ချက်နဲ့ သွားနေတာ”

ဘိုဆုံ ➠(နာရီသံကို နားထောင်ရင်း) "ဘယ်လောက်ပေး ရသလဲ"

ကျောက်ဖြူးလူ ➠"ဘာလဲ၊ သဘောကျလို့လား၊ ကြိုက်ရင် ယူ လေဗျာ၊ ငွေသားငါးကျပ်ပဲ ပေးပါ၊ ခင်ဗျား မလိုချင်ဘူးဆိုတဲ့ တစ်နေ့ကျတော့ ကျွန်တော် ပြန်ယူပါ့မယ်။ ခင်ဗျား ပိုက်ဆံကို အပြည့်ပြန်ပေးမယ်။ တစ်ပြား မပွန်းစေရဘူး၊ နာရီက အကောင်းစားဗျ၊ သားစဉ်မြေးဆက် အမွေထားခဲ့လို့ ရတယ်"

ဘိုကျန် ➠"ကျွန်တော်တို့မှာလဲ နိုင်ငံခြားပစ္စည်းတွေချည်း ပါလားဗျ၊ ကျွန်တော် နားမလည်နိုင်ဘူးဗျာ၊ ခင်ဗျားကိုပဲ ကြည့်လေ၊ ခင်ဗျား ကိုင်တဲ့ နှာဘူးကလဲ နိုင်ငံခြားဖြစ်၊ နာရီကလဲ နိုင်ငံခြားဖြစ်၊ ဝတ်ရုံကြီးကလဲ နိုင်ငံခြားကလာတဲ့ ဖဲနဲ့ ချုပ်ထားတာ၊ ဘောင်းဘီနဲ့အင်္ကျီကလဲ နိုင်ငံခြားက လာတဲ့ အစနဲ့ ချုပ်ထားတာ"

ကျောက်ဖြူးလူ ➠"ဒါကတော့ နိုင်ငံခြားက လာတဲ့ပစ္စည်းကမှ ကောင်းတာကိုးဗျ၊ ပြည်တွင်းဖြစ်တွေဝတ်ပြီးလျှောက်သွားနေရင် ကျွန်တော့်ပုံက ဖိနပ်ချုပ်သမားနဲ့ တူနေမှာပေါ့၊ ဘယ်သူက အဖက်လုပ်ပြီး စကားပြောမှာလဲ"

ဘိုကျန် ➠"ကျွန်တော်တို့ ပြည်တွင်းက ထွက်တဲ့ ဖဲတွေနဲ့ ဇက်ချွမ်း ပိုးထည်တွေက ပိုတောင် ကောင်းပါသေးတယ်ဗျာ"

ကျောက်ဖြူးလူ ➠"ဘိုဆုံရေ၊ ခင်ဗျားမှာ ဒီလိုနာရီမျိုး တစ်လုံး တော့ ရှိဖို့ကောင်းတယ်ဗျ၊ ခုခေတ်မှာ ဒီလို နိုင်ငံခြားဖြစ် နာရီကလေးတစ်လုံး လောက် ပတ်လိုက်ရင် လူရိုသေ ရှင်ရိုသေ ရှိတာပေါ့၊ မဟုတ်ဘူးလား"

ဘိုဆုံ ➠(နာရီကို ကြိုက်သော်လည်း ဈေးများနေသဖြင့်) "ကျွန်တော် ..."

ကျောက်ဖြူးလူ ➠"လိုချင်ရင် ယူထားလိုက်ပါ၊ နောက်မှ ပိုက်ဆံ ပေးတာပေါ့"

ထိုစဉ် စည်ပိုင်းဟုန် ဝင်လာသည်။

စည်ပိုင်းဟုန် ➠ (၎င်းမှာ မျက်ခမ်းစပ်ရောဂါ စွဲနေသဖြင့် မျက်စိ မှုန်သူဖြစ်သည်။ စည်ပိုင်းဟုန်သည် လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်လျှင် ဒူးတစ်ဖက်ကို ညွတ်၍ အရိုအသေပြုလိုက်လျက် ...) "ရဲဘော်တို့အားလုံးကို လေးစားပါတယ်ဗျာ၊ ကျုပ်တို့အားလုံးဟာ ညီနောင်ရင်းတွေချည်းပဲ၊ ဒီတော့ တစ်ယောက်တစ်ယောက် သည်းခံပြီး စိတ်ကောင်းလေးတစ်ခု ထားကြပါ"

ဝမ်လီဖ ➡➡"ဆရာကြီး ... အဲဒါက ဆရာကြီး တွေ့ချင်တဲ့ လူတွေ မဟုတ်ဘူးခင်ဗျ၊ ဆရာကြီးရဲ့ လူတွေက ဆိုင်နောက်က ကနားဖျင်းထဲမှာ"

စည်ပိုင်းဟုန် ➡➡"အင်း ... ကျုပ်မျက်လုံးတွေကလဲ တယ် မကောင်းချင်ဘူးဗျ၊ ဝမ်လီဖရေ သူတို့အတွက် ခေါက်ဆွဲကြော် ချပေးဗျာ၊ စည်ပိုင်းဟုန် ကိုယ်တိုင် ရောက်နေမှတော့ သတ်တာ ပုတ်တာတွေ ရှိလို့ ဘယ်ဖြစ်မလဲဗျာ"

ဆိုင်နောက်ဖေးကွက်လပ်ရှိ ကနားဖျင်းဆီသို့ သွားသည်။

အာဒိ ➡➡(စည်ပိုင်းဟုန်ကို လာကြိုရင်း) "နှစ်ဖက်စလုံးတော့ လူစုံပြီခင်ဗျ၊ ဆရာကြီး မြန်မြန်ကြွပါ"

အာဒိနှင့် စည်ပိုင်းဟုန်တို့သည် လက်ဖက်ရည်ဆိုင် နောက်ဘက်သို့ ထွက်သွားကြသည်။

စားပွဲထိုးများသည် နောက်ဖေးကွက်လပ်ရှိ ကနားဖျင်းထဲတွင် လက်ဖက်ရည်ဝိုင်းပြင်ရန်အတွက် ရေနွေးအိုးများကို ယူသွားရင်းအလုပ်များနေကြသည်။ ထိုစဉ် အဘိုးအိုကြီး တစ်ယောက်သည် သတ္တုသွားကြားထိုးတံများ၊ နားဖာကလော်များ၊ မုတ်ဆိတ်ဖြီးသည့် ဘီးများကို တွဲလောင်းဆွဲ၍ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်။ စားပွဲတစ်လုံးမှ တစ်လုံးသို့ ကူးကာ မိမိပါလာသည့် ပစ္စည်းများကို ရောင်းသည်။ သို့ရာတွင် သူ့ပစ္စည်းများကို မည်သူကမျှ အရေးတယူလုပ်၍ မကြည့်ကြ၊ အဘိုးအိုသည် နောက်ဖေးကွက်လပ်သို့ ထွက်မည်ပြုသည့်အခါ၌ စားပွဲထိုးလီစန်က ဆီး၍တားသည်။

လီစန် ➡➡"အဘိုးကြီး တခြားကို သွားရောင်းလေ၊ ကနားဖျင်းထဲမှာ ဆွေးနွေးပွဲ လုပ်နေတယ်။ အဘိုးကြီး ပစ္စည်းတွေကို ဘယ်သူမှ ဝယ်မှာ မဟုတ်ဘူး" (သူများသောက်ပြီးသား လက်ဖက်ရည်အကျန်များကို ပေးသည်။)

ဘိုဆုံ ➡➡(ခပ်တိုးတိုးဖြင့်) "လီစန်ရေ၊ (ကနားဖျင်းဆီသို့ လက်ညှိုးထိုးပြလျက်) ဘာဖြစ်လို့လဲကွ ဘာကိစ္စ စောင့်နေကြတာလဲ"

လီစန် ➡➡(လေသံဖြင့်) "ခိုကလေးတစ်ကောင်ကြောင့်ဗျို့၊ ခိုက ချန်တို့ အိမ်ဝိုင်းထဲကနေ လီတို့ အပိုင်းဘက်ကို ကျသွားတယ်။ လီက ပြန်မပေးဘူး၊ ဝေးဝေးရှောင်နေတာ ကောင်းတယ်နော်၊ (အဘိုးအိုဘက်သို့ လှည့်၍) အဘိုးကြီး အသက် တော်တော်ကြီးပြီ ထင်တယ်"

အဘိုးအို ➡➡(လက်ဖက်ရည် အကြွင်းအကျန်ကို သောက်ရင်း) "အင်း ... ကျေးဇူးကြီးပါပေတယ်ဗျာ၊ ကျုပ်လား အသက်ရှစ်ဆယ့်နှစ်နှစ်ရှိပြီဗျ၊ သားထောက်သမီးခံလဲ မရှိဘူး။ ခုခေတ်မှာ လူဖြစ်ရတာထက် ခွေးဖြစ်ရတာက ကောင်းပါသေးတယ်ကွယ်၊ ဒုက္ခ ဒုက္ခ" (ဖြည်းညင်းစွာ ထွက်သွားသည်)

ကျင်ချုံကြိုသည် ကျကျနန ဝတ်စားကား ရွှင်လန်းစွာ ဝင်လာ၏။

ဝမ်လီဖ ➡➡"အလို ... ဆရာလေးကျင်ပါလား၊ လက်ဖက်ရည်ဆိုင်လာဖို့ အချိန်ကော ရလို့လား ဆရာလေးရယ်၊ တပည့်မပါ ဘာမပါနဲ့ တစ်ယောက်တည်းရယ်"

ကျင်ချုံကြို ➡➡"ခင်ဗျားလို လူငယ်တစ်ယောက်က ဒီလုပ်ငန်းကြီးတစ်ခုကို ဦးစီးနိုင်ရဲ့လားလို့ လာကြည့်တာပါဗျာ"

ဝမ်လီဖ ➡➡"ဒီလိုပေါ့ ဆရာလေးရယ်၊ လုပ်ရင်း တတ်သွားတာပေါ့၊ မတတ်လို့လဲ မရဘူးလေ၊ ကိုယ့်လုပ်ငန်းဖြစ်နေပြီကိုး၊ အဖေက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတော့ ကျွန်တော်ပဲ ဆက်လုပ်ရတာပေါ့၊ ဖောက်သည်တွေက ကျွန်တော့်အဖေရဲ့ မိတ်ဆွေဟောင်းတွေဆိုတော့ တော်သေးတာပေါ့၊ အမှားအယွင်းရှိရင်လည်း သည်းခံကြပါတယ်။ လက်ဖက်ရည်ဆိုင် ဖွင့်တယ်ဆိုတာ လူအမျိုးမျိုးနဲ့ သင့်မြတ်အောင် ပေါင်းတတ်ရမယ် မဟုတ်လား။ ကျွန်တော်လည်း အဖေ့ရဲ့နည်းနာတွေကို ယူပါတယ်။ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ်၊ ဂါရဝတရားတွေ ရှေ့ထားတယ်၊ အားလုံးကို ကျေနပ်အောင် လုပ်ပေးတယ်။ ဒီတော့ အနှောင့်အယှက် ကြီးကြီးမားမားရယ်လို့ မရှိလှဘူးပေါ့ ခင်ဗျာ၊ ထိုင်ပါ ဆရာလေး၊ ကျွန်တော်တို့ ဆိုင်က အကောင်းဆုံး လက်ဖက်ရည်ကလေး တစ်ခွက်လောက် သုံးဆောင်သွားပါဦး"

ကျင်ချုံကြို ➡➡"မသောက်ပါရစေနဲ့တော့ဗျာ၊ ထိုင်လဲ မထိုင်တော့ပါဘူး"

ဝမ်လီဖ ➡➡"ခဏဖြစ်ဖြစ်ပေါ့ ခင်ဗျာ၊ ကျွန်တော့်ကို ချီးမြှင့်သောအားဖြင့်ပေါ့"

ကျင်ချုံကြို ➡➡"ကဲ ... ဒီလိုဆိုရင်လဲ ထိုင်ရတာပေါ့ဗျာ။ (ထိုင်သည်။) ဒါပေမဲ့ တခမ်းတနား မလုပ်ပါနဲ့ဗျာ"

ဝမ်လီဖ ➡➡"လီစန်ရေ ... တို့ဆိုင်က လက်ဖက်ခြောက်အကောင်းစားနဲ့ တစ်ခွက် ဖျော်ခဲ့စမ်းဟေ့၊ ဘယ့်နှယ်လဲ ဆရာလေး၊ အိမ်သား

တွေကော နေထိုင်ကောင်းကြတယ်နော်၊ အလုပ်အကိုင်ကော အဆင်ပြေရဲ့ မဟုတ်လား၊ ဟန်ကျမှာပေါ့"

ကျင်ချုံကို ➡➡"သိပ် မဟန်ဘူးဗျ"

ဝမ်လီဖ ➡➡"ဒါပေမဲ့ ဆရာလေးတို့က ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ လုပ်ငန်းကိုင်ငန်းတွေက အများကြီး မဟုတ်လား၊ ဆရာလေးတို့ ဆင်းရဲတယ်ဆိုတာ ကျွန်တော်တို့ တစ်သက်စာ ချမ်းသာသလောက် ရှိပါတယ်၊ ပိုချင်သာ ပိုမယ်"

ဗေဒင်ဆရာတန်➡➡(သူတို့အနီးသို့ တိုးလာကာ) "တော်တော်ထူးခြားတဲ့ အင်္ဂါရုပ်ပဲ ခင်ဗျာ၊ နဖူးက တော်တော် ဉာဏ်ပညာ ထက်မြက်တဲ့ နဖူးဗျ၊ မေးရိုးက သူတစ်ပါးကို ဩဇာပေးနိုင်တဲ့ မေးရိုး၊ နန်းရင်းဝန်တို့ ဘာတို့ ဖြစ်မယ့် လက္ခဏာမျိုးတော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ တော်တော့်ကို စည်းစိမ် ချမ်းသာနဲ့ ကြွယ်ဝမယ့် ဥပဓိရုပ်မျိုး"

ကျင်ချုံကို ➡➡"တော်စမ်းပါဗျာ၊ အသာနေစမ်းပါ"

ဝမ်လီဖ ➡➡"ဒီမှာ ဆရာတန်၊ လက်ဖက်ရည်လဲ သောက်ပြီးပြီပဲဗျာ၊ တခြား သွားဟောချည်ပါတော့လား" (ဗေဒင်ဆရာကို အသာတွန်းလိုက်သည်။)

ဗေဒင်ဆရာတန်➡➡"ကောင်းပါပြီဗျာ ... ကောင်းပါပြီ" (စိတ်ပျက်လက်ပျက်ဖြင့် အပြင်သို့ ထွက်သွားသည်)

ကျင်ချုံကို ➡➡"ကဲ ... ဝမ်လီဖရေ၊ ပြောရတော့မှာပဲ၊ ခင်ဗျားတို့ ဆိုင်ခန်းလခကို တိုးတောင်းရတော့မယ်၊ ဘယ်လို သဘောရသလဲ၊ ခင်ဗျားအဖေ လက်ထက်တုန်းကတည်းက ပေးခဲ့တဲ့ ဆိုင်ခန်းလခက ဘာမှ မဖြစ်လောက်ဘူး၊ ကျွန်တော့်အနေနဲ့ ပြောရရင် လက်ဖက်ရည်ဖိုးတောင် မရှိချင်ဘူး"

ဝမ်လီဖ ➡➡"မှန်ပါတယ်ဗျာ၊ ဆရာလေး ပြောတာ ဟုတ်ပါတယ်။ ဒီလောက်ကိစ္စကလေးကိုတော့ ဆရာလေးကိုယ်တိုင်တောင် လာတောင်းဖို့ပြောဖို့ မလိုပါဘူး။ ဆရာလေးရဲ့ စာရေးကို လွှတ်လိုက်ရင် ပြီးပါတယ်။ ကျွန်တော် သူနဲ့ ပြောမှာပေါ့၊ မတန်တဆ မဟုတ်ရင် ကျွန်တော့်ဘက်ကလဲ ပေးမှာပါ၊ စိတ်ချပါ"

ကျင်ချုံကို ➡➡"တော်ပါဗျာ၊ ခင်ဗျားက ခင်ဗျားအဖေထက်တောင် လည်တဲ့လူ၊ တစ်နေ့ကျရင်တော့ ကျွန်တော့်အခန်းကို ပြန်လိုချင်တယ်ဗျာ"

ဝမ်လီဖ ➟➟"ဆရာလေးကလဲ နောက်နေပြန်ပြီဗျာ၊ ဆရာလေးမှာ ကျွန်တော် ကောင်းစားစေချင်တဲ့ စေတနာ ရှိတယ်ဆိုတာကို ကျွန်တော် သိပြီသားပါ၊ ကျွန်တော့်ကို လမ်းဘေးမှာ မြေကရားကလေး တစ်လုံးနဲ့ လက်ဖက်ရည် ရောင်းရတဲ့ အဖြစ်ရောက်အောင် ဘယ်တော့မှ နှင်ထုတ်မှာ မဟုတ်ပါဘူး"

ကျင်ချုံကျို ➟➟"ကြည့်ဦးပေါ့ဗျာ"

အသက်ခပ်ငယ်ငယ် သူငယ်မလေးတစ်ယောက်ကို လက်ဆွဲ၍ လယ်သူမကြီး ဝင်လာသည်။ မိန်းကလေး၏ ခေါင်းတွင် ကောက်ရိုးတစ်မျှင်ကို ထိုးထားသည်။ ရောင်းမည်ဆိုသည့် သဘောဖြစ်သည်။ လီစန်က သူတို့သားအမိနှစ်ယောက်ကို တားမည်ပြုသော်လည်း သနားသဖြင့် ဝင်ခွင့်ပြုလိုက်သည်။ သူတို့နှစ်ယောက်သည် လက်ဖက်ရည်ဆိုင်ထဲသို့ မရဲတရဲဖြင့် ဝင်လာကြသည်။ လက်ဖက်ရည်သောက်သူများမှာ ဆူညံစွာ စကားပြောဆိုနေခြင်းကို ရပ်၍ သူတို့ကို ကြည့်နေသည်။

သူငယ်မလေး➟➟(ဆိုင်အလယ်တွင် ရပ်၍) "ဆာလိုက်တာ အမေရယ်၊ သိပ်ဆာတာပဲ"

လယ်သူမသည် သူငယ်မလေးကို ခပ်ကြောင်ကြောင် ကြည့်နေသည်။ ရုတ်တရက် ဒူးတွေ ပျော့ခွေသွားပြီး ကြမ်းပြင်ပေါ်သို့ ထိုင်ချကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ရှိုက်နေသည်။

ကျင်ချုံကျို ➟➟(ဝမ်လီဖသို့လှမ်း၍) "မောင်းထုတ် လိုက်စမ်းဗျာ"

ဝမ်လီဖ ➟➟"ကောင်းပါပြီ ဆရာလေး၊ ဟော့ ... သွား သွား၊ ဒီဆိုင်ထဲကို မလာနဲ့"

လယ်သူမ ➟➟"ကျေးဇူးရှင်များတော် သနားသဖြင့် ဒီကလေးကို ဝယ်တော်မူလိုက်ကြပါ၊ နှစ်ကျပ်ပဲ ပေးပါ"

ဘိုကျန် ➟➟"လီစန်ရေ၊ သူတို့နှစ်ယောက်ကို အပြင်ခေါ်ပြီး ခေါက်ဆွဲ တစ်ယောက်တစ်လုံးစီ ကျွေးလိုက်ပါကွာ"

လီစန် ➟➟"ဟုတ်ကဲ့ (သူတို့အနီးသို့သွားကာ) ကဲ ... ထ ... ထ၊ ဆိုင်အဝမှာ သွားနေချည်၊ ခင်ဗျားတို့ဖို့ ခေါက်ဆွဲ ယူခဲ့ပေးမယ်"

လယ်သူမ ➟➟(မျက်ရည်များကို သုတ်၍ ထိုင်ရာမှထကာ ဆိုင် ဝသို့ သွားသည်။ ကြောင်တောင်တောင်ဖြစ်ကာ ကလေးငယ်ကို မေ့သွား

သည်။ ခြေလှမ်း အနည်း ငယ်လှမ်းပြီးမှ ပြန်လှည့်လာကာ ကလေးငယ်ကို ချီ၍ နမ်းသည်။) "သမီးလေးရေ"

ဝမ်လီဖ ➠➠"ကဲ ... ကဲ သွားကြ"

လယ်သူမနှင့် ကလေးမကလေးတို့ ထွက်သွားကြသည်။ ခဏကြာလျှင် လီစန်သည် ခေါက်ဆွဲပန်းကန် နှစ်လုံးကို ကိုင်၍ လိုက်သွားသည်။

ဝမ်လီဖ ➠➠(ဘိုကျန် အနီးသို့လာကာ) "ဘိုကျန်ရေ ခင်ဗျား ကတော့ သူတို့ကို သနားလို့ ခေါက်ဆွဲလေး ဘာလေး ကျွေးတာပဲ၊ ဒါပေမယ့် ဒါမျိုးတွေက တစ်ပုံကြီးဗျ၊ အများကြီးပဲ၊ သူတို့အားလုံးကို ခင်ဗျား ဘယ့်နှယ် လုပ်ကူညီနိုင်မှာလဲ၊ (ကျင်ချူကို ဘက်သို့ လှည့်၍) ကျွန်တော်ပြောတာ မဟုတ်ဘူးလား ဆရာလေး"

ဘိုကျန် ➠➠(ဘိုဆုံဘက်သို့ လှည့်၍) "ကျုပ်တို့ ချင်မင်းဆက် နိုင်ငံတော်ကြီးတော့ ပျက်စီးတော့မယ် ထင်တယ်"

ကျင်ချူကို ➠➠(စိတ်တိုလျက်) "နိုင်ငံတော်ကြီး ပျက်စီးတယ် မပျက်စီးဘူးဆိုတာ မရှိ ဆင်းရဲသားတွေကို ခေါက်ဆွဲကလေး တစ်လုံး ကျွေးတာပေါ်မှာ မတည်ပါဘူး။ ဗျို့ ... ဝမ်လီဖ၊ ကျုပ် အတည်ပြောနေတာ၊ ကျုပ် ဆိုင်ခန်းကို ပြန်လိုချင်တယ်"

ဝမ်လီဖ ➠➠"ဘယ်ဖြစ်မလဲ ဆရာလေးရယ်"

ကျင်ချူကို ➠➠"ဘာလို့ မဖြစ်ရမှာလဲ အိမ်တွေတင် မကဘူး။ မြို့ထဲမှာ ရှိတဲ့ဆိုင်ခန်းတွေကိုရော ဟောဟိုမှာရှိတဲ့ မြေတွေကိုရော ကျွန်တော် ရောင်းပစ်တော့မယ်"

ဝမ်လီဖ ➠➠"ဟာ ... ဘာဖြစ်လို့လဲ၊ ဆရာလေး"

ကျင်ချူကို ➠➠"ရှိတဲ့ အရင်းအနှီးတွေ အကုန်စုပြီး စက်ရုံတစ်ရုံ ထောင်မလို့ဗျ"

ဝမ်လီဖ ➠➠"စက်ရုံ ထောင်မလို့ ဟုတ်လား"

ကျင်ချူကို ➠➠"ဟုတ်တယ်၊ စက်ရုံမှ စက်ရုံကြီး အကြီးကြီး၊ ဒါမှ မရှိဆင်းရဲသားတွေကို ကူညီထောက်ပံ့နိုင်မယ်။ နိုင်ငံခြား ကုန်ပစ္စည်းတွေ နေရာမှာ အစားထိုးနိုင်မယ်။ ကျုပ်တို့ တိုင်းပြည်ကြီးကို ကယ်တင်နိုင်မယ် (ဝမ်လီဖကို ပြောနေခြင်းဖြစ်သည့်တိုင် မျက်လုံးများက ဘိုကျန်ကို ကြည့်လျက်) ဒါပေမဲ့ ဒါတွေကို ခင်ဗျား ပြောနေလို့လဲ အပိုပါပဲ။ ခင်ဗျား ဉာဏ်မီမှာ မဟုတ်ဘူး"

ဝမ်လီဖ ➡➡"ဒါဖြင့် ဆရာလေးဟာ ကိုယ့်ပစ္စည်းတွေကို သူများတွေအတွက် စွန့်လွှတ်ပစ်လိုက်တော့မယ်ပေါ့၊ ကိုယ့်အတွက် မစဉ်းစားတော့ဘူးပေါ့"

ကျင်ချုံကို ➡➡ "ခင်ဗျား နားလည်မှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ တိုင်းပြည်ပြီး တောင့်တင်းချမ်းသာအောင် လုပ်ဖို့ရာဟာ နည်းတစ်နည်းပဲ ရှိတော့တယ်။ ကဲ ... သွားဦးမယ်ဗျာ၊ ခင်ဗျား လုပ်ငန်းကိုင်ငန်း ကောင်းတာကို ကိုယ်တိုင် မြင်ခဲ့ရပြီ၊ ဒီတော့ ဆိုင်ခန်းခ တိုးမပေးချင်တာနဲ့ ဝေ့လည်ကြောင်ပတ်တော့ မလုပ်နဲ့ဗျာ"

ဝမ်လီဖ ➡➡"ခဏနေဦးလေ၊ ကျွန်တော် မြင်းလှည်းတစ်စီးငှားပေးလိုက်မယ်"

ကျင်ချုံကို ➡➡"ရပါတယ်၊ ခြေကျင်ပဲလျှောက်သွားတော့မယ်"

ဝမ်လီဖက ဆိုင်ပေါက်အထိ လိုက်ပို့၍ ကျင်ချုံကိုလည်း ထွက်သွားသည်။ မိန်းမစိုးမှူးကြီး ပန်သည် လက်ထဲတွင် ပြောင်းတစ်လုံးကို ကိုင်၍ ထားသော ရှောက်နွှာ၏ ပခုံးကိုတွဲကိုင်၍ ဆိုင်ထဲသို့ ဝင်လာသည်။

မိန်းမစိုးကြီးပန် ➡➡"အလို ... ဆရာလေး ကျင် ပါကလား"

ကျင်ချုံကို ➡➡"အလို ... စိုးမှူးကြီးပါကလား၊ စိုးမှူးကြီးကို ကြည့်ရတာ ခုတလောမှာ တော်တော်လေး လန်းလန်းဆန်းဆန်းရှိတယ်နော်"

မိန်းမစိုးပန် ➡➡"ဟုတ်ပ့ါဗျာ၊ တိုင်းပြည်ကြီး အေးချမ်းသာယာပေတာကိုးဗျ။ ဘုရင့်အမိန့်တော် ပြန်တမ်းလဲ ထုတ်ပြန်ပြီးပြီလေ၊ တန်စီထုန်ကိုလဲ သေဒဏ်ပေးလိုက်ပြီ မှတ်ကရောပေါ့၊ ကျုပ်တို့ ဘိုးဘေးအစဉ် အဆက်ချမှတ်ခဲ့တဲ့ ဥပဒေတွေကို ဖောက်ဖျက်ရဲရင် ဖောက်ဖျက်ကြပေါ့၊ ခေါင်းဖြတ်ခံရမှာပေါ့"

ကျင်ချုံကို ➡➡"ကျွန်တော်တို့ကတော့ ဥပဒေကို ရိုသေပြီးသားပါပဲ ခင်ဗျာ"

လက်ဖက်ရည်ဆိုင်ရှိသူများမှာ တိတ်ဆိတ်သွားကာ သူတို့စကားကို နားထောင်နေကြသည်။

မိန်းမစိုးပန် ➡➡"ဆရာလေး တော်တယ်၊ ဒါကြောင့်မို့ ဆရာလေး ကြီးပွားချမ်းသာတာ"

ကျင်ချုံကို ➡➡"ကျွန်တော့် စည်းစိမ်ဥစ္စာကလေးက မပြောပလောက်ပါဘူး ခင်ဗျာ"

မိန်းမစိုးပန် ➠"ကိုယ့်ကိုယ်ကို ဒီလောက်လဲ မနှိမ့်ချစမ်းပါနဲ့ ဆရာလေးရဲ့၊ ဆရာလေး ကျင်ချိုကျိုဆိုရင် ပီကင်းတစ်မြို့လုံးက သိနေကြပါတယ်။ ဆရာလေးက ကျုပ်တို့ မှူးမတ်တွေထက်တောင် တန်ခိုးထွားသေးတာပဲ။ ဒါထက် နေစမ်းပါဦး ဆရာလေးရဲ့၊ လူချမ်းသာတွေက ခေတ်ပြင်သမားတွေကို ထောက်ခံကြတယ်ဆို သတင်းသန့်သန့်ကြားနေရလို့"

ကျင်ချိုကျို ➠"ဟုတ်မယ် မထင်ပါဘူး ခင်ဗျာ၊ ကျွန်တော်သြဇာရှိတယ်ဆိုတာလဲ စိုးမှူးကြီး ပန်တို့ရဲ့ တန်ခိုးသြဇာနဲ့စာရင် ဘာဟုတ်သေးလို့လဲ ... ဟား ... ဟား"

မိန်းမစိုးပန် ➠"စကားကတော့ လှပါပေရဲ့ဗျာ။ ဆရာလေးတို့ လူချမ်းသာတွေနဲ့ ကျုပ်တို့ မှူးမတ်တွေ ဘယ်သူက ပိုပြီးသြဇာရှိတယ်ဆိုတာ ကြည့်ရသေးတာပ၊ ဟား ... ဟား ... ဟား"

ကျင်ချိုကျို ➠"နောက်များမှ စိုးမှူးကြီးဆီကို အလည်လာပါဦးမယ် ခင်ဗျာ၊ ခွင့်ပြုပါဦး"(ထွက်သွားသည်။)

မိန်းမစိုးပန် ➠(တစ်ယောက်တည်း ပြောနေသည်။) "ဒင်းတို့လို နောက်ပေါက် သူဌေးလေးတွေကတောင် တို့ကို ခပ်ငေါ့ငေါ့ ပြောနေကြပါကလားဟရို့၊ ခေတ်ကြီးများ ပြောင်းသွားပြီလား မသိပါဘူး။ (ဝမ်လီဖ ဘက်သို့ လှည့်၍) ကျောက်ဖြုံးလူ ရှိသလားဟေ့"

ဝမ်လီဖ ➠"ကြွပါခင်ဗျာ" (ကျောက်ဖြုံးလူသည် ဆိုင်ထဲသို့ ဝင်လာသော မိန်းမစိုးကြီးပန်ကို မြင်လိုက်သည်။ သို့ရာတွင် ကျင်ချိုကျိုနှင့် စကားပြောနေသဖြင့် နှုတ်မဆက်ခြင်း ဖြစ်သည်။)

ကျောက်ဖြုံးလူ ➠"အို ... သခင်ကြီးပါလားခင်ဗျ၊ သခင်ကြီးကို နတ်သိကြားများ စောင်မတော်မူပါစေဗျား၊ သခင်ကြီးကို စောင့်နေတာကြာလှပြီ ခင်ဗျ"(မိန်းမစိုးကြီးပန်အား တွဲ၍ထိုင်စေသည်။)

စုန်အန့်နှင့် ဂူကျန့်တို့ ထလာပြီး မိန်းမစိုးကြီးကို ဂါရဝပြုကြသည်။ မိန်းမစိုးကြီးက ၎င်းတို့နှစ်ဦးအား တစ်စုံတစ်ရာ တီးတိုးပြောသည်။

လက်ဖက်ရည်ဆိုင်တွင်းမှ လူများသည် အတန်ကြာမျှ တိတ်ဆိတ်နေကြပြီးနောက် စကားဆက်ပြောနေကြသည်။

ပထမလူ ➠"တန်စံဟုန်ဆိုတာ ဘယ်သူလဲဗျ"

ဒုတိယလူ ➟➟"နာမည်တော့ ကြားဖူးသလိုလိုပဲ၊ ရာဇဝတ်မှု ကြီးတစ်ခုခုကို ကျူးလွန်လို့ဖြစ်မှာပေါ့၊ မကျူးလွန်ရင် ဘာဖြစ်လို့ သေဒဏ် ပေးခံရမှာလဲ"

တတိယလူ ➟➟"ခုနစ်လ သုံးလလောက်အတွင်းမှာ မူးမတ် အချို့နဲ့ ပညာရှိအချို့က တိုင်းပြည်ဆူအောင်လုပ်နေတယ်ဗျာ၊ ဘာကြောင့် ဒီလို လုပ်နေတယ်ဆိုတာတော့ ကျုပ်လဲ မပြောတတ်ဘူး"

စတုတ္ထလူ ➟➟"တစ်ခုတော့ သေချာတယ်ဗျ၊ ကျုပ်တို့ မန်ချူး မင်းမျိုးမင်းနွယ်တွေရတဲ့ ထောက်ပံ့ကြေးကလေးတော့ ပြုတ်မှာ မဟုတ်ဘူး။ တန်စီတုံနဲ့ ကန်ယူဝေဆိုတဲ့ လူတွေက ကျုပ်တို့ကိုပေးတဲ့ ထောက်ပံ့ကြေးတွေ ကို ရပ်ဆိုင်းပစ်ရမယ်။ ကျုပ်တို့ဘာသာ လုပ်ကိုင်စားသောက်ရမယ်လို့ ပြောသတဲ့ဗျ၊ ဒါကတော့ သက်သက်ကပျက်ယပျက် လုပ်တာပဲ"

တတိယလူ ➟➟"ကျုပ်တို့ ရတာကလဲ မဖြစ်လောက်ပါဘူးဗျာ။ အဆီအနှစ်မှန်သမျှကို ကျုပ်တို့ အထက်က လူတွေက စားသောက်နေတာပဲ၊ ထောက်ပံ့ကြေးရရ မရရ ကျုပ်တို့အဖို့ကတော့ ခွေးသာသာပါ"

စတုတ္ထလူ ➟➟"ဘာမှ မရတာထက်တော့ တော်သေးတာပေါ့ ဗျာ၊ သေရတာထက်တော့ ခွေးဖြစ်ရတာက ကောင်းတာပေါ့၊ ကျုပ်ဟာ ကိုယ့် ဘာသာကိုယ် လုပ်ကိုင်စားရရင်တော့ ငတ်လို့သေရချည်ရဲ့"

ဝမ်လီဖ ➟➟"မိတ်ဆွေကြီးတို့ဗျာ၊ တိုင်းရေးပြည်ရေးတွေကို မပြောကြပါနဲ့"

လက်ဖက်ရည်ဆိုင်ထဲရှိ လူများသည် ငြိမ်သက်သွားကာ မိမိတို့ ကိုယ်ရေးကိုယ်တာ အကြောင်းများကို ပြောဆိုနေကြသည်။

မိန်းမစိုးပန် ➟➟(ကုလားထိုင်တွင် ထိုင်ပြီးသားဖြစ်ရာမှ) "ဘာ တောက ကောင်မလေးတစ်ယောက်ကိုတောင် ငွေသားနှစ်ရာ ပေးရမယ်ဟုတ်စ"

ကျောက်ဖြူးလူ ➟➟(ပြူစုရန် အေးတွင် ရပ်လျက်ရှိရာမှ) "တောသူ တော့ တောသူပဲခင်ဗျ၊ ဒါပေမဲ့ ကောင်မလေးက မက်မုံသီးများလို ရွှန်းစိုလို့ ခင်ဗျ၊ မြို့ရောက်လို့ ပြုပြင်ပြီးပြင်လိုက် ဆင်လိုက် ဖြီးလိမ်းလိုက်ရင် သခင်ကြီး လက်ထဲမှာ အယဉ်အနုတွေ စုနေတဲ့ အလှမယ် တစ်ယောက်ဖြစ်လာမှာပဲ ခင်ဗျ၊ သခင်ကြီးကို ကိုယ့်အဖေ အရင်းထက်တောင် သခင်ကြီးရဲ့အကျိုးဆောင်ပေးခဲ့ တာပါခင်ဗျာ၊ သခင်ကြီးရဲ့အကျိုးကို ဆောင်ရမယ်ဆိုရင် ရင်နှစ်ခြမ်း ဖြန်းဖြန်း ကွဲသွားပါစေ"

ဗေဒင်ဆရာတန် ဝင်လာပြန်သည်။

ဝမ်လီဖ ➡➡"ဗျို့ ... ဗေဒင်ဆရာ ဘာလို့ လာပြန်တာတုံး"

ဗေဒင်ဆရာတန်➡➡"လမ်းတွေပေါ်မှာ စစ်သားတွေ၊ မြင်းသည်တော်တွေ ပြည့်လို့ပါကလားဗျ၊ ဘာဖြစ်လို့တုံး"

မိန်းမစိုးပန် ➡➡"တန်စံဟုန်ရဲ့ ဘက်သားတွေ လိုက်ရှာနေတာပေါ့ကွာ၊ မစိုးရိမ်ပါနဲ့၊ မင်းကို ဘယ်သူကမှ လက်ဖျားနဲ့ မတို့ပါဘူး"

ဗေဒင်ဆရာတန်➡➡"ကျေးဇူးကြီးပါတယ် သခင်ကြီးရယ်။ သခင်ကြီး စပ်ထားတဲ့ ဘိန်းထဲက ကျွန်တော့်ကို တစ်မှုန့်နှစ်မှုန့်လောက် သနားရင် သခင်ကြီး ကျေးဇူးကို ဘယ်တော့မှ ဆပ်လို့ကုန်မှာ မဟုတ်ပါဘူး"

ရုတ်ရုတ်သဲသဲဖြစ်တော့မည်ကို သတိထားမိသည့်အတွက် လက်ဖက်ရည်ဆိုင်ထဲမှ လူများသည် တစ်ယောက်ပြီးတစ်ယောက် အလျှိုအလျှို ထွက်သွားကြသည်။

ဘိုဆုံ ➡➡"ကျုပ်တို့လဲ သွားကြည့်စို့၊ တော်တော်တောင် နေမြင့်နေပြီ"

ဘိုကျန် ➡➡"သွားလေ ... သဘောပဲ"

မီးခိုးရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ထားသည့် စုန်အန့်နှင့် ဝူကျန့်တို့သည် သူတို့အနီးသို့ ကပ်လာကြသည်။

စုန်အန့် ➡➡"ဒီမှာ ခဏ"

ဘိုကျန့် ➡➡"ဗျာ ... ဘာကိစ္စပါလိမ့်"

စုန်အန့် ➡ ➡ "ချင်မင်းဆက် နိုင်ငံတော်ကြီး ပျက်စီးတော့မယ် လို့ စောစောက ပြောသွားတာ ခင်ဗျား မဟုတ်လား"

ဘိုကျန့် ➡➡"ဗျာ ... ကျွန်တော်လား၊ ကျွန်တော်လဲ တိုင်းပြည်ကို ချစ်တာပဲဗျာ၊ ဘယ်မှာ ပျက်စီးစေချင်ပါ့မလဲ"

ဝူကျန့် ➡➡(ဘိုဆုံဘက်သို့လှည့်၍) "သူပြောတာကို ခင်ဗျား ကြားတယ် မဟုတ်လား"

ဘိုဆုံ ➡➡"မိတ်ဆွေတို့ရာ ကျွန်တော်တို့ ဒီလက်ဖက်ရည်ဆိုင် လာနေကျလူတွေပါ၊ ကျွန်တော့်တို့အကြောင်းကို ဆိုင်ရှင်ကောင်းကောင်း သိပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ တရားဥပဒေကို လေးစားတဲ့ လူတွေပါ"

ဂူကျန့် ➡➡“ကျုပ် မေးနေတာက သူပြောတဲ့စကားကို ကြားမကြား မေးနေတာဗျ”

ဘိုဆုံ ➡➡“ကျွန်တော်တို့ ရှင်းပြပါဦးမယ်ဗျာ၊ ခဏ ထိုင်ကြပါဦး”

ဂူကျန့် ➡➡“ဘာလဲ ... ခင်ဗျား ကျုပ်မေးတာကို မဖြေနိုင်ဘူး ပေါ့၊ ခင်ဗျားကိုပါ ဆွဲသွားရမလား၊ ချင်မင်းဆက် နိုင်ငံတော်ကြီး ပျက်စီးပြီလို့ ပြောနေတယ် မဟုတ်လား၊ ခင်ဗျားဟာ တန်စံဟုန်ရဲ့ နောက်လိုက်ဖြစ်ရမယ်”

ဘိုဆုံ ➡➡“မ ... မဟုတ်ပါဘူးဗျာ၊ ကျွန်တော့် သူ့နာမည်ကို ကြားဖူးရုံပဲ ကြားဖူးပါတယ်။ သူပြောတာက ...”

စုန်အန့် ➡➡“ကဲ ... လိုက်ခဲ့ပါ”

ဘိုကျန် ➡➡“ဘယ်ကို လိုက်ရမှာလဲ၊ အကျိုးအကြောင်းတော့ ပြောဦးမှပေါ့”

စုန့်အန့် ➡➡“ဩ ... ခင်ဗျားကအဖမ်းမခံဘူးပေါ့၊ ဒီမှာ ကျုပ် လက်ထဲမှာ တရားဥပဒေပါတယ်” (ဝတ်ရုံထဲမှလက်ထိတ်ကို ထုတ်ပြသည်)

ဘိုကျန် ➡➡“ကျွန်တော် မန်ချူးမင်းမျိုးမင်းနွယ် တစ်ယောက် ပါ”

ဂူကျန့် ➡➡“မန်ချူး မင်းမျိုးမင်းနွယ်က သစ္စာဖောက်လုပ်ရင် ပိုပြီးတောင် အပြစ်ကြီးတယ်၊ ကဲ ... လက်ထိတ်ခတ်”

ဘိုကျန် ➡➡“ခတ်စရာ မလိုပါဘူးဗျ၊ ထွက်မပြေးပါဘူး”

ဂူကျန့် ➡➡“ပြေးရဲ ပြေးကြည့်ပေါ့၊ (ဘိုဆုံဘက်သို့ လှည့်၍) ခင်ဗျားလဲ လိုက်ခဲ့ပါ၊ ရုံးတော်မှာ အမှန်ကို အစစ်ခံရင် ခင်ဗျား ဒုက္ခ မရောက် ဘူးပေါ့”

စည်ပိုင်းဟုန်သည် နောက်လိုက်နောက်ပါ နှစ်ယောက်သုံးယောက်နှင့်အတူ ဆိုင်နောက်ဖေး ကနားဖျင်းထဲမှ ဝင်လာသည်။

စည်ပိုင်းဟုန် ➡➡“ကိစ္စတစ်ခုတော့ ပြီးသွားပြန်ပြီပေါ့ကွာ။ အားလုံး ကျေလည်သွားတော့ ကောင်းတာပေါ့၊ ငါကိုယ်တိုင် လာလျက်သားနဲ့ မကျေလည်လို့ ဘယ်ဖြစ်မလဲ”

ဘိုဆုံ ➡➡“ဆရာကြီး ... ဆရာကြီး”

စည်ပိုင်းဟုန် ➡➡(မျက်လုံးကို ပွတ်လျက်) “ဘယ်သူလဲကွ”

ဘိုဆုံ ➠➠“ကျွန်တော်ပါ၊ ဘိုဆုံပါ၊ ကျွန်တော်တို့ကိစ္စကို ကြည့်ပြောပေးပါဦး”

စည်ပိုင်းဟုန် ➠➠(အခြေအနေကို သဘောပေါက်သွားသဖြင့် အထောက်တော် နှစ်ယောက်ဘက်သို့ လှည့်၍) “လက်စသတ်တော့ မိတ်ဆွေတို့ကိုး၊ တာဝန်နဲ့လာကြတာပေါ့၊ လုပ်ပါ လုပ်ပါ၊ လုပ်စရာရှိတာဆက်လုပ်ပါ”

ဘိုဆုံ ➠➠“ဆရာကြီး ကျွန်တော်တို့ကို ကယ်ပါဦး၊ ကြည့် ပြောပေးပါဦး”

စည်ပိုင်းဟုန် ➠➠“အာဏာပိုင်တွေ မကိုင်တွယ်နိုင်တဲ့ ပြဿနာဆိုရင် ငါ ကြားမဝင်ဘူး (အားလုံးဘက်သို့လှည့်၍) မဟုတ်ဘူးလား ဟေ့”

လက်ဖက်ရည် သောက်နေသူများ ➠➠“ဟုတ်တာပေါ့၊ မှန်တာပေါ့”

စုန်အန့်နှင့် ဂူကျန့်တို့သည် ဘိုဆုံနှင့် ဘိုကျန်ကို လက်ဖက်ရည်ဆိုင်အပြင်သို့ ခေါ်ထုတ်သွားကြသည်။

ဘိုဆုံ ➠➠(ဝမ်လီဖ ဘက်သို့လှည့်၍) “ကျုပ်တို့ ငှက်ကလေးတွေကို ဂရုစိုက်လိုက်ပါဗျာ”

ဝမ်လီဖ ➠➠“စိတ်ချ စိတ်ချ၊ ခင်ဗျားတို့ အိမ်ကို ပြန်ပို့ထားလိုက်မယ်”

ဘိုကျန်၊ ဘိုဆုံ၊ စုန်အန့်နှင့် ဂူကျန့်တို့ အပြင်သို့ ထွက်သွားကြသည်။

စည်ပိုင်းဟုန် ➠➠(မိန်းမစိုးကြီးပန် ဆိုင်ထဲသို့ ရောက်နေကြောင်း ဗေဒင်ဆရာတန် ထံမှ သိရသည့်အခါတွင်) “အလို ... စိုးမှူးကြီးပါလား၊ စိုးမှူးကြီးလဲ အိမ်ထောင်ပြုတော့မယ်လို့ ကြားပါကလား၊ မင်္ဂလာအခါတော် မရောက်ခင် ဂုဏ်ပြုပါရစေခင်ဗျာ”

မိန်းမစိုးပန် ➠➠“ခင်ဗျားကိုလဲ မင်္ဂလာ ထမင်းပွဲကြီးကို ဖိတ်ရမှာပါဗျာ”

စည်ပိုင်းဟုန် ➠➠“ဂုဏ်ယူပါတယ် ခင်ဗျာ ... ဂုဏ်ယူပါတယ်”

အပြင်သို့ ထွက်သွားသည်။

လယ်သူမသည် စားပြီးသား ခေါက်ဆွဲ ပန်းကန်လုံးကို ယူလာပြီး ကောင်တာပေါ်တွင်တင်သည်။ သူ့နောက်မှသူငယ်မကလေး လိုက်လာသည်။

သူငယ်မကလေး➠➠“အမေရေ ... ဆာတုန်းပဲ၊ မဝသေးဘူး”

ဝမ်လီဖ ➠➠“ဒီလောက်ဆိုရင် သွားဖို့ ကောင်းပြီနော်”

လယ်သူမ ➡➡"လာ သမီး သွားကြစို့"

သူငယ်မကလေး➡➡"မေမေ ကျွန်မကို မရောင်းတော့ဘူးနော်၊ ကျွန်မကို မရောင်းတော့ဘူး မဟုတ်လား"

လယ်သူမ ➡➡"သမီးလေးရယ်" (လယ်သူမသည် ကလေးငယ်ကို လက်ဆွဲပြီး ခေါ်သွားသည်။)

လယ်သမားကံလှသည် သမီးပျို ကံရှင်ကိုခေါ်၍ ဆိုင်ထဲသို့ ဝင်လာသည်။ အထဲသို့ရောက်လျှင် ကောင်တာရှေ့တွင် ရပ်သည်။

ကံလှ ➡➡"သမီးရေ ကံရှင်၊ အဖေဟာ တိရစ္ဆာန်ပါ သမီးရယ်၊ အဖေလဲ မတတ်နိုင်တော့ဘူး သမီး ဝဝလင်လင် စားရအောင် နေရာတစ်နေရာကို ရှာမှဖြစ်မယ်။ အဖေနဲ့သာနေရင် ငတ်မှာပဲ၊ အဖေ့မှာလဲ ငွေသားနည်းနည်းလိုနေတယ်။ ဒီငွေကို မရရင် အဖေ့ကို လယ်ရှင်က ရိုက်သတ်မှာ ဒီတော့ သမီးရယ် … ကံအကြောင်းတရားလို့ပဲ အောက်မေ့ပေတော့၊ အဖေ့ကိုလဲ သနားပါဦး"

ကံရှင် ➡➡"ကျွန်မ … ကျွန်မ"(ရှေ့ဆက်မပြောနိုင်တော့ဘဲ ရပ်နေသည်။)

ကျောက်ဖြူးလှ ➡ ➡ (သူတို့ထံသို့ ခပ်သုတ်သုတ် လျှောက်လာကာ) "ပြန်လာကြပြီလား၊ ဘယ့်နှယ်လဲ၊ ကောင်မလေးက သဘောတူတယ် မဟုတ် လား။ လာ … လာ၊ စိုးမှူးကြီးနဲ့ လာတွေ့ဦး၊ စိုးမှူးကြီး ရှေ့ကျရင် ဒူးတုပ်ပြီး ထိုင်"

ကံရှင် ➡➡"ကျွန်မ … ကျွန်မ"(မူးမေ့လဲကျသွားသည်။)

ကံလှ ➡➡(သမီးကို ဖမ်းဆွဲလိုက်လျက်) "ကံရှင်၊ ကံရှင်"

ကျောက်ဖြူးလှ ➡➡"ဘာဖြစ်တာလဲ"

ကံလှ ➡➡"ကောင်မလေးက ဆာလဲ ဆာနေတယ်။ စိတ်လဲ ထိခိုက်နေတယ်။ ဒါကြောင့်မို့ မူးလဲသွားတာပါ။ ကံရှင်၊ သမီး"

မိန်းမစိုးပန် ➡➡"ဟော့ … ငါမှာတာက အရှင်မှာတာကွ၊ အသေဆိုရင် မလိုချင်ဘူး" (တိတ်ဆိတ်နေသည်။)

လက်ဖက်ရည်ဆိုင်လာရောက်သူ တစ်ယောက်➡➡(ဒုတိယလူနှင့် စစ်တုရင်ကစားနေရာမှ) "ခွေ ခင်ဗျ၊ ခင်ဗျား ရှုံးပြီ"

(ကန့်လန့်ကာ ကျလာသည်။)

# ပြကွက် (၂)

## အချိန်

နှောင် အနှစ်နှစ်ဆယ်နီးပါး အကြာကာလမှာ စစ်ဘုရင်ကြီး ယွမ်ရှီခိုင် ကွယ်လွန်ပြီးနောက် နယ်ချဲ့နိုင်ငံများ၏ အားပေးအား မြှောက်ပြုချက်အရ စစ်ဘုရင် အသီးသီးက သီးခြားနယ်ပယ်များ ထောင်ကာ သူတစ်လူ ငါတစ်မင်း အုပ်စိုးနေကြသည့် ကာလဖြစ်သည်။ ပြည်တွင်း၌ စစ်များကလည်း တစ်ခုပြီးတစ်ခု ဖြစ်နေသည်။ နွေရာသီဦး မွန်းမတည့်မီ ...

## နေရာ

ပြကွက်တစ်တွင် ပါရှိခဲ့သည့် ဝမ်လီဖ၏ လက်ဖက်ရည်ဆိုင်။

## ကန့်လန့်ကာဖွင့်

ပီကင်းမြို့တွင်ရှိသည့် လက်ဖက်ရည်ဆိုင်ကြီးများသည် တစ်ဆိုင်ပြီး တစ်ဆိုင် ပိတ်လိုက်ကြရလေပြီ။ ယုထိုင်လက်ဖက်ရည်ဆိုင်မှာ ယခုတိုင် ဖွင့်လှစ်နေရဆဲ ရှိသေး၏။ သို့ရာတွင် အရှည် ဆက်လက်တည့်တံ့နိုင်ရန်အတွက်

ဆိုင်အပြင်အဆင်နှင့် စီးပွားရေးလုပ်ငန်းကိုလည်း ပြောင်းလိုက်ရလေပြီ။ ဆိုင်ရှေ့ပိုင်းကို လက်ဖက်ရည်ဆိုင်အဖြစ် ဆက်လက်ဖွင့်ထားသေးသော်လည်း နောက်ပိုင်းကို ဘော်ဒါဆောင်အဖြစ် ပြောင်းလဲဖွင့်လိုက်ပြီ ဖြစ်၏။ လက်ဖက်ရည်နှင့် ကွာစေ့စသည့် အတိုအထွာ မြည်းစရာလောက်ကိုသာ ရောင်းတော့သည်။ ဝက်သားစင်းကော ခေါက်ဆွဲကြော်မှာ အတိတ်တွင် ကျန်ရစ်ခဲ့လေပြီ။ ဆိုင်ရှေ့တွင်ထားသည့် မီးဖိုကြီးကို နောက်ဘော်ဒါဆောင်နေသူများအတွက် ချက်ပြုတ်ရန် နောက်ဘက်သို့ ရွှေ့ထားလိုက်၏။ လက်ဖက်ရည်ဆိုင်မှာလည်း အကြီးအကျယ် တိုးတက်သွားပြီဟုလည်း ဆိုနိုင်ပါ၏။ စားပွဲများမှာ ပို၍သေးသွားပြီး အစိမ်းနုရောင် စားပွဲခင်းများ ခင်းထားကာ ဘေးပတ်ပတ်လည်တွင် ကြိမ်ကုလားထိုင်များ ရံထားသည်။ နံရံတွင် ချိတ်ထားသည့် 'အသူရာ နတ်စစ်သည် ရှစ်ဦး' ဟူသော ပန်းချီကားကြီးနှင့် လာဘ်လာဘ ပေါ်များစေရန်အတွက် ကိုးထားသည့် စည်းစိမ်ရှင် မယ်တော်ရုပ်တို့ မရှိတော့ပြီ။ ထိုနေရာတွင် လှပစွာ ဝတ်ဆင်ထားသည့် အလှမယ်များ၏ပုံများ၊ နိုင်ငံခြား စီးကရက်ကြော်ငြာများ ရောက်နေသည်။ သို့ရာတွင် 'တိုင်းရေးပြည်ရေး မဆွေးနွေးရ' ဆိုသော ပိုစတာကြီးမှာမူ ရှိမြဲရှိနေပြီး စာလုံးကြီးများမှာ ယခင်ပိုစတာ စာလုံးများထက်ပင် ပို၍ ကြီးသေး၏။ အချိန်အခါ အကြိုက်လိုက်သော ပညာရှိတစ်ယောက်ကဲ့သို့ ဝမ်လီဖသည်လည်း ယုထိုင်လက်ဖက်ရည်ဆိုင်ကို ဆက်လက်ဖွင့်လျက် ရှိရုံမျှမက အသွင်အပြင် ဆန်းသစ်အောင် ပြုလုပ်ထားသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က လက်ဖက်ရည်ဆိုင်ကို အနည်းငယ်ပြင်ဆင်လျက် ရှိသဖြင့် ဆိုင်မဖွင့်ခဲ့ရ၊ ယခုမူ အားလုံးပြင်ဆင်ပြီး သွားသည့်အခါ မနက်ဖြန်တွင် အခမ်းအနားဖြင့် ဖွင့်ရန် အဆင်သင့် ပြင်ဆင်ပြီးလေပြီ။ ဝမ်ရှုဖိန်နှင့် လီစန်တို့သည် စနစ်တကျ ပြင်ဆင်ခြင်း၊ ကုလားထိုင်များ စားပွဲများကို အမျိုးမျိုး နေရာချကြည့်ခြင်း၊ ဟိုရွှေ့သည်ရွှေ့ ပြင်ဆင်ခြင်းဖြင့် အလုပ်များ နေကြသည်။

ဝမ်ရှုဖိန်သည် ထိုစဉ်က ခေတ်စားသည့် ထုံးစံအတိုင်း ဆံပင်ကိုခွေ၍ ခေါင်းပေါ်တွင် ပေါင်မုန့်ထုံး ထုံးထားသည်။ သို့ရာတွင် လီစန်မှာမူ ချင်မင်းဆက်ခေတ်က သူငယ်ကလေးများထားလေ့ရှိသည့် ထုံးစံအတိုင်း ဆံပင်ကို ကျစ်ဆံမြီးကျစ်၍ ကျောပေါ်တွင် ချထားသည်။ ဘော်ဒါဆောင်ထဲမှ ကျောင်းသားနှစ်ယောက် သုံးယောက် ထွက်လာကြကာ သူတို့ကို မြင်လျှင် နှုတ်ဆက်ပြီး အပြင်သို့ ထွက်သွားကြသည်။

ဝမ်ရှုဖိန် ➡➡(လီစန်၏ကျစ်ဆံမြီးဆံပင်ကို ကြည့်၍ စိတ်မသက်မသာ ဖြစ်လျက်ရှိရာ)"လီစန်ရေ ... တို့လက်ဖက်ရည်ဆိုင်ကိုလဲ ပြုပြင်ပြောင်းလဲရေး အခါကြီးနဲ့အညီ ပြုပြင်ပြောင်းလဲပြီးပြီ မဟုတ်လား၊ နင့်ခေါင်းက ကျစ်ဆံမြီးကိုလဲ ဖြတ်ပစ်ပြီး ပြုပြင်ပြောင်းလဲရေး မလုပ်တော့ဘူးလား"

လီစန် ➡➡"လုပ်ကြ လုပ်ကြ ... နေရာတကာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေကြ၊ အဲဒီလိုသာ ကြပ်ကြပ်နေကြရင် နောင်မှာ ပြုပြင်ပြောင်းလဲစရာဆိုလို့ ဘာမှ မကျန်ဘဲဖြစ်နေဦးမယ်"

ဝမ်ရှုဖိန် ➡➡"ဟဲ့ ... နင် ဘာတွေ လျှောက်ပြောနေတာလဲ၊ နင် မကြားဘူးလား၊ ရပ်ကွက်မှာရှိတဲ့ ဒေထိုင်လက်ဖက်ရည်ဆိုင်ရယ်၊ ပေကျင်းချောင်မှာရှိတဲ့ စွမ်ထိုင်လက်ဖက်ရည်ဆိုင်ရယ်၊ ဗဟိုစည်စင်ရှေ့က ကျန်ထိုင်လက်ဖက်ရည်ဆိုင်ရယ် ရှိသမျှဆိုင်တွေ အားလုံး ပိတ်လိုက်ရပြီကော။ လက်ဖက်ရည်ဆိုင်ကြီးတွေထဲမှာ ဆက်ဖွင့်နိုင်တဲ့ ဆိုင်ဆိုလို့ တစ်ဆိုင်ပဲ ကျန်တော့တယ်။ ဒီလို ဆက်ဖွင့်နိုင်တာ ဘာဖြစ်လို့လဲ နင်သိရဲ့လား၊ ငါ့ယောကျ်ား ဝမ်လီဖက ဆိုင်ကို ပြုပြင်ပြောင်းလဲရေးတွေကို လုပ်နိုင်လို့ဟဲ့ သိရဲ့လား"

လီစန် ➡➡"အံမယ်လေးဗျာ ... ခုချင်မင်းဆက် ပြုတ်သွားပြီ မဟုတ်လား၊ ဒီလောက် ပြုပြင်ပြောင်းလဲမှု လုပ်ရတယ်ဆိုရင် တော်လောက်ရောပေါ့၊ ခုတော့ သူကလဲ ပြုပြင်ပြောင်းလဲရေး၊ ငါကလဲ ပြုပြင်ပြောင်းလဲရေး လုပ်လိုက်ကြတယ်။ အဲဒီပြုပြင်ပြောင်းလဲရေးကြောင့် ဒုက္ခရောက်နေကြတာပေါ့၊ ယွမ်ရှီခိုင်ကလဲ ဘုရင်စနစ်ကို ဖျက်ရမယ်လို့ ပါးစပ်က ပြောပါရဲ့၊ ဒါပေမဲ့ သူ့တက်လာတော့လဲ ဘုရင်ပဲ လုပ်ချင်တာ မဟုတ်လား၊ ယွမ်ရှီခိုင်လဲ သေရော၊ ဟော ... ဘာတွေ ဖြစ်ကုန်ပြန်ပြီလဲ၊ ဒီနေ့ အမြောက်ကြီးတွေနဲ့ တစ်ဖက်ကိုတစ်ဖက် ပစ်ကြ၊ မနက်ဖြန်ကျတော့ မြို့တံခါးပိတ်သူက ပိတ်ကြ၊ ဒါပြုပြင်ပြောင်းလဲရေးတဲ့လား အစ်မရဲ့၊ တော်ပါပြီ၊ ကြောက်လွန်းလို့ပါ၊ ကျွန်တော်တော့ ကျွန်တော့် ကျစ်ဆံမြီးကလေးကို နဂိုအတိုင်းပဲ ထားတော့မယ်။ ခုလက်ရှိ လူတွေက ပြုပြင်ပြောင်းလဲရေး လုပ်မယ်လို့ ဆုံးဖြတ်ပြီး ချင်းမင်းဆက်ဘုရင် ပြန်တက်လာရင် ကျွန်တော့်မှာ ကျစ်ဆံမြီး မရှိ ဘာမရှိနဲ့ ဘယ့်နှယ်လုပ်မလဲ"

ဝမ်ရှုဖိန် ➡➡"နင်ဟာ တော်တော် အပြောရကျပ်ပါလား။ ခု တို့တိုင်းပြည်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ပြီးသွားလို့ သမ္မတနိုင်ငံကြီး ထူထောင်ပြီးပြီတဲ့၊ ဒီတော့ တို့များကလဲ အခါနဲ့အညီ နေတတ်ရမယ်ပေါ့။ ဟော

တို့လက်ဖက်ရည်ဆိုင်ကိုပဲ ကြည့်စမ်း၊ ခုလို အခင်းအကျင်းတွေ ပြန်ပြင်ဆင်ထားလိုက်တော့ ပိုပြီးသန့်ရှင်း မသွားဘူးလား၊ ပိုပြီး စမတ်ကျမသွားဘူးလား၊ ခုဆိုရင် တို့များဆိုင်ကို တကယ့်လူကြီးလူကောင်းချည်းပဲ လာသောက်ကြတော့မှာ၊ သူတို့ လာတယ်ဆိုတော့ တို့ဆိုင်လဲ ဂုဏ်တက်တာပေါ့ ခုတော့ နင့်ကျစ်ဆံမြီးကြီးက မျက်စိ စပါးမွေး စူးစရာကြီး"

လီစန် ➠➠"အေး ... အစ်မကတော့လဲ ကျွန်တော့် ကျစ်ဆံမြီးကို မျက်စိစပါးမွေး စူး၊ ကျွန်တော်ကလဲ တခြားဟာတွေကို မျက်စိစပါးမွေးစူး"

ဝမ်ရှုဖိန် ➠➠"အလိုတော် ... မင်းက ဘာတွေကိုများ မျက်စိစပါးမွေး စူးနေရပြန်တာတုံး"

လီစန် ➠➠"အစ်မပဲ စဉ်းစားကြည့်ပေါ့ဗျာ၊ ဖွင့်တော့ လက်ဖက်ရည်ဆိုင်ရော၊ ဘော်ဒါဆောင်ရော၊ အလုပ်လုပ်တဲ့အခါကျတော့ ပိုင်ရှင်နဲ့ ကျွန်တော် နှစ်ယောက်တည်း ရှိတယ်။ နှစ်ယောက်တည်း လုပ်လို့ကတော့ ဘယ်တော့မှ နိုင်မှာ မဟုတ်ဘူး"

ဝမ်ရှုဖိန် ➠➠"လက်ဖက်ရည်ဆိုင်ကို နင့်ဆရာနဲ့ လွှဲထားလိုက်ပေါ့ဟယ်၊ ဘော်ဒါဆောင်ကိုတော့ ငါလဲ ကူလုပ်ပေးပါ့မယ်"

လီစန် ➠➠"အစ်မ ကူလုပ်လဲ မလွယ်ပါဘူး။ အလုပ်တွေက အများသား၊ သန့်ရှင်းရေးလုပ်ရမှာကလဲ အခန်းပေါင်းနှစ်ဆယ်၊ ထမင်းချက်ကျွေးရမှာကလဲ ပါးစပ်ပေါင်း နှစ်ဆယ်၊ ဒီအထဲမှာ လက်ဖက်ရည် ဖျော်ပေးရဦးမယ်၊ ရေနွေးယူပေးရဦးမယ်၊ ဈေးသွား ပေးရဦးမယ်။ စာတို့ ဘာတို့လာရင် လိုက်ဝေရဦးမယ်။ ဒီလောက်များတဲ့ အလုပ်တွေကို တစ်ယောက်တည်းနဲ့ ဘယ်လုပ်နိုင်မလဲ အစ်မရယ်၊ စဉ်းစားလဲ ကြည့်ပါဦး"

ဝမ်ရှုဖိန် ➠➠"ဟုတ်တော့ ဟုတ်ပါတယ် လီစန်ရယ်။ ဒါပေမဲ့ ဒီလိုအခါကြီးထဲမှာ အလုပ်ကလေးရှိရင်ကို တော်လှပြီလို့ အောက်မေ့ရတာ၊ နည်းနည်းတော့ စိတ်ရှည်ကြမှပေါ့ကွယ်"

လီစန် ➠➠"ကျွန်တော့်တော့ တော်တော် စိတ်ကုန်နေပြီဗျာ၊ ဒီအတိုင်း ဆက်မလုပ်နိုင်တော့ဘူး။ ညညဆိုရင်လဲ လေးငါးနာရီလောက်ပဲ အိပ်ချိန်ရတယ်။ ကျွန်တော့်ကို သံမှုန့်စားပြီး မွေးထားတာ မဟုတ်တော့ ခက်တယ်"

ဝမ်ရှုဖိန် ➠➠"အေး ... မင်းပြောတာလဲ ဟုတ်ပါတယ်။ တို့

BURMESE CLASSIC .com



လဲပဲ သိပ်တော့ မသက်သာပါဘူး၊ နည်းနည်းတော့ စောင့်ပါကွယ်။ ဒီနှစ်ဆိုရင် တာရှန်းလဲ ကျောင်းပြီးတော့မှာပါ၊ သူ့အောက်က ကောင်ဆိုရင်လဲ တော်တော်လေး ထွားလာပါပြီ၊ သူတို့ကြီးလာလို့ ကူဖော်လောင်ဖက် ရလာပြီဆိုရင် တို့လဲ သက်သာသွားမှာပါ။ နင်ဆိုရင်လည်း အလျင်တုန်းက ဆိုင်ရှင်ဟောင်း လက်ထက်ကတည်းက လုပ်လာခဲ့တာ မဟုတ်လား၊ ဒီတော့ တို့ရဲ့ မိတ်ဆွေဆိုရင်လဲ ဟုတ်ရဲ့၊ စီးပွားဘက်ဆိုရင်လဲ ဟုတ်တာပဲ"

ဝမ်လီဖသည် သူ့ကိုယ်သူ လွန်စွာ ယုံကြည်သောဟန်ဖြင့် နောက်ဖေးခန်းမှ ထွက်လာသည်။

လီစန် ➟➟ "ဆရာရေ၊ ကျွန်တော် ဒီမှာ အလုပ်လုပ်လာတာ ခုဆိုရင် အနှစ်နှစ်ဆယ်ရှိပြီ လခကလေး ဘာလေး တိုးမပေးတော့ဘူးလား။ ဆရာလဲ ပြုပြင်ပြောင်းလဲရေးကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ပဲ၊ ကျွန်တော့် လခ ကလေးကိုကော ပြုပြင်ပြောင်းလဲဖို့ စိတ်မကူးတော့ဘူးလား"

ဝမ်လီဖ ➟➟"ဒီလို မပြောပါနဲ့ကွာ၊ နောင်အလုပ်အကိုင် ကောင်းလာရင် မင်းလခကို တိုးပေးမှာပါ၊ ကဲ ... ဒါတွေ အသာထားစမ်းပါဦး၊ မနက်ဖြန်ဆိုရင် တို့များ ဆိုင်ဖွင့်တော့မယ်။ ဒီတော့ တို့များ မင်္ဂလာရှိရှိ နေဖို့လိုတယ်။ ဒီတော့ ငြင်းမနေနဲ့တော့၊ ဒီကိစ္စ ခဏ ထားလိုက်ဦး"

လီစန် ➟➟" မဖြစ်ဘူး၊ ခဏလေးမှ ထားလို့ မဖြစ်ဘူး။ ကျွန်တော့်လခကို ပြုပြင်ပြောင်းလဲ ပေးရင်ပေး မပေးရင် ကျွန်တော် ထွက်ရလိမ့်မယ်"

ဆိုင်နောက်ခန်းဘက်ဆီမှ "လီစန်၊ လီစန်" ဟူသော ခေါ်သံ ပေါ်လာသည်။

ဝမ်လီဖ ➟➟"ဟော ... မင်းကို ရွှေကျူဖန် ခေါ်နေတယ်၊ သွား ... သွား၊ မြန်မြန်သွား၊ တို့ကိစ္စကို နောက်များကျမှ ထပ်ဆွေးနေတာပေါ့"

လီစန် ➟➟"ဗျာ"

ဝမ်ရှုဖိန် ➟➟"မနေ့ကတော့ မြို့တံခါးတွေကို အကုန်လုံး ပိတ် ထားတာပဲ၊ ဒီနေ့များ ထပ်ပိတ်ဦးမလား မသိဘူး။ လီစန်ရေ၊ ဆိုင်ကို မင်းဆရာ နဲ့ လွှဲပစ်ခဲ့ပေါ့၊ ပြီးတော့ ငါ့ကို ဈေးဝယ်ပေးပါဦး မောင်လေးရယ်။ တခြားဘာမှ မရရင်လဲ မုန်လာချဉ်လေး ဘာလေးပဲ ဝယ်ခဲ့ပါ"

ထိုစဉ် နောက်မှ "လီစန်ရေ၊ လီစန်ရေ" ဟူသော ခေါ်သံများ ထပ်မံ ပေါ်ထွက်လာပြန်သည်။

BURMESE CLASSIC .com



လီစန် ➠➠“ကောင်းကြပါပေ့ဗျာ။ ဒီမှာ ခိုင်းလို့ မပြီးသေးဘူး။ ဟိုက လှမ်းခေါ်နေပြန်ပြီ၊ ကျွန်တော့်ကိုသာ နှစ်ပိုင်းပိုင်းပြီး ခိုင်းကြပါတော့ (လီစန် တတွတ်တွတ် ပြော၍ ထွက်သွားသည်။)

ဝမ်လီဖ ➠➠“ကဲ ... ရှင်မရေ၊ လီစန်ကတော့ အရေးဆိုနေပြီ၊ မင်းအဖို့ ကောင်းတာကတော့”

ဝမ်ရှုဖိန် ➠➠“ဒီနေ့ တစ်မနက်လုံး ညည်းနေတာ တော်ရေ့။ အေးလေ၊ သူကိုလဲ အပြစ်ပြောလို့တော့ မဖြစ်ဘူး။ သူ့ရှေ့တင် ပြောလို့ မကောင်းတော့ ကွယ်ရာမှာ ပြောရဦးမယ်။ ဆိုင်မှာ အကူလေး ဘာလေးတော့ နောက်ထပ်ခေါ်ဖို့ ကောင်းပြီ ထင်တယ်”

ဝမ်လီဖ ➠➠“နောက် အကူခေါ်ရင် ပိုက်ဆံကုန်ရမှာပေါ့ကွ။ အဲဒီ ပိုက်ဆံ ဘယ်ကရမှာတဲ့လဲ၊ ဒီပြင်မှာ လုပ်ငန်းကိုင်ငန်း ကောင်းလျက်သားနဲ့ လက်ဖက်ရည်ဆိုင်ကို မပိတ်ဘဲ ဖွတ်ပေလုပ်နေတယ်ဆိုရင်တော့ ငါ့လောက် မိုက်မဲတဲ့အကောင် ရှိတော့မှာလဲ”

အဝေးမှ အမြောက်ပစ်သံများ ပေါ်ထွက်လာသည်။

ဝမ်လီဖ ➠➠“ဒီအမြောက်တွေ ပစ်ပြန်ပြီ၊ အရေးထဲမှာ မင်းက တကျည်ကျည်၊ ဒီအမြောက်တွေ ဒီလို ပစ်နေပုံဆိုရင် မနက်ဖြန်မှာလဲ ဆိုင်ဖွင့်လို့ ဖြစ်မှာမဟုတ်ပါဘူး၊ ငါ သေချင်တယ်ကွာ”

ဝမ်ရှုဖိန် ➠➠“ဟောတော့၊ ဘာတွေ ပြောမှန်းလဲ မသိဘူး။ အမြောက်တွေ ပစ်နေတာနဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ”

ဝမ်လီဖ ➠➠“ကဲ ... တော်ပါတော့ကွာ၊ လုပ်စရာရှိတာ သွား လုပ်ချည်စမ်းပါ”

ဝမ်ရှုဖိန် ➠➠“သွားပါ့မယ်တော်၊ သွားပါ့မယ်။ ဒီမှာနေလဲ ကျွဲနွားမောင်းအမောင်းခံရ၊ အပြင်သွားရင်လဲ အမြောက်ဆံထိပြီးသေမှာပါ”

ဝမ်ရှုဖိန်သည် ဆုတ်ဆိုင်းလေးကန်စွာဖြင့် ထွက်သွားသည်။

ဝမ်လီဖ ➠➠(လေပျော့ကလေးဖြင့်) “ကဲပါ ... မိန်းမရယ် ဒီလောက်လဲ စိုးရိမ်နေပါနဲ့၊ အမြောက်ဆံတွေကြားမှာ တို့ မကြာခဏ နေခဲ့ဖူးပြီပဲ၊ ဘယ်တုန်းက မှန်ခဲ့ဖူးလို့လဲ၊ တကယ်တော့ တို့ပီကင်း ရွှေမြို့တော်ကြီးဟာ အန္တရာယ်မရှိအောင် ဂါထာတွေ မန္တရားတွေနဲ့ မန်းမှုတ်စီရင်ထားတဲ့ မြို့တော်ကြီးပါ”

BURMESE CLASSIC .com



ဝမ်ရှုဖိန် ➟➟"မန်းမှတ်ထားသလား ဘာလားတော့ မသိဘူး တော် ... ကျွန်မဖြင့် ကြောက်လွန်းလို့ အသက်တောင် ဘယ်လို ရှူရမှန်း မသိဘူး။ ကဲ ... ကဲ၊ လီစန်ကို ဈေးဝယ်ခိုင်းဖို့ ပိုက်ဆံသွားယူလိုက်ဦးမယ်"

ထိုစဉ် စစ်ပြေးဒုက္ခသည် အချို့သည် ဆိုင်ရှေ့တွင် လာရောက်စုဝေးပြီး တောင်းရမ်းနေကြသည်။

ဒုက္ခသည်များ ➟➟"သနားကြပါ ခင်ဗျာ၊ ကုသိုလ်ပြုကြပါ။ ကျွန်တော်တို့ကို သနားကြပါ"

ဝမ်လီဖ ➟➟"သွားကြ ... သွားကြ၊ ဒီနေ့ ဘာမှ အလှူအတန်း မလုပ်ဘူး။ ဆိုင်တောင် မဖွင့်ရသေးဘူး"

ဒုက္ခသည်များ ➟➟"သနားကြပါခင်ဗျာ၊ ကျွန်တော်တို့က ဒုက္ခသည်တွေပါ"

ဝမ်လီဖ ➟➟"ဟော့ ... အချိန်ကုန်ခံပြီး တောင်းမနေကြနဲ့၊ မင်းတို့ ပေးဖို့ နေနေသာသာ ငါ့မှာတောင် ဝအောင် မစားရဘူး"

ရဲသား ရောက်လာသည်။

ရဲသား ➟➟"သွားကြ ... သွားကြ၊ ဒီနားမလာကြနဲ့ မြန်မြန်သွား"

ဒုက္ခသည်များ ထွက်သွားကြသည်။

ဝမ်လီဖ ➟➟"ဘယ့်နှယ်လဲဗျို့ ရဲဘော်ကြီး၊ အခြေအနေတွေ တော်တော် ပြင်းထန်သလား"

ရဲသား ➟➟"ပြင်းထန်တာတော့ မပြောနဲ့ဗျ၊ အခြေအနေ ပြင်းထန်လို့ ခုလို ဒုက္ခသည်တွေ များလာတာပေါ့၊ ခုအထက်က ခင်ဗျားဆီကို အမှာခိုင်းလိုက်လို့ဗျ၊ မွန်းမလွဲမီ ပေါက်စီအလုံးရှစ်ဆယ် ပို့ပေးပါတဲ့၊ စစ်သားတွေ စစ်မြေပြင်ကို မထွက်ခင်မှာ စစ်သားတွေကို ကျွေးရမယ်"

ဝမ်လီဖ ➟➟"ဟုတ်တာပေါ့ဗျာ၊ ကျွေးသင့်တာပေါ့၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ကျွန်တော့်မှာ ဘော်ဒါငှားနေတဲ့ လူတွေလောက်ကိုပဲ ထမင်းကျွေးတယ်ဗျ၊ လက်ဖက်ရည်ဆိုင်ကလဲ အလျင်တုန်းကလို အစားအသောက်တွဲ မရောင်းတော့ဘူး၊ ပြီးတော့ ခုထိလဲ မဖွင့်ရသေးဘူး။ ခင်ဗျားပြောတဲ့ပေါက်စီ အလုံးရှစ်ဆယ် မပြောနဲ့၊ တစ်လုံးတောင်ရမှာ မဟုတ်ဘူး"

ရဲသား ➟➟"အေး ... ခင်ဗျားကလဲ ခင်ဗျား ဆင်ခြေနဲ့၊ ကျုပ်ကလဲ ကျုပ်အမိန့်နဲ့၊ ပေးတာ မပေးတာက ခင်ဗျား သဘောပေါ့"

BURMESE CLASSIC .com



ရဲသားက ထွက်သွားမည်ပြုသည်။

ဝမ်လီဖ ➠➠"ရဲသားကြီး ခဏလေးဗျာ၊ ခု ကျွန်တော်တို့မှာ ဆိုင်လဲ မဖွင့်ရသေးဘူး။ ခင်ဗျား မြင်တဲ့အတိုင်းပဲ၊ ဆိုင်ဖွင့်တယ်ဆိုရင်တော့ ခင်ဗျားတို့ အကူအညီကို ဒီထက်ဒီ လိုလာမှာပါ။ ရော့ ... ဒါလောက်လေးကို လက်ခံပါဗျာ၊ လက်ဖက်ရည်ဖိုးပေါ့၊ (ငွေစက္ကူအချို့ကို လှမ်းပေးသည်။) ကျွန်တော့်အခြေအနေကို ကြည့်ပြောပေးပါဗျာ၊ ကျေးဇူးကို မမေ့ပါဘူး"

ရဲသား ➠➠(ပိုက်ဆံကို လက်ခံပြီးလျှင်) "ကောင်းပြီလေ၊ ကျွန်တော် ကြိုးစားကြည့်ပါမယ်။ ဒီလောက်လဲ စိတ်ညစ်မနေပါနဲ့"

စုတ်ပြဲနေသော ယူနီဖောင်းများကို ဝတ်ကာ လက်ထဲတွင် ရိုင်ဖယ်များကို ကိုင်ထားသည့် စစ်သားလေးငါးယောက် ဆိုင်ထဲသို့ ပြေးဝင်လာကြသည်။

ရဲသား ➠➠"ဩော် ... ရဲဘော်တို့လား၊ ကျွန်တော် ဒီကိုလာပြီး အိမ်ထောင်စုစာရင်း လာစစ်နေတာပါ၊ ဆိုင်တော့ မဖွင့်သေးဘူးဗျ"

စစ်သားတစ်ယောက် ➠➠" . . . လားကွ"

ရဲသား ➠➠"ကဲ ... ဆိုင်ရှင်ဝမ်ရေ၊ သူတို့ကို လက်ဖက်ရည်ဖိုးလေး ဘာလေး ပေးလိုက်ဗျာ၊ ပေးလိုက်ရင် တခြားထွက်သွားကြမှာပါ"

ဝမ်လီဖ ➠ ➠ "ရဲဘော်တို့ရာ၊ ကျွန်တော့်မှာ ဆိုင်မဖွင့်ရသေးလို့ စိတ်မကောင်းဘူးဗျာ၊ ဆိုင်ဖွင့်ပြီးတယ်ဆိုရင် ရဲဘော်တို့ ဒီမှာတင် စားသောက် နေလဲ ဘာအရေးလဲ။ ရဲဘော်တို့ မပြုစုရတာ စိတ်မကောင်းဘူးဗျာ"

ငွေစက္ကူ အချို့ကို ရဲသားသို့ လှမ်းပေးသည်။

ရဲသား ➠➠(ငွေစက္ကူများကို စစ်သားများသို့ လှမ်းပေးရင်း) "ရဲဘော်တို့လဲ မြင်တဲ့အတိုင်းပဲ၊ ဒီနေ့တော့ ကျွေးမွေးဖို့ အဆင်သင့် မဖြစ်လို့ပါ။ နို့မို့ရင် ကျွေးမွေးဧည့်ခံမှာပါ"

စစ်သားတစ်ယောက် ➠➠". . . လားကွ၊ ဒီငွေစက္ကူတွေကို ဘယ်သူယူမှာလဲ တို့လိုချင်တာက ငွေသားကွ"

ဝမ်လီဖ ➠➠"ရဲဘော်တို့ရာ၊ ဒီအချိန်ကြီးမှာ ဘယ့်နှယ်လုပ် ငွေသားရှိနိုင်မလဲ"

စစ်သားတစ်ယောက် ➠➠". . . လား၊ ဗိုက်ထဲက ငွေတွေ အန်ထွက်လာအောင် ရိုက်ပစ်မယ်"

ရဲသား ➠➠"မြန်မြန် ထုတ်ပေးလိုက်စမ်းဗျာ"

ဝမ်လီဖ ➡➡(အိတ်ကပ်ထဲမှ ပိုက်ဆံကိုထုတ်လျက်)"နောက် ထပ်တော့ တစ်ပြားမှ မရှိတော့ဘူး၊ ဒါမှ မကျေနပ်သေးဘူးဆိုရင်လဲ အိမ်သာ မီးနဲ့ရှို့သွားကြတော့၊ ကျုပ်မှာတော့ ငွေသားဆိုလို့ တစ်ပြားမှ မကျန်တော့ဘူး"

ငွေစက္ကူများကို လှမ်းပေးသည်။

စစ်သားတစ်ယောက် ➡➡". . . တဲ့မှပဲ"(ပိုက်ဆံကိုယူကာ လှည့်၍ အပြင်သို့ ထွက်သည်။ ဆိုင်အပြင်သို့ ထွက်ရင်း တွေ့ရာ စားပွဲခင်းအသစ် နှစ်ထည်ကို ယူသွားပြီး ထွက်သွားကြသည်။)

ရဲသား ➡➡"မြင်တယ် မဟုတ်လား၊ ကျုပ်လုပ်လိုက်လို့ ခင်ဗျား သက်သာသွားတာ၊ သူတို့သာ အိမ်ထဲမှာ လာနေကြရင် ခင်ဗျား သက်သာမှာ မဟုတ်ဘူး။ လက်ဖက်ရည် ပန်းကန်လုံးတစ်လုံးတောင် ကျန်မှာ မဟုတ်ဘူး"

ဝမ်လီဖ ➡➡"ခင်ဗျား အကူအညီကို မမေ့ပါဘူးဗျာ"

ရဲသား ➡➡"အဲဒီကျေးဇူးကို တုံ့ကော မတုံ့ပြန်တော့ဘူး လား"

ဝမ်လီဖ ➡➡"ဟုတ်ပါ့ခင်ဗျာ၊ ကျွန်တော်ဟာ တော်တော် အလိုက်ကမ်းဆိုးမသိတဲ့ ကောင်ပါလား၊ ကဲ ... ရဲသားကြီး၊ ကျွန်တော့်ကိုယ် ပေါ်မှာ ရှာကြည့်ဗျာ၊ ကျွန်တော့်မှာတော့ ခြူးတစ်ပြားတောင် မကျန်တော့ဘူး။ (ဝမ်လီဖသည် ဝတ်ရုံကြီးကိုလှန်ပြသည်။) ကဲ ... ရှာလေ၊ ရဲဘော်ကြီး ရှာပါ"

ရဲသား ➡➡"ဟုတ်ပါပြီဗျာ ... ခင်ဗျား နိုင်ပါတယ်။ မနက်ဖြန် ကျမှ လာခဲ့တော့မယ်။ မနက်ဖြန်ဆိုရင်တော့ အခြေအနေ တစ်မျိုးပြောင်းချင် ပြောင်းဦးမှာပေါ့"(ထွက်သွားသည်။)

ဝမ်လီဖ ➡➡"ကြည့်လည်း သွားဦးနော် ရဲဘော်ကြီး၊ (ရဲသား အဝေးသို့ ရောက်သွားသည့်အခါ၌ ခြေကို ဆောင့်လိုက်လျက်) မင့် . . . တဲ့ စစ်ပဲ ခဏခဏ တိုက်နေကြတာပဲ၊ ဘာကြောင့် ဒီလောက် စစ်တိုက်နေကြသလဲ မသိဘူး"

ဗေဒင်ဆရာတန် ဝင်လာသည်။ ၎င်းမှာ ခါတိုင်းကဲ့သို့ ပိန်ချုံးခြောက် ကပ်လျက်ရှိသော်လည်း ပိုးဝတ်ရုံသစ်ကြီးကို ဝတ်ထားသည်။

ဗေဒင်ဆရာတန် ➡➡"လက်ဖက်ရည်ဆိုင်ရှင်ကြီးရေ၊ ချီးကျူးပါ တယ်ဗျာ"

ဝမ်လီဖ ➡➡(ယခုတိုင် စိတ်ညစ်လျက်ရှိရာမှ) "ဗေဒင်ဆရာလား၊ ဒီနေ့တော့ လက်ဖက်ရည် အလကား မတိုက်နိုင်ဘူးဗျ၊ (ဗေဒင်ဆရာတန်ကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြီး ပြုံးလိုက်သည်။) အံမယ် ... ခင်ဗျား ကြည့်ရတာ ဟန်ကျနေတယ် ထင်တယ်။ ပိုးတွေ၊ ဖဲတွေနဲ့ ပြောင်လက်လို့ပါကလား"

ဗေဒင်ဆရာတန် ➡➡"အလျှင်ကထက်တော့ နည်းနည်း ဟန်ကျလာတာပေါ့ဗျာ၊ အင်း ... အချိန်အခါကိုပဲ ကျေးဇူးတင်ရမှာပေါ့"

ဝမ်လီဖ ➡➡"ဘာဗျ အချိန်အခါကို ကျေးဇူးတင်ရမယ် ဟုတ်စ၊ ရှင်းစမ်းပါဦး"

ဗေဒင်ဆရာတန်➡➡"ဟ ... ရှင်းနေစရာ ဘာလိုသလဲဗျ၊ အချိန်အခါကြီး ကသောင်းကနင်းဖြစ်လေ၊ ကျုပ်တို့ ဗေဒင်ဆရာတွေ ဟန်ကျတာပေါ့။ နေ့သေမလား၊ ညသေမလားဆိုတာ ပြောလို့ ရတာမဟုတ်ဘူးဗျ၊ ကံကိုပဲ အားကိုးနေရတာ၊ ဒီတော့ ဗေဒင် လာမေးတဲ့လူ၊ လက္ခဏာ လာကြည့်တဲ့လူတွေ များသထက် များလာတာပေါ့"

ဝမ်လီဖ ➡➡"အင်း ... ခင်ဗျား အမြင်နဲ့ ခင်ဗျားတော့လဲ ဟုတ်နေတာပေါ့လေ"

ဗေဒင်ဆရာတန်➡➡"နို့ ... နေစမ်းပါဦး၊ ခင်ဗျားဆိုင်နောက်ဖေးကကွက်လပ်မှာ တန်းလျားထားပြီး ဘော်ဒါငှားတယ်ဆို၊ ကျုပ်လဲ တစ်ခန်းလောက် လိုချင်လို့"

ဝမ်လီဖ ➡➡"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားကလဲ ဟိုဟာစွဲနေတော့ ကျွန်တော့်မှာ ပြဿနာတွေ ပေါ်ပြီး ..."

ဗေဒင်ဆရာတန်➡➡"ကျွန်တော် ဘိန်းဖြတ်လိုက်ပါပြီဗျ"

ဝမ်လီဖ ➡➡"ဘာ ... ဘိန်းဖြတ်လိုက်ပြီ၊ ဟုတ်လား၊ ဒီလိုဆို ရင် ခင်ဗျားမှာ တော်တော်လေးဟန်ကျရောပေါ့"

ဗေဒင်ဆရာတန်➡➡"ဘိန်းတော့ ပြတ်သွားပြီဗျ၊ ခု ဘိန်းဖြူစွဲနေတယ်။ (နံရံတွင် ကပ်ထားသည့် စီးကရက်ကြော်ငြာ ပိုစတာကို လက်ညှိုးထိုးပြလျက်) ဟောဟိုက ဟာတာမင် စီးကရက်ကြော်ငြာကို ကြည့်လိုက်စမ်း၊ စီးကရက်က ရှည်လဲရှည်တယ်။ အထဲမှာလဲ ဆေးသားက ဒီလောက် မများဘူးဗျ။ (သူပြောသည့်အချက်ကို လက်တွေ့ပြသသည့်အနေဖြင့် စီးကရက်တစ်လိပ်ကို အိတ်ထဲမှ ထုတ်ယူကာ) ဟောဒီလို ဖင်ကဖြစ်ဖြစ် ခေါင်းကဖြစ်ဖြစ်၊ ဆေး

နည်းနည်းကို ထုတ်ယူလိုက်ရင် ဘိန်းဖြူမှုန့် သိပ်လို့ အတော်ပဲဗျ၊ စီးကရက်က အင်္ဂလိပ်စီးကရက်၊ ဘိန်းဖြူက ဂျပန်ကလာတဲ့ ဘိန်းဖြူ၊ နိုင်ငံကြီး နှစ်နိုင်ငံက ကျွန်တော်တို့လို မရှိဆင်းရဲသားတွေကို ကူညီစောင်မတာလေဗျာ မနိပ်ဘူးလား"

ဝမ်လီဖ ➠➠"ဟာ ... နိပ်တာပေါ့ဗျာ၊ သိပ် နိပ်တာပေါ့။ ကဲ ... ဗေဒင်ဆရာရေ၊ ခုလောလောဆယ် ကျွန်တော့် ဘော်ဒါမှာ လူတွေပြည့်နေတယ်။ နောင် အခန်းလွတ်ရှိတဲ့အခါ ဗေဒင်ဆရာကို အကြောင်းတော့ ကြားပါမယ်"

ဗေဒင်ဆရာတန် ➠➠"ကျွန်တော် သိပါတယ်ဗျ၊ ခင်ဗျား ကျွန်တော့်ကို အထင်သေးလို့ မထားတာပါ။ ကျွန်တော် အခန်းခတို့ ဘာတို့ မပေးနိုင်မှာကို ခင်ဗျား စိုးရိမ်နေတယ် မဟုတ်လား"

ဝမ်လီဖ ➠➠"ဒီလို ... မဟုတ်ရပါဘူးဗျာ၊ လမ်းမပေါ်မှာ ကြီးလာရတဲ့ ဘဝတူတွေကပဲ၊ တစ်ယောက်ကို တစ်ယောက် အထင်သေးတာတွေ ဘာတွေ မရှိပါဘူး၊ ဒါကြောင့်မို့ မိတ်ဆွေရင်းချာတွေလို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတာပေါ့"

ဗေဒင်ဆရာတန် ➠➠"အင်း ... အပြောကလေးကတော့ ချိုပါပေရဲ့ဗျာ၊ ဗေဒင်ဆရာကတောင် အရှုံးပေးလောက်ပါပေတယ်"

ဝမ်လီဖ ➠➠"အပြော မဟုတ်ပါဘူး။ တကယ်စေတနာ ရှိတာပါ၊ ခင်ဗျား လာမယ်ဆိုရင် လက်ဖက်ရည်ဆိုလဲ ကြိုက်သလောက်သောက်၊ ပိုက်ဆံတစ်ပြားမျှား ယူခဲ့ဖူးလို့လား၊ ကျုပ် တိုက်ခဲ့တဲ့ လက်ဖက်ရည်ဟာ ဘယ်နခွက်ဆိုတာ ရေတောင်ရေနိုင်မှာ မဟုတ်ဘူး။ ခုခင်ဗျားက ဟန်ကျနေတော့ လက်ဖက်ရည်ဖိုးလေးတွေကို ပြန်ပေးဖို့တော့ စိတ်များကူးမိရဲ့လား"

ဗေဒင်ဆရာတန် ➠➠"ဟုတ်ပါပြီလေ၊ ခုအတိုင်းအခြေအနေ ကောင်းနေရင် ခင်ဗျား ပိုက်ဆံကို မကြာခင် ပေးပါ့မယ်။ ဒါပေမဲ့ ခုလောလောဆယ်တော့ နေဦးဗျ၊ ကျုပ်မှာလဲ သိပ် မဟန်သေးဘူး" (ထိုစကားကို ပြောဆိုရင်း ဗေဒင်ဆရာ ခပ်သုတ်သုတ် ထွက်သွားဟန်ပြင်လိုက်သည်။)

လမ်းမပေါ်မှ သတင်းစာရောင်းသည့် သူငယ်ကလေး၏ အော်သံကို ကြားရသည်။ "သတင်းစာတွေ ခင်ဗျ၊ သတင်းစာတွေ၊ ကျန်ကျင့်တျာန် တိုက်ပွဲကြီးအကြောင်းကို သိချင်သလား၊ သိချင်ရင် သတင်းစာ တွေရမယ်။

ကျန်ကျင့်တျာန် တိုက်ပွဲအကြောင်းကို သိချင်ရင် သတင်းစာတွေရမယ်”ဟု အော်ရင်းဆိုင်ထဲသို့ ခေါင်းပြူ၍ ကြည့်သည်။

သတင်းစာသူငယ်➡➡“လက်ဖက်ရည်ဆိုင်ရှင်ကြီး၊ ကျန်ကျင့်တျာန် မှာ တိုက်နေတဲ့ သတင်းတွေပါတယ်။ နောက်ဆုံးသတင်းတွေ၊ သတင်းစာ ယူဦးမလား”

ဝမ်လီဖ ➡➡“စစ်မတိုက်တဲ့လူတွေ သတင်းကော မပါဘူး လား”

သတင်းစာသူငယ်➡➡“မပါချင်လဲ ပါမှာပဲ၊ ဦးလေးကိုယ်တိုင် ကြည့် ပါလား”

ဝမ်လီဖ ➡➡“သွားစမ်းကွာ ... သွားစမ်း၊ ငါ ဒါတွေကို စိတ် မဝင်စားဘူး”

သတင်းစာသူငယ်➡➡“မထူးပါဘူး ဆိုင်ရှင်ကြီးရယ်၊ တိုက်ပွဲတွေ ကတော့ ခါတိုင်းလိုပဲ ဖြစ်နေဦးမှာပဲ၊ (ဗေဒင်ဆရာဘက်သို့ လှည့်၍) ဆရာ ကော စိတ်ဝင်စားသလား”

ဗေဒင်ဆရာတန်➡➡“ငါကတော့ သူ့လို မဟုတ်ဘူးကွ၊ (ဝမ်လီဖကို လက်ညှိုးထိုးပြသည်။) ငါက တိုင်းရေးပြည်ရေး နိုင်ငံတော် အရေးဆိုရင် အမြဲ စိတ်ဝင်စားတယ်”

သတင်းစာ တစ်စောင်ကို ယူပြီးနောက် ပိုက်ဆံမပေးဘဲ အသာလစ် ထွက်သွားသည်။

သတင်းစာသူငယ်သည် ဗေဒင်ဆရာနောက်သို့ ပြေးလိုက်သွား သည်။

ဝမ်လီဖ ➡➡(တစ်ယောက်တည်း ပြောသည်။) “ကျန်ကျင့် တျာန် ကျန်ကျင့်တျာန်တဲ့။ ဟဲ့ ... ကျန်ကျင့်တျာန်ဆိုတာ ဒီနားလေးတင်ပါ ကလား၊ (အော်၍) လီစန်ရေ၊ လီစန် ဈေးကို စားစရာ သောက်စရာ သွားဝယ် မှာဖြင့် မြန်မြန်သွားဟေ့၊ ခဏနေရင် မြို့တံခါးတွေ ပိတ်ချင်ပိတ်သွားမှာ၊ ပိတ် သွားရင် ဘာမှ ဝယ်လို့ရမှာ မဟုတ်တော့ဘူး၊ ငါပြောတာ ကြားရဲ့လား” (နောက်ခန်းမှ မည်သည့် အသံကိုမျှ မကြားရသည့်အခါတွင် ဝမ်လီဖ စိတ် ဆိုးဆိုးဖြင့် နောက် ဖေးခန်းဆီသို့ ဝင်သွားသည်။)

ဘိုကျန်သည် မုန်လာဥချဉ် တစ်အိုးနှင့် ကြက်နှစ်ကောင်ကို ဆွဲ၍ ဆိုင်ထဲသို့ ဝင်လာသည်။

ဘိုကျန် ➡➡"ဗျို့ ... ဆိုင်ရှင် ဝမ်လီဖတို့"

ဝမ်လီဖ ➡➡"ဘယ်သူလဲ ဗျို့၊ အလို ... ဘိုကျန်ပါလား၊ ခု တလောမှာ ခင်ဗျား ဘာတွေများ လုပ်ကိုင်နေသတုံး"

ဘိုကျန် ➡➡"ကုန်စိမ်းကလေး ရောင်းနေတယ်ဗျ၊ ဝမ်းတစ်ထွာကို ကျောင်းရတာပဗျာ၊ ဘယ်သူ့ဆီမှ ခဃယယ အောက်မကျို့ချင်တော့ဘူး လေဗျာ၊ ဒီနေ့ မြို့ပြင်မှာ တိုက်ပွဲတွေ ဖြစ်နေလို့ အပြင်ထွက်ပြီး ကုန်စိမ်းသွားမကောက်နိုင်ဘူးဗျ၊ ဟောဒီ ကြက်ကလေး နှစ်ကောင်နဲ့ မုန်လာချဉ်ကလေးပဲ ရခဲ့တယ်။ နောင်ကြီးလည်း မနက်ဖြန်မှာ ဆိုင်ဖွင့်တော့မယ်ဆို၊ ဒါကြောင့် ဆိုင်ဖွင့်ရင် လိုရမည်ရဆိုပြီး ရှိတာလေးတွေကို ဆွဲလာခဲ့တာ"

ဝမ်လီဖ ➡➡"ကျေးဇူးပဲဗျာ၊ ပြောလို့သာ ပြောရတယ်။ ဘယ်လိုဖွင့်ပြီး ဘယ်လို ရောင်းရဦးမယ်ဆိုတာတောင် မပြောတတ်သေးဘူး"

ဘိုကျန် ➡➡(ဆိုင်ပတ်လည်ကို လှမ်းကြည့်ရင်း) "ကောင်းတယ်၊ ကောင်းတယ် ... ခင်ဗျားက တော်တော်ကောင်းအောင် ပြင်ဆင်ထားတာကိုး၊ ခုဆိုရင် လက်ဖက်ရည်ဆိုင်ကြီးတွေ မရှိတော့ဘူး။ ပိတ်ကုန်ကြပြီ၊ ပြုပြင်ရေးအခါကြီးနဲ့အညီ ကိုယ့်လုပ်ငန်းကို လိုက်ပြောင်းနိုင်တဲ့လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတော့တယ်"

ဝမ်လီဖ ➡➡"ခင်ဗျားက ချီးမွမ်းတာတော့ ဟုတ်ပါပြီ၊ ကျွန်တော်လဲ အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်တာပဲလေ၊ ဒါပေမဲ့ ဒီလို ဗရုတ်ဗရက်ဆက်ဖြစ်နေတယ်ဆိုရင်တော့ ကျုပ်လုပ်ထားသမျှတွေဟာ သဲထဲ ရေသွန် ဖြစ်မှာပဲ"

ဘိုကျန် ➡➡"အင်း ... ကျွန်တော်တို့လို ကောင်မျိုးတွေတော့ ဒီလို အကောင်းစား လက်ဖက်ရည်ဆိုင်ကြီးတွေမှာ ဘယ်ထိုင်နိုင်တော့ မလဲဗျာ၊ သိပ်သေချာတာပေါ့"

ဘိုဆုံ ဝင်လာသည်။ သူ့အဝတ်အစားများမှာ စုတ်ပြတ်ညစ်ပတ်နေသည်။ သို့ရာတွင် လက်ထဲတွင် ငှက်လှောင်အိမ်ကို ကိုင်မြဲကိုင်ထားသည်။

ဘိုဆုံ ➡➡"ဆိုင်ရှင်ကြီး၊ မနက်ဖြန်မှာ ခင်ဗျားလက်ဖက်ရည်ဆိုင် ပြန်ဖွင့်တော့မယ်ဆို၊ ဒါကြောင့် အားပေးဖို့လာခဲ့တာပဲ၊ (ဘိုကျန်ကို မြင်သွားသည့်အခါတွင်) အလို ... ဘိုကျန်ပါလား၊ ကြည့်စမ်းဗျာ၊ မတွေ့ရတာကို ကြာလှပြီ"

ဘိုကျန် ➠➠"ဘယ့်နှယ်လဲ နောင်ကြီး၊ ခင်ဗျားကော အခြေအနေ ဘယ့်နှယ်လဲ"

ဝမ်လီဖ ➠➠"ထိုင်ကြဦးလေဗျာ"

ဘိုဆုံ ➠➠"ဆိုင်ရှင်ကြီးကော နေထိုင်ကောင်းတယ်နော၊ အိမ်သူကော နေထိုင်ကောင်းတယ် မဟုတ်လား၊ သားတွေကော အလုပ်အကိုင် ဘယ့်နှယ်ရှိစ"

ဝမ်လီဖ ➠➠(သူ့မေးခွန်းများအားလုံးကို ကြိုးစားဖြေရင်း) "အားလုံး ကောင်းပါတယ်ဗျာ၊ ကျေးဇူးပါပဲ၊ ကြင်နှစ်ကောင်နဲ့ မုန်လာဥချဉ်အိုးကို ကောက်ယူလိုက်ပြီး) ဘိုကျန်ရေ ... ဘယ်လောက်ကျသလဲ ဗျို့"

ဘိုကျန် ➠➠"ဘယ်လောက်ရယ်လို့ မဟုတ်ပါဘူးဗျာ၊ ကြည့်သာပေးပါ"

ဝမ်လီဖ ➠➠"ကောင်းပြီလေ၊ ကျွန်တော် ခင်ဗျားတို့ဖို့ လက်ဖက်ရည် သွားနှပ်လိုက်ဦးမယ်"(ဝမ်လီဖ ပစ္စည်းများကိုကိုင်၍ နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။)

ဘိုဆုံ ➠➠"ဘယ့်နှယ်လဲ ဘိုကျန်၊ အခြေအနေ ဘယ်လိုလဲ"

ဘိုကျန် ➠➠"ခုတော့ ကုန်စိမ်းလေး ဘာလေး ရောင်းပြီး စားနေရတာပေါ့ဗျာ၊ ကျုပ်တို့ မန်ချူးမူးမျိုးမတ်နွယ်တွေရဲ့ ထောက်ပံ့ကြေးကို ရပ်စဲလိုက်တော့ ကိုယ့်ဘာသာကိုယ် ရှာစားနေရတာပေါ့၊ ခင်ဗျားကော ဘယ့်နှယ်လဲ"

ဘိုဆုံ ➠➠"ခင်ဗျား မေးရုံနဲ့ကို ကျွန်တော် ဝိုချင်နေပြီ၊ ကျွန်တော့် အဝတ်အစားကိုပဲ ကြည့်လေ၊ လူမွဲလူတောင် ပြောင်သေးရဲ့လား"

ဘိုကျန် ➠➠"ဒါပေမဲ့ ခင်ဗျားက အရေးအဖတ်အတွက် တတ်တဲ့လူပဲဗျာ၊ ဘယ်နေရာသွားသွား အလုပ်မရှားပါဘူး။ အလုပ်ရှာလို့ မရသေးဘူးလား"

ဘိုဆုံ ➠➠"ဘာအလုပ်မှ ရှာလို့ မရဘူးဗျ၊ တကယ့်တော့ ဘယ်သူငတ်ချင်မလဲဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့လို မန်ချူးမူးမတ်မျိုးနွယ်ကို ဘယ်သူကမှလဲ အလုပ် မခန့်ချင်ဘူး။ ကျွန်တော်တို့မှာ ဟိုတုန်းက ချင်မင်းဆက် ဧကရာဇ်ဘုရင်လက်ထက်ကလည်း ကောင်းကောင်းမနေခဲ့ရဘူး၊ ခုသမ္မတနိုင်ငံတော်ကြီး ထူထောင်ပြီးတော့လည်း ကျွန်တော့်မှာ ငတ်နေတယ်ဗျ"

ဝမ်လီဖ ➠(လက်ဖက်ရည် ကရားတစ်လုံးကိုကိုင်၍ ပြန်လာပြီး ဘိုကျန်ကို ပိုက်ဆံအချို့ပေးသည်။) "ခင်ဗျားမှာ ဘာတွေ ဘယ်လောက် ကုန်ကျနေသလဲတော့ မသိဘူး၊ ဒီလောက်ဆိုရင်တော့ လုံလောက်မလား မသိဘူး"

ဘိုကျန် ➠(ပိုက်ဆံကို ရေတွက်ခြင်း မပြုဘဲ) "ကိစ္စ မရှိပါဘူး၊ ရပါတယ်"

ဝမ်လီဖ ➠(ငှက်လှောင်အိမ်ကို ထိုးပြရင်း) "နောင်ကြီးမှာလဲ ငှက်တွေကို ဝါသနာပါတုန်းပဲကိုး၊ ငှက်ကကော သီချင်းဆိုပြတတ်သေးရဲ့လား"

ဘိုဆုံ ➠"ဟုတ်တယ်ဗျ၊ ဥဩလေးရယ်၊ ကျွန်တော်ငတ် ချင်ရင် ငတ်ပေ့စေဗျာ၊ ကျွန်တော့် ငှက်ကလေးကိုတော့ အငတ်မထားနိုင်ဘူး၊ (အနည်းငယ် စိတ်ရွှင်လန်းလာကာ) ကြည့်စမ်း၊ (လှောင်အိမ်အဖုံးကို ဖွင့် သည်။) ဘယ်လောက်လှတဲ့ ငှက်လဲဗျာ၊ ဟောဒီငှက်ကလေး မြင်လိုက်ရင် ကျွန်တော် မသေချင်တော့ဘူး"

ဝမ်လီဖ ➠"နောင်ကြီး ဆုံရာ၊ သေစကားတွေ ဘာဖြစ်လို့ ပြောနေရတာလဲ၊ ဒီရက်အတွင်းမှာ ခင်ဗျားကော ကံမပေါ်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ"

ဘိုကျန် ➠"ကဲ ... လာဗျာ "နောင်ကြီးဆုံ၊ အရက်ကလေး ဘာလေး တစ်ခွက် တစ်ဖလား မော့လိုက်ကြဦးစို့ရဲ့၊ စိတ်ညစ်စရာတွေကို အရက်နဲ့ ဆေးကြော ပစ်လိုက်ရတာပ၊ ဆိုင်ရှင်ကြီးရေ၊ ခင်ဗျားကိုတော့ မဖိတ်တော့ဘူးနော်၊ ကျွန်တော့်မှာ ပိုက်ဆံသိပ်ရှိတာ မဟုတ်ဘူး။ ခင်ဗျား သိပါတယ်လေ"

ဝမ်လီဖ ➠"ကျွန်တော့်မှာလဲ အလုပ်ကလေးတွေ ရှိနေသေး တယ်ဗျာ၊ခင်ဗျားတို့နဲ့အတူ လာမသောက်တာကို ဘယ်လိုမှမအောက်မေ့ကြနဲ့"

ဘိုကျန်နှင့် ဘိုဆုံတို့ ဆိုင်အပြင်သို့ ထွက်မည်အပြုတွင် စုန်အန်နှင့် ဝူကျန်တို့ ဆိုင်ထဲသို့ ဝင်လာကြသည်။ သူတို့နှစ်ယောက်မှာ ယခုတိုင် ဝတ်ရုံရှည်ကြီးများသို့ ဝတ်ထားဆဲ ဖြစ်သည်။ သို့ရာတွင် ထိုခေတ် ဖက်ရှင်အတိုင်း အင်္ကျီလက်များမှာ ကျဉ်းသွားပြီးအနက်အရောင် အိတ်ကလေးများ တပ်ဆင်ထား၏။

ဘိုဆုံ ➟➟(သူတို့နှစ်ယောက်ကို ချက်ချင်း မှတ်မိလိုက်သဖြင့် မရည်ရွယ်ဘဲ အလိုလို ဒူးတစ်ဖက်ထောက်၍ အရိုအသေ ပေးမိလျက်သားဖြစ်သွားကာ) "ဩော် ... ဆရာတို့ပါလား"

ဆိုင်ရှင် ဝမ်လီဖမှာလည်း ဘိုဆုံ လုပ်သည်ကို အားကျသွားဟန်ဖြင့် အလားတူ ရိုသေစွာ နှုတ်ဆက်သည်။ အထောက်တော် နှစ်ယောက်မှာ အနေရခက်နေကြသည်။

စုန်အန့် ➟➟"ဗျို့ ... လူတွေ ဘာဖြစ်နေကြတာလဲ၊ ကျုပ်တို့နိုင်ငံကို သမ္မတနိုင်ငံတော်ကြီးအဖြစ် ထူထောင်ခဲ့တာ ကြာလှပြီ၊ ဒီလို ဒူးထောက်ပြီး အရိုအသေပေးစရာ မလိုတော့ဘူးလေ၊ ခုခေတ်သစ်မှာ ဦးညွှတ်နှုတ်ဆက်ရတယ်ဗျ၊ ခင်ဗျားတို့ မသိဘူးလား"

ဘိုဆုံ ➟➟"မသိပါဘူးဗျာ၊ ခင်ဗျားတို့ ဝတ်ထားတဲ့ မီးခိုးရောင် ဝတ်ရုံရှည်ကြီးတွေကို မြင်လိုက်တော့ ကျွန်တော့်စိတ်ထဲမှာ ချင်မင်းဆက်ခေတ်လို့ပဲ အောက်မေ့လိုက်မိတယ်။ ဒါနဲ့ ဒူးထောက်လိုက်တာပါ"

ဝမ်လီဖ ➟➟"ကျွန်တော်လဲ ဒီလိုပဲ ဦးညွှတ်နှုတ်ဆက်ရတာကို အားမရဘူးဗျာ၊ ဒူးထောက်ရမှပဲ အားရပါးရ ရှိတယ်"

ဝူကျန့် ➟➟"ဘယ့်နှယ်လဲ ရဲဘော်ဆုံ၊ ခင်ဗျားတို့ မန်ချူးမူးမတ်မျိုးနွယ် ထောက်ပံ့ကြေးတွေဟာ သမ္မတနိုင်ငံ ခေတ်ကျတော့ ပြုတ်သွားပြီ မဟုတ်လား၊ ကျုပ်တို့ မီးခိုးရောင် ဝတ်ရုံရှည်ကတော့ ဘယ်တော့မှ မတိမ်ကောဘူးဗျ၊ မဟုတ်ဘူးလား ... ဟဲ ... ဟဲ၊ (ရဲဘော်ကျန်ကို မြင်သည်တွင်) ဒီက မိတ်ဆွေက ဘိုကျန်ထင်ပါရဲ့နော်၊ ဟုတ်စ"

ဘိုကျန် ➟➟"ဟုတ်တယ်ဗျ၊ ခင်ဗျား တော်တော် မှတ်ဉာဏ်ကောင်းသားပဲ၊ ၁၈၉၈ ခုနှစ်တုန်းက ချင်မင်းဆက် နိုင်ငံတော်ကြီး ပျက်စီးတော့မယ်လို့ ကျုပ်ဒီနေရာမှာ ပြောခဲ့ဖူးတယ်။ ဒီလို ပြောမိတဲ့အတွက် ခင်ဗျားတို့နှစ်ယောက် ကျုပ်ကိုဖမ်းသွားလို့ ထောင်ထဲမှာတစ်နှစ်ကျော်လောက် နေခဲ့ရတယ်"

စုန်အန့် ➟➟"ခင်ဗျား မှတ်ဉာဏ်လဲ ကောင်းသားပဲ၊ မဆိုးပါဘူး။ ခင်ဗျားကော ခုနေရေး ထိုင်ရေး ဟန်ကျရဲ့လား"

ဘိုကျန် ➟➟"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ထောင်က ထွက်လာပြီး မကြာခင်မှာ ၁၉၀၀ ပြည့် ဘောက်ဆာသူပုန်ကြီးဖြစ်တယ်။ ဘောက်ဆာသူပုန်ကြီးရဲ့ ကြွေးကြော်သံက 'ချင်မင်းဆက်ကို ထောက်ခံကြ၊ နိုင်ငံခြားသားများကို ချေမှုန်းသုတ်သင်ကြ' တဲ့၊ ဒါနဲ့ ကျုပ်လဲ

အရေးတော်ပုံထဲ ပါသွားပြီး နိုင်ငံခြား စစ်တပ်တွေနဲ့ တိုက်ပွဲကလေးဘာလေး တိုက်ခဲ့တယ်။ ဒါပေမဲ့ မထူးပါဘူး။ ချင်မင်းဆက်နိုင်ငံတော်ကြီးဟာ နောက်ဆုံး ကျတော့ ပြိုလဲပျက်စီးသွားခဲ့တာပါပဲ။ ပျက်စီးမယ်ဆိုရင်လဲ ပျက်စီးထိုက်ပါ တယ်။ ကျုပ်ဟာ ချင်မွူးမျိုးမတ်မျိုးပါ။ ဒါပေမဲ့ တရားသဖြင့် ကြည့်ရလိမ့် မယ်။ ခုကျုပ် ဘာလုပ်သလဲ၊ အရဏ်မတက်မီ အိပ်ရာကထ ကုန်စိမ်းတောင်း နှစ်တောင်းကို ထမ်းပြီး မြို့ကို လာရောင်းရတယ်။ မနက် ဆယ်နာရီဆိုရင် ရောင်းလို့ကုန်ပြီ၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားတယ်။ ဒါကြောင့် ကျွန်တော့်မှာ ခါတိုင်းထက် ပိုပြီး သန်မာတောင့်တင်းလာတယ်။ နိုင်ငံခြားသားတွေက သူတို့ တပ်တွေနဲ့လာပြီး နောက်တစ်ခါတိုက်ရင် ကျုပ်သူတို့ကို တိုက်ဖို့ အဆင်သင့်ပဲ။ ကျုပ်ဟာ ချင်မွူးမျိုးမတ်မျိုးပဲ၊ ဒါပေမဲ့ မွူးမျိုးမတ်မျိုးဟာလဲ တရုတ်အမျိုးသားပဲ မဟုတ်လား၊ ခင်ဗျားတို့ နှစ်ယောက်ကော အခြေအနေ ဘယ့်နှယ်လဲ"

ဝူကျန့် ➠➠ "ဒီလိုပဲ လုပ်နေရတာပေါ့ဗျာ၊ သက်ဦးဆံပိုင် ဧကရာဇ် ဘုရင်တုန်းကလဲ ကျုပ်တို့ အမှုထမ်းခဲ့ကြရတာပဲ၊ သမ္မတ ယွမ်ရှီခိုင် တက်လာတော့လဲ ကျုပ်တို့ အမှုထမ်းရပြန်တာပဲ၊ ခုကျတော့ စုန်အန့်တို့ ဘယ် လို ပြောရမလဲ"

စုန်အန့် ➠➠ "ခုကျတော့လဲ ကိုယ့်ထမင်းပန်းကန်ထဲ ထမင်း ထည့်ပေးတဲ့လူကို ခစားရမှာပေါ့"

ဘိုကျန် ➠➠ "နိုင်ငံခြားသားဆိုရင်လဲ ခစားမှာပဲလား"

ဘိုဆုံ ➠➠ "ဗျို့ ... ဘိုကျန် သွားကြစို့ဗျာ"

ဝူကျန့် ➠➠ "ဒီမှာ ဘိုကျန်၊ ခင်ဗျား နားလည်ထားဖို့က ကျုပ်တို့ အမှုထမ်းခဲ့တဲ့ ကျုပ်တို့ အရှင်သခင်တိုင်းဟာ နောက်မှာ နိုင်ငံခြား တစ်ခုရဲ့ ထောက်ခံမှု ရထားတယ်ဆိုတာ ခင်ဗျား သိထားပါ၊ ကိုယ့်မှာ နိုင်ငံခြား လက် နက်တွေ၊ အမြောက်တွေ မရှိဘဲ ဘယ့်နှယ်လုပ် စစ်တိုက်ရမလဲ"

ဘိုဆုံ ➠➠ "ဟုတ်တာပေါ့ဗျာ၊ ခင်ဗျား ပြောတာ သိပ်မှန် တာပေါ့၊ ဗျို့ ... ဘိုကျန် သွားကြစို့"

ဘိုကျန် ➠➠ "ကဲ ... သွားဦးမယ် မိတ်ဆွေတို့၊ မကြာခင်မှာ ခင်ဗျားတို့တစ်တွေ ရာထူးတွေ ဘာတွေထိုးပြီး ကြီးပွားဦးမှာပါဗျာ"

ဘိုဆုံနှင့်အတူ အပြင်သို့ ထွက်သွားသည်။

စုန်အန့် ➠➠ "သောက်ရူး"

ဝမ်လီဖ ➠➠(လက်ဖက်ရည်ငှဲ့ငှဲ့ရင်း) "ဘိုကျန် ဆိုတဲ့လူက တော်တော် ခေါင်းမာတဲ့လူ၊ ဘယ်သူ့ကိုမှ ဦးညွှတ်ချင်တာ မဟုတ်ဘူး၊ သူ့ကို အရေးလုပ်မနေပါနဲ့ဗျာ၊ (လက်ဖက်ရည်ခွက်ကို ကမ်းပေးရင်း) ကဲ ... လက်ဖက်ရည် သုံးဆောင်ပါဦး ဆရာတို့"

စုန်အန့် ➠➠"ခင်ဗျားဆီမှာ ဘော်ဒါလာနေတဲ့လူတွေက ဘယ်လို လူတွေလဲ"

ဝမ်လီဖ ➠➠"တက္ကသိုလ်ကျောင်းသားတွေ များပါတယ်။ ကျွန်တော့် အသိအကျွမ်း တချို့လဲ ရှိပါတယ်။ ကျွန်တော့် ဘော်ဒါမှာ မှတ်ပုံတင် ထားပါတယ်။ သူတို့ နာမည်တွေကိုလဲ ရဲဌာနကို ချက်ချင်းပို့ပေးပြီး သားပါ။ မှတ်ပုံတင်စာအုပ် ကြည့်မလား ဆရာ"

ဂူကျန့် ➠➠"ကျုပ်တို့အလုပ်က စာအုပ်ကို ကြည့်တဲ့အလုပ် မဟုတ်ဘူးဗျ၊ လူတွေကို ကြည့်တဲ့ အလုပ်"

ဝမ်လီဖ ➠➠"လူတွေကိုတော့ ကြည့်ဖို့ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော် သူတို့အတွက် အာမခံပါတယ်"

စုန်အန့် ➠➠"ခင်ဗျားက သူတို့တစ်တွေဘက်ကို ဘာဖြစ်လို့ လိုက်နေရတာလဲ၊ သူတို့က အေးအေးဆေးဆေး နေချင်ကြတာ မဟုတ်ဘူး"

ဝမ်လီဖ ➠➠"ဆရာတို့ အမှုထမ်းလောကမှာ ဒီနေ့အရာရှိ တစ်ယောက် တစ်နေ့အရာပြုတ် ဆိုသလိုပဲ၊ ကျွန်တော်တို့ အရောင်းအဝယ် လောကမှာလဲ ဒီအတိုင်းဖြစ်နေတယ်ဗျ၊ ဒီနေ့ငွေရှင် မနက်ဖြန် ကြွေးတင်တဲ့၊ ဒီအခါကြီးမှာ ဘယ်သူ့ကိုမှ အားကိုးလို့ ရတာမဟုတ်ဘူး၊ အဲ ... အခန်းခ မှန်မှန် ပေးနိုင်တာဆိုလို့ ကျောင်းသားတွေပဲ ရှိတယ်။ အေးလေ၊ ကျောင်းသား ကတော့ ပိုက်ဆံမရှိလို့လဲ မဖြစ်ဘူး မဟုတ်လား၊ ပိုက်ဆံရှိမှ တက္ကသိုလ် သွားလို့ ဖြစ်တာကိုး၊ ကျွန်တော်တို့မှာ ဒီအတိုင်း တွက်ပြီး လုပ်နေရတာပါ"

စုန်အန့် ➠➠"အင်း ... အင်း ... ခင်ဗျားကတော့ သေသေချာ ချာ တွက်ချက်ပြီးသားကိုး၊ ကောင်းပါတယ် ... ကောင်းပါတယ်။ ခင်ဗျား ပြောသလိုပဲ၊ ခုအခါမှာက ဒီပြင်လူတွေ မပြောနဲ့၊ ကျုပ်တို့တောင် အချိန်မှန်မှန် လခမရဘဲ ဖြစ်နေတယ်"

ဂူကျန့် ➠➠"ဒါကြောင့်မို့ ကျုပ်တို့မှာ ဆုကြေးကလေးတွေ ဘာတွေရအောင် နေ့စဉ် လူတွေကို လျှောက်ဖမ်းနေရတာပေါ့ဗျ"

စုန်အန့် ➠➠"ကျုပ်တို့ကတော့ တွေ့ရာလူကို ကောက်ဆွဲလိုက်တာပဲ၊ ဒါပေမဲ့ အချည်းနှီးတော့ မဖြစ်ပါဘူး၊ လူတွေကို ဖမ်းနေသမျှတော့ ကျုပ်တို့မှာ ဆုကြေးလေး ဘာလေးရနေဦးမှာပေါ့၊ ကဲ ... ပြောနေကြာတယ်ဗျာ၊ နောက် အိမ်ခန်းတွေထဲ ဝင်ကြည့်လိုက်ကြဦးစို့"

ဂူကျန့် ➠➠"သွားလေ"

ဝမ်လီဖ ➠➠"ဆရာတို့ရယ်၊ ဘာဖြစ်လို့ အချိန်ကုန် ခံနေမလဲ၊ ကျွန်တော့် ဘော်ဒါမှာရှိတဲ့ လူတွေဟာ လူကောင်းတွေပါ၊ ကျွန်တော် အာမခံပါတယ်"

စုန်အန့် ➠➠"ဝင်မကြည့်ရင် ဆွဲစရာလူ မရှိဘူး။ ဆွဲစရာလူ မရှိရင် ကျုပ်တို့မှာ ဆုကြေးမရဘူး"

စုန်အန့် ➠➠"ဆိုင်ရှင်ကြီးက ကျုပ်တို့ကို အထဲဝင် မရှာစေချင်ပုံ ထောက်ရင် ဒီပြင် နည်းလမ်းကလေးတွေ စဉ်းစားထားဟန် တူတယ်။ ကျုပ်တို့ကလဲ တချို့ကိစ္စလေးတွေကို မသိချင်ယောင် ဆောင်တန်ဆောင်နေလိုက်မယ်ဗျာ၊ ဘယ့်နှယ်လဲ ဆိုင်ရှင်ကြီး"

ဝမ်လီဖ ➠➠"ကျွန်တော်၊ ကျွန်တော်"

စုန်အန့် ➠➠"ကျွန်တော် အကြံတစ်ခုရတယ်ဗျ၊ သိပ်တော့ အကောင်းကြီး မဟုတ်ဘူးလေ၊ ဒီလိုလုပ်ဗျာ၊ လစဉ်ပေးတဲ့ စနစ်ကလေးတစ်ခု လုပ်၊ လစဉ် လဆန်း တစ်ရက်နေ့တိုင်း ခင်ဗျားက ကျွန်တော်တို့အတွက်"

ဂူကျန့်. ➠➠"မိတ်ဖြစ် ဆွေဖြစ် အထိမ်းအမှတ် လက်ဆောင် သဘောပေါ့ဗျာ"

စုန်အန့် ➠➠"ဒါပေါ့၊ မိတ်ဖြစ် ဆွေဖြစ် ပေးတဲ့ သဘောပေါ့၊ ဒီလိုဆိုရင် နှစ်ဖက်စလုံးအတွက် အဆင်ပြေသွားတာပေါ့"

ဝမ်လီဖ ➠➠"အဲဒီမိတ်ဖြစ် ဆွေဖြစ် သဘောက တန်ဖိုးဘယ်လောက် ရှိမလဲဗျာ"

ဂူကျန် ➠➠"မိတ်ဟောင်း ဆွေဟောင်းတွေပဲဗျာ ခင်ဗျားပဲ ကြည့်ဆုံးဖြတ်ပေါ့၊ ခင်ဗျားလဲ ခေတ်လူမှ မဟုတ်တာ၊ ခုမိတ်ဖြစ် ဆွေဖြစ်ပေးတဲ့ အထိမ်းအမှတ်ကလေးကို ပေးတဲ့အခါမှာ မိတ်ဆွေမပီသတဲ့ အပြုအမူ မျိုးတော့ ပေါ်ချင်မှာ မဟုတ်ပါဘူးနော်၊ ဟုတ်တယ် မဟုတ်လား"

လီစန် ➠➠(ဈေးချင်းတောင်းကို ဆွဲကာ ဆိုင်ထဲသို့ င်လာရင်း) "ဆရာတို့၊ ဆရာတို့၊ (ဒူးတစ်ဖက်ညွတ်၍ အရိုအသေ ပေးသည်။)

ဒီနေ့မြို့တံခါးတွေ ပိတ်ဦးမှာလား၊ (သူတို့အဖြေကို မစောင့်တော့ဘဲ အပြင်ဘက်သို့ ထွက်သွားသည်။)

ကျောင်းသားနှစ်ယောက် သုံးယောက်တို့သည် အပြင်မှ ဆိုင်ထဲသို့ ခပ်သုတ်သုတ် ဝင်လာကြသည်။

ကျောင်းသားတစ်ယောက် ➠➠ "ဗျို့ ... လီစန်၊ အပြင်ကို မထွက်ရင် ကောင်းမယ်။ လမ်းမှာ တွေ့သမျှလူတွေကို စစ်တပ်က ကူလီ လိုက်ဆွဲနေတယ်။ (သူတို့နောက်ဖေးဘက်သို့ ဝင်သွားကြသည်။)

လီစန် ➠➠(သွားမြဲသွားလျက်) "မထူးပါဘူးဗျာ၊ ကျွန်တော်တို့အဖို့ ဒီမှာ နေရင်လဲ ကူလီပဲ မဟုတ်လား"

ကျောက်ဖြူးလူသည် ကြောက်အားလန့်အားဖြင့် ဆိုင်ထဲသို့ ပြေးဝင်လာသည်တွင် လီစန်နှင့် ဝင်တိုးမိကြသည်။

လီစန် ➠➠"ဘာဖြစ်လာတာလဲဗျ၊ ခင်ဗျားကို ကြည့်ရတာ နောက်က သေမင်းလိုက်လာသလိုပဲ"

ကျောက်ဖြူးလူ ➠➠(အသက်ကိုမျှ ကောင်းစွာ မရှူနိုင်ဘဲ) "မသွားနဲ့ ... မသွားနဲ့၊ ငါတောင် အနိုင်နိုင် ပြေးလာခဲ့ရတာ"

ဝမ်လီဖ ➠➠"လီစန်ရေ၊ ခုနေတော့ မသွားတာ ကောင်းတယ်ကွာ"

လီစန် ➠➠"မသွားရင် ဘာနဲ့ သွားစားကြမလဲ"

ဝမ်လီဖ ➠➠"သွားကွာ၊ မနက်စာတော့ မုန့်လာချဉ်နဲ့ ထမင်းပဲ ရမယ်လို့ ဘော်ဒါက လူတွေကို သွားပြောလိုက်၊ ညစာကျတော့မှ ကြက်နှစ် ကောင်ကို ပေါ်ကျွေးရမှာပဲ"

လီစန် ➠➠"ဒါတော့ သဘောပေါ့လေ"(လီစန်နောက်ဖေးဘော်ဒါဘက်သို့ ထွက်သွားသည်။)

ကျောက်ဖြူးလူ ➠➠"အံမယ်လေး ဘုရား ... ဘုရား လန့်လိုက်တာဗျာ၊ သေတော့မလား အောက်မေ့ရတယ်"

စုန်အန့် ➠➠"ဘာဖြစ်လို့ ခင်ဗျားက ဒီလောက်ဖြစ်နေရတာလဲ၊ ကောင်မလေးတွေကို အရောင်းအဝယ် သိပ်လုပ်နိုင်မှာ မဟုတ်တော့လို့လား"

ကျောက်ဖြူးလူ ➠➠"ဒါကတော့ဗျာ တချို့က ရောင်းချင်တယ်၊ တချို့က ဝယ်ချင်တယ်။ ကျွန်တော်က သူတို့ကြားမှာ ဝင်ကူတဲ့ သဘောပါ၊

ကျွန်တော့်ကို တလွဲမထင်ပါနဲ့”(စားပွဲပေါ်တွင်ရှိသည့် ခွက်သုံးလေးခွက်မှ လက်ဖက်ရည် အကြွင်းအကျန်များကို လိုက်သောက်နေသည်။)

စုန်အန့် ➠➠“ဒီမှာ ကိုယ့်လူ၊ ခင်ဗျားကို ကျုပ် သတိပေးလိုက်မယ်နော်။ ဘုရင်ခေတ်ကတည်းက သူပုန်တွေ၊ ဘာတွေလောက်ကိုသာ ကျုပ်တို့ ကိုင်ခဲ့တာ၊ ခင်ဗျားတို့လို ဖာခေါင်းတွေ၊ လူပွဲစားတွေ ကျုပ်တို့ မကိုင်ချင်ဘူး၊ လက်သနတယ်။ ခု ခင်ဗျား ဒီအလုပ်တွေကို ဆက်လုပ်နေတယ်ဆိုရင် ကျုပ်တို့လဲ မျက်စိမှိတ်ထားလို့ရမှာ မဟုတ်တော့ဘူး၊ အဲ ... ခင်ဗျားကိစ္စပေါ်လို့ ထောင်ထဲကို ရောက်ပြီဆိုရင်တော့ ခင်ဗျားလည်ပင်းမှာ ချေးအိုးကြီးဆွဲထားမှာ”

ကျောက်ဖြူးလူ ➠➠“မဟုတ်ပါဘူး ဆရာတို့ရယ်၊ ကျွန်တော့်ကို ဒီလို အထင်မလွဲကြပါနဲ့၊ ဒီခေတ်မှာ ကျွန်တော်လဲ သူလိုကိုယ်လိုပဲ ဒုက္ခရောက်နေပါတယ်။ ဟိုခေတ်တွေတုန်းကတော့ ကျွန်တော့်မှာ မန်ချူးမှူးမျိုးမတ်နွယ်တွေ၊ မိန်းမစိုးတွေနဲ့ အဆက်အသွယ် ရှိခဲ့ပါတယ်။ ခုတော့ တော်လှန်ရေးဖြစ်ပြီး မန်ချူးမင်းဆက် ပြုတ်ကျသွားကတည်းက ကျွန်တော့်မှာ ခွေးလိုနေရတာပါ။ အဲဒီခေတ်တုန်းကတော့ နန်းရင်းဝန်ကြီးတွေ၊ အမတ်ကြီးတွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေက အပျော်မယား ထားချင်တယ်ဆိုရင် အဆိုကျော်တို့၊ ဇာတ်ထဲက မင်းသမီးတို့ကိုမှ လိုချင်ပါတယ်။ သူတို့ကို ရမယ်ဆိုရင် ငွေသားကျပ်တစ်ထောင်ကိုလဲ ပေးတာပဲ၊ နှစ်ထောင်ဆိုရင်လဲ ပေးတာပဲ၊ ကျွန်တော်က သူတို့ အနားကို သီတောင်မသီနိုင်ပါဘူး။ ဒီတော့ ကျွန်တော့်လို အနုပ်စုတ်ကုပ်စုတ် အလုပ်ကလေးကို ခင်ဗျားတို့ ဘာဖြစ်လို့ လိုက်ရန်ရှာနေကြရတာလဲဗျာ”

စုန်အန့် ➠➠“အေး ... အထဲရောက်လို့ ခင်ဗျား လည်ပင်းမှာ ချေးအိုးအဆွဲခံရရင် ခင်ဗျား လေသံပြောင်းသွားမှာပေါ့ဗျာ”

ကျောက်ဖြူးလူ ➠➠“ဆရာတို့ရယ် ... ဒီနေ့တော့ ဆရာတို့ကို ပြုစုဖို့ ကျွန်တော့်မှာ ဘာမှ မရှိသေးပါဘူး။ ဒါပေမဲ့ နောက်များမကြာခင်မှာပဲ ဆရာတို့ကို ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်ဗျာ၊ ကျွန်တော် ကတိပေးပါတယ်”

ဝူကျန့် ➠➠“ခင်ဗျားမှာ အလုပ်ကြီး အကိုင်ကြီး တစ်ခုခု ရှိနေရမယ်။ ဒီလိုမရှိရင် ဒီလောက် ဗရုတ်ဗရက် ကာလကြီးမှာ ဘာဖြစ်လို့ ဘယ်အပြင်ထွက်မလဲ”

ကျောက်ဖြူးလူ ➠➠“မဟုတ်ပါဘူး ခင်ဗျာ၊ ဘာအလုပ်ကြီး အကိုင်ကြီးမှ မရှိပါဘူး”

စုန်အန့် ➟➟"ခင်ဗျား ပါးစပ်က ဘယ်တုန်းက မှန်တာပြောဖူးလို့လဲ၊ ခင်ဗျား ကျုပ်တို့ကို လိမ်မယ်လို့တော့ စိတ်မကူးနဲ့နော်။ ဗျို့ ...ဝမ်လီဖ ကျုပ်တို့သွားမယ်ဗျို့၊ နောက်လဆန်းတစ်ရက် နေ့ကျမှ လာခဲ့မယ်၊ ပြက္ခဒိန်သစ် လဆန်းတစ်ရက်နော်၊ မမေ့နဲ့ဦး"

ဝမ်လီဖ ➟➟"ကျွန်တော့်နာမည်ကိုသာ မေ့ချင်မေ့မယ်၊ ခင်ဗျားတို့ ကိစ္စကိုတော့ ဘယ်တော့မှ မမေ့ပါဘူးဗျာ"

ဝူကျန့် ➟➟"ဒီလိုဆိုရင် ရှင်းပြီနော်၊ ကဲ ... ကျုပ်တို့သွားမယ်"(စုန်အန့်နှင့်အတူ ထွက်သွားသည်။)

ဝမ်လီဖ ➟➟"ကိုကျောက်လူလဲ လက်ဖက်ရည် သုံးဆောင်ပြီးလောက်ရောပေါ့၊ သုံးဆောင်ပြီးရင်လဲ တစ်နေရာရာကိုကြွရင် ကောင်းမယ်ဗျာ"

ကျောက်ဖြူးလူ ➟➟"ခင်ဗျားလုပ်စရာ ရှိတာကို လုပ်ပါ၊ ကျွန်တော့်ကို ဘာမှ အားမနာပါနဲ့၊ ကျွန်တော့်မိတ်ဆွေ တစ်ယောက်နှစ်ယောက်နဲ့ ချိန်းထားလို့ စောင့်နေတာပါ"

ဝမ်လီဖ ➟➟"ဒီလိုဆိုရင်လဲ ခင်ဗျားကို ပြောင်ပြောင်ပဲ ပြောရတော့မှာပဲဗျ၊ ခင်ဗျားအလုပ်အကိုင်ကိစ္စကို တခြားမှာ သွားလုပ်ပါ၊ ကျုပ်ဆီမှာတော့ မလုပ်နဲ့၊ ကျုပ်ဆိုင်က ပြုပြင်ပြောင်းလဲပြီးပြီ၊ ခု ကျုပ်တို့တစ်တွေဟာ ယဉ်ကျေးကုန်"

ကံ့ရှင်သည် လက်တစ်ဖက်တွင် အထုပ်တစ်ထုပ်ကို ကိုင်ကာ အခြားတစ်ဖက်ဖြင့် ကန်ဒါလီကို ဆွဲကာ လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်း၍ ချောင်းကြည့်နေသည်။

ကန်ဒါလီ ➟➟"ဒီနေရာလား အမေ"

ကံ့ရှင် ➟➟"ဟုတ်ပါတယ် ဒီနေရာပဲ၊ ဒါပေမယ့် ပုံသဏ္ဌာန်က နည်းနည်းပြောင်းထားတယ်။ (ဆိုင်ထဲသို့ ဝင်လာပြီး ပတ်ပတ်လည်ကို ကြည့်စဉ် ကျောက်ဖြူးလူကို မြင်သွားသည်။) ဒါလီရေ၊ ဟုတ်တယ်ဟေ့၊ ဒီနေရာပဲ ... လာ ...လာ"

ကန်ဒါလီ ➟➟"သေချာတယ်နော် အမေ"

ကံ့ရှင် ➟➟"သေချာပါတယ်ကွယ်၊ ဟောဟိုကလူကို မြင်တော့ ပိုပြီးတောင် သေချာသွားပြီ"

ဝမ်လီဖ ➟➟"ဘယ်သူ့ကို လာရှာကြတာလဲ"

ကံရှင် ➡➡(သူ့အမေးကို ဖြေဆိုခြင်း မပြုဘဲ ကျောက်ဖြူး လူထံသို့ တိုက်ရိုက်လျှောက်သွားသည်။) "ဒီမှာ ကိုကျောက်လူ၊ ကျွန်မကို မှတ်မိသေးရဲ့လားဟင်၊ (ကျောက်ဖြူးလူကို ရိုက်နှက်ခြင်းပြုလိုသည့်တိုင် လက်ကို မြှောက်မရ၊ တစ်ကိုယ်လုံး တုန်ယင်လျက်) ရှင် ... ရှင်" (ကျောက်ဖြူး လူကို ကျိန်ဆဲလိုသည့်တိုင် ပါးစပ်က မထွက်။)

ကျောက်ဖြူးလူ ➡➡"ကျုပ် နှမကြီးက ကျုပ်ကို ဘာကြောင့်များ ဒီ လောက် ရန်စောင်နေရတာလဲ၊ ကျုပ်ကလဲ ဘာမှ မလုပ်ရပါကလား"

ကံရှင် ➡➡(အားတင်းလိုက်လျက်) "ဘာ ဘာမလုပ်ရမှာ လဲ၊ ကျွန်မကို သေသေချာချာ ကြည့်စမ်း၊ ကျွန်မ ဘယ်သူလဲဆိုတာ သိပြီ မဟုတ်လား၊ ရှင် ဒီပြင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင် မစားတတ်တော့ ဘူးလားဟင်၊ မကောင်းတဲ့အလုပ်ကို ခုထက်ထိ လုပ်နေတုန်းပေါ့ ဟုတ်လား"

ဝမ်လီဖ ➡➡"ကဲ ... ကဲ ငါ့တူမကြီးရယ်၊ ဖြည်းဖြည်းပြောပါ။ ဒီလောက် ဒေါသမကြီးပါနဲ့ စိတ်ကို ထိန်းမှပေါ့"

ကံရှင် ➡➡"ရှင်က ဒီဆိုင်က လက်ဖက်ရည်ဆိုင်ရှင် မဟုတ် လား၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက မိန်းမစိုးကြီး တစ်ယောက်က အမြှောင်မယားတစ်ယောက်ကို ဝယ်ခဲ့တယ်လေ"

ဝမ်လီဖ ➡➡"အလို ... ဒီလိုဆိုရင် ငါ့တူမကြီးက စိုးမှူးကြီးပန် ရဲ့"

ကံရှင် ➡➡(ကျောက်ဖြူးလူကို လက်ညှိုးထိုးလျက်) "ဟော ဒီကလူ ငြိုပြာပွဲတာပေါ့ရှင်၊ ဒီနေ့တော့ အဲဒီလူကြီးဆီက ကြွေးပြန်တောင်းရ မယ်" (ကျောက်ဖြူးလူကို ရိုက်ရန် နောက်တစ်ကြိမ် ကြိုးစားပြန်သည်။ သို့ရာ တွင် သူ့ကိုယ်သူ မထိန်းနိုင်သေး။)

ကျောက်ဖြူးလူ ➡➡(တိမ်းရှောင်ရင်း) "မလုပ်နဲ့လေ၊ မလုပ်နဲ့လို့ဆို ခက်တော့တာပဲ၊ မိန်းမတစ်ယောက်နဲ့ ဖက်ပြီး ရန်ဖြစ်ရရင်လဲအခက်၊ မဖြစ် သေးပါဘူး၊ နင့်ကို နိုင်မယ့်လူတစ်ယောက်ယောက်တော့ သွားရှာဦးမှ" (နောက်ဖေးဘော်ဒါဆောင်ဘက်သို့ ထွက်သွားသည်။)

ဝမ်လီဖ ➡➡(ကံရှင်ဘက်သို့လှည့်၍) "ကဲ ... ထိုင်စမ်းပါဦး တူမကြီးရယ်၊ နားပါဦး စိုးမှူးကြီးကတော"

ကံရှင် ➡➡(မောကြီးပန်းကြီးဖြင့် ထိုင်ချလိုက်ရင်း) "သေပြီ တော့၊ သူ့တူတွေက အင်တော်ထားတာနဲ့ ငတ်ပြတ်ပြီးသေသွားပြီ၊ ဘုရင်ခေတ်

ကုန်ပြီး သမ္မတနိုင်ငံခေတ်ရောက်တော့ ပိုက်ဆံတော့ ရှိပါသေးရဲ့၊ ဒါပေမဲ့ တန်ခိုးသြဇာမရှိတော့ဘူး၊ သူ့တူတွေက သူ့ကို ဝိုင်းပြီး နှိပ်စက်လိုက်ကြတာ အဘိုးကြီးလဲ သေရော ဖျာလိပ်ပတ်ပြီး မသာချလိုက်ကြတယ်”

ဝမ်လီဖ ➡➡“အို ... ဟုတ်လား၊ သူကကော ဘယ်သူ”

ကံရှင် ➡➡“ကျွန်မ သားတော့”

ဝမ်လီဖ ➡➡“နင့်သား၊ ဟုတ်စ”

ကံရှင် ➡➡“သူ့ကိုလဲ အဘိုးကြီးက ဝယ်ထားတာတော့ ဝယ်ထားတဲ့သား”

ကန်ဒါလီ ➡➡“အမေ့ အဖေက အမေ့ကို ရောင်းပစ်ခဲ့တဲ့နေရာ ဟာ ဒီနေရာလား”

ကံရှင် ➡➡“ဟုတ်တယ် ငါ့သား ဒီနေရာပဲ၊ ဒီနေရာကို အမေ ဘယ်တော့မှ မမေ့ဘူး။ အမေ့ကို ခေါ်လာတုန်းက ဟောဟိုနားက အဝင်ဝမှာ အမေ မူးမေ့လဲကျသွားတာ အမေဘယ်တော့မှ မမေ့ဘူး”

ကန်ဒါလီ ➡➡“ဒါပေမယ့် ကျွန်တော့်ကို အဖေ ဘယ်မှာ ရောင်းခဲ့တယ် ဆိုတာကိုတော့ ကျွန်တော် မမှတ်မိတော့ဘူးဗျ”

ကံရှင် ➡➡“အဲဒီတုန်းက နင်က အခါလည်သားလောက်ပဲ ရှိသေးတာကိုး၊ ငါ့သားကို အမေကပဲ လူလောက်မြောက်အောင် ပြုစုကျွေးမွေးခဲ့ရ တာ၊ အမေနဲ့ ဘယ်တော့မှ မခွဲနဲ့နော် လူလေး”

ကန်ဒါလီ ➡➡“အလာကား အဘိုးကြီး၊ အမေ့ကိုလဲ ရိုက် လား၊ နှက်လားနဲ့ နှိပ်စက်တယ်။ ကျွန်တော့်ကိုလဲ ဘိန်းပြောင်းကြီးနဲ့ ခဏ ခဏထိုးတယ်။ အဲဒီတုန်းကတော့ သူတို့ လူတွေချည်းပဲကိုး၊ ကျွန်တော်တို့ ဘာမှ မတတ်နိုင်ဘူးပေါ့၊ အမေကသာ မကယ်ရင် ကျွန်တော် သေတာကြာလှ ပြီနော်”

ကံရှင် ➡➡“ဟုတ်တယ်၊ အဲဒီတုန်းကတော့ သူတို့လူတွေ က အများကြီး၊ အမေတို့ကလဲ တယ်ပြီး စိတ်ပျော့ကြတာကိုး၊ ခု ဟို ကျောက် ဖြုန်းကို မြင်လိုက်တော့ အမေသင်းကို ကုန်းကိုက်ချင်လာတယ်၊ ရိုက်မယ် လုပ်တော့လဲ လက်ကိုမြှောက်လို့ မရဘဲ ဖြစ်နေတယ်”

ကန်ဒါလီ ➡➡“ကျွန်တော်ကြီးလာရင် သူတို့ကို ကျွန်တော် ရိုက်ပစ်မှာပေါ့ အမေရာ၊ ကျွန်တော့် အမေရင်းက ဘယ်သူမှန်း မသိတော့ဘူး၊ ဒီတော့ အမေပဲ ကျွန်တော့် အမေရင်းပေါ့”

ကံရှင် ➟➟"ဟုတ်တယ် ... အမေဟာ မင်းအမေအရင်းပဲ၊ တို့ သားအမိနှစ်ယောက် ဘယ်တော့မှ မခွဲဘူး။ အမေ ပိုက်ဆံရှာပြီး ငါ့သားလေးကို ကျောင်းထားတယ် (အတန်ကြာ စဉ်းစားနေသည်။) ဆိုင်ရှင်ကြီးရယ်၊ ကျွန်မကို ဒီဆိုင်မှာပဲ ရောင်းအစားခံခဲ့ရတယ် မဟုတ်လား၊ ခု ဒီမှာ ပြန်ဆုံကြပြန်တော့ ကံထူးပါတယ်ရှင်၊ ဒီတော့ ကျွန်မကို အလုပ်ကလေးတစ်ခုလောက်ရှာပေးပါလား၊ ကျွန်မအတွက် မဟုတ်ပါဘူး၊ ဟောဒီ ကလေးအတွက်ပါ၊ ကလေးက အင်မတန် ဉာဏ်ကောင်းတဲ့ကလေးဆိုတော့ သူ့အတွက်ပါ။ သူ့ကို ကြည့်မယ့် စောင့်ရှောက်မယ့်သူဆိုလို့ ကျွန်မပဲ ရှိပါတယ်။ ကျွန်မသာ ပစ်ထားရင် ကလေးဟာ ဝေတ်ဖို့ပဲ ရှိပါတော့တယ်"

ဝမ်ရှုဖိန်သည် ဆိုင်ထဲသို့ ရောက်လာကာ သူတို့ပြောသည့် စကားများကို နားထောင်နေသည်။

ဝမ်လီဖ ➟➟"ဒီလိုဆို နင်က ဘာတွေ လုပ်တတ်သလဲ"

ကံရှင် ➟➟"အဝတ်လျှော်တတ်ပါတယ်၊ အပ်ချုပ်တတ်ပါတယ်၊ အစုတ်ဖာတတ်ပါတယ်၊ ထမင်းလဲ ချက်တတ်ပါတယ်၊ အဲဒီ အလုပ်တွေ အားလုံးကို ကျွန်မ လုပ်နိုင်ပါတယ်။ ကျွန်မက တောမှာ ကြီးပြင်းလာတဲ့သူဆိုတော့ အလုပ်ပင်ပန်းမှာကို မကြောက်ပါဘူး။ မိန်းမစိုးရဲ့ အပျော်မယားဖြစ်ရတာထက်တော့ ကောင်းတာချည်းပါပဲ"

ဝမ်လီဖ ➟➟"ပိုက်ဆံကကော ဘယ်လောက်လိုချင်သလဲ"

ကံရှင် ➟➟"တစ်နေ့ကို ထမင်းသုံးနပ်ရယ်၊ အိပ်ဖို့နေရာကလေးတစ်ခုရယ်၊ ဟောဒီက ကျွန်မ သားလေးဖို့ ကျောင်းစရိတ်ရယ်၊ ရရင်တော်ပါပြီ"

ဝမ်လီဖ ➟➟"ကောင်းပြီလေ၊ ဒီလိုဆိုရင် နင့်ကို ငါ ကြည့်ဦးမယ်၊ ဟိုတုန်းက ငါ့ဆိုင်မှာ ဖြစ်သွားခဲ့တာတွေကို ငါဘယ်တော့မှ မမေ့ဘူး၊ ငါ့ ဆိုင်မှာ အစေခံထားရတာ ငါကြောက်နေပြီ"

ကံရှင် ➠➠"ဟုတ်တယ် ... အမေဟာ မင်းအမေအရင်းပဲ၊ တို့ သားအမိနှစ်ယောက် ဘယ်တော့မှ မခွဲဘူး။ အမေ ပိုက်ဆံရှာပြီး ငါ့သားလေးကို ကျောင်းထားတယ် (အတန်ကြာ စဉ်းစားနေသည်။) ဆိုင်ရှင်ကြီးရယ်၊ ကျွန်မကို ဒီဆိုင်မှာပဲ ရောင်းအစားခံခဲ့ရတယ် မဟုတ်လား၊ ခု ဒီမှာ ပြန်ဆုံကြပြန်တော့ ကံထူးပါတယ်ရှင်၊ ဒီတော့ ကျွန်မကို အလုပ်ကလေးတစ်ခုလောက် ရှာပေးပါလား၊ ကျွန်မအတွက် မဟုတ်ပါဘူး၊ ဟောဒီ ကလေးအတွက်ပါ၊ ကလေးက အင်မတန် ဉာဏ်ကောင်းတဲ့ကလေးဆိုတော့ သူ့အတွက်ပါ။ သူ့ကို ကြည့်မယ့် စောင့်ရှောက်မယ့်သူဆိုလို့ ကျွန်မပဲ ရှိပါတယ်။ ကျွန်မသာ ပစ်ထားရင် ကလေးဟာ ငတ်ဖို့ပဲ ရှိပါတော့တယ်"

ဝမ်ရှုဖိန်သည် ဆိုင်ထဲသို့ ရောက်လာကာ သူတို့ပြောသည့် စကားများကို နားထောင်နေသည်။

ဝမ်လီဖ ➠➠"ဒီလိုဆို နင်က ဘာတွေ လုပ်တတ်သလဲ"

ကံရှင် ➠➠"အဝတ်လျှော်တတ်ပါတယ်၊ အပ်ချုပ်တတ်ပါတယ်၊ အစုတ်ဖာတတ်ပါတယ်၊ ထမင်းလဲ ချက်တတ်ပါတယ်၊ အဲဒီ အလုပ်တွေ အားလုံးကို ကျွန်မ လုပ်နိုင်ပါတယ်။ ကျွန်မက တောမှာ ကြီးပြင်းလာတဲ့သူဆိုတော့ အလုပ်ပင်ပန်းမှာကို မကြောက်ပါဘူး။ မိန်းမစိုးရဲ့ အပျော်မယားဖြစ်ရတာထက်တော့ ကောင်းတာချည်းပါပဲ"

ဝမ်လီဖ ➠➠"ပိုက်ဆံကကော ဘယ်လောက်လိုချင်သလဲ"

ကံရှင် ➠➠"တစ်နေ့ကို ထမင်းသုံးနပ်ရယ်၊ အိပ်ဖို့နေရာကလေးတစ်ခုရယ်၊ ဟောဒီက ကျွန်မ သားလေးဖို့ ကျောင်းစရိတ်ရယ်၊ ရရင်တော်ပါပြီ"

ဝမ်လီဖ ➠➠"ကောင်းပြီလေ၊ ဒီလိုဆိုရင် နင့်ကို ငါ ကြည့်ဦးမယ်၊ ဟိုတုန်းက ငါ့ဆိုင်မှာ ဖြစ်သွားခဲ့တာတွေကို ငါဘယ်တော့မှ မမေ့ဘူး၊ ငါ့ ဆိုင်မှာ အစေခံထားရတာ ငါကြောက်နေပြီ"

ကံရှင်➠➠"ကျွန်မတို့က ဘယ်ထွက်ပြေးမှာလိုက်လို့ ရှင်"

ဝမ်လီဖ➠➠"တောမှာရှိတဲ့ နင့်အဖေဆီ ပြန်ပြေးရင် ဘယ့်နယ်လုပ်မလဲ"

ကံရှင်➠➠"အဖေ့ဆီကို ဟုတ်လား၊ အဖေ သေသလား ရှင်သလားဆိုတာတောင် ကျွန်မ မသိပါဘူး၊ အဖေရှိနေသေးတယ်ဆိုရင်လဲ ကျွန်မ အဖေ့ဆီကို မပြန်တော့ပါဘူး။ အဖေဟာ ကျွန်မကို လူဖြစ်အောင်

ကျောက်ဖြူးလူ ➡➡“ဒါက အရေးမကြီးပါဘူးဗျ။ ဒီအလုပ်မျိုးဆိုတာ တစ်ခါလုပ်ဖူးရင် ဘယ်တော့မှ လက်စသတ်လို့ မရတော့ဘူး၊ ခင်ဗျားလဲ လက်ဖက်ရည်တစ်ခါရောင်းဖူးရင် တစ်သက်လုံး လက်ဖက်ရည်ဆိုင်ရှင်ပဲ ဖြစ်မှာပဲ၊ ကျုပ်လဲ ကျုပ်အလုပ်ကိုပဲ ကျုပ်ဆက်လုပ်နေရမှာပဲ၊ သေသည်အထိ ဒါပဲ လုပ်ရမှာပဲ”

ထိုစဉ် လောလင်းနှင့် လောချင်းတို့ ဝင်လာကြသည်။

ကျောက်ဖြူးလူ ➡➡(တပ်မှ တပ်ပြေးများဖြစ်သည့် ယင်းတို့နှစ်ဦးမှာ သူ့ထက်ငယ်သည့်တိုင် ကျောက်ဖြူးလူသည် ရိုသေလေးစားစွာ နှုတ်ဆက်သည်။) “လာ ... လာ၊ နောင်ကြီး လောလင်းနှင့် နောင်ကြီး လောချင်းတို့ လာကြ၊ (ဆိုင်ရှင် ဝမ်လီဖ စိတ်ဆိုးနေပြီကို သတိပြုလိုက်မိသဖြင့် ခပ်သွက်သွက် ပြောလိုက်သည်။) ဆိုင်ရှင်ကြီးရေ၊ ခု ဘော်ဒါမှာ လူလဲ နည်းနေသားပဲဗျာ၊ ဒီတစ်ခါတော့ ငှားပါ၊ ဒါနောက်ဆုံး အကြိမ်ပါ”

ဝမ်လီဖ ➡➡(နောက်ဘက်ခန်းဆီသို့ လက်ညှိုးထိုးပြရင်း) “ဟိုမှာနော် ကံရှင်ရှိတယ်”

ကျောက်ဖြူးလူ ➡➡“ကိစ္စ မရှိပါဘူးဗျာ၊ သူ ဘာမှ မလုပ်နိုင်ပါဘူး၊ လုပ်ရင်လဲ ဟောဒီက နောင်ကြီးနှစ်ယောက်က ကျုပ်ဘက်က ကူမှာပေါ့”

ဝမ်လီဖ ➡➡“ခင်ဗျား တော်တော်ခက်တဲ့လူဗျာ”

(နောက်ခန်းထဲသို့ ဝင်သွားသည်။)

ကျောက်ဖြူးလူ ➡➡“ကဲ ... ထိုင်ကြဗျာ၊ စကားပြောကြရအောင်”

လောလင်း ➡➡“ကဲ ... နောင်ကြီး လောချင်း၊ ခင်ဗျား စပြောလေ”

လောချင်း ➡➡“နောင်ကြီးကပဲ စပြောပါ”

ကျောက်ဖြူးလူ ➡➡“ဘယ်သူပြောပြော မထူးပါဘူးဗျာ”

လောချင်း ➡➡“နောင်ကြီးက အကြီးပဲ၊ နောင်ကြီး အလျင်ပြော ပါ”

လောလင်း ➡➡“အင်း ... ဟုတ်ပြီလေ၊ အဖြစ်ကတော့ ဒီလိုလေဗျာ၊ ကျုပ်တို့နှစ်ယောက်ဟာ သစ္စာရေသောက်ထားတဲ့ ညီနောင်တွေပါ”

လောချင်း ➡➡“ဟုတ်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်က ဘောင်းဘီတစ်ထည်တည်းဝတ်တဲ့၊ သစ္စာရေ သောက်ထားတဲ့ ညီနောင်တွေပါ”

လောလင်း ➠➠“သူ့မှာ ငွေသား နည်းနည်းပါးပါး ရှိပါတယ်”

ကျောက်ဖြူးလူ ➠➠“ဘာ … ငွေသား၊ ဟုတ်လား”

လောချင်း ➠➠“နောင်ကြီးမှာလဲ ငွေသားနည်းနည်း ရှိသေးတယ်”

ကျောက်ဖြူးလူ ➠➠“ဒီလိုဆိုရင် နှစ်ယောက်ပေါင်း ဘယ်လောက်ရှိမလဲ၊ ပြောစမ်းပါဦး”

လောလင်း ➠➠“ဘယ်လောက်လဲဆိုတာ ခင်ဗျားကို ခုလောလောဆယ်တော့ မပြောနိုင်သေးဘူးဗျ”

လောချင်း ➠➠“ကျုပ်တို့ပြောတဲ့အတိုင်း ဖြစ်နိုင် မဖြစ်နိုင် သိရတော့မှ ပြောမယ်”

ကျောက်ဖြူးလူ ➠➠“လောကကြီးမှာ ငွေရှိရင် ဘာမဆိုဖြစ်ပါတယ်ဗျာ”

လောလင်း+လောချင်း➠➠“တကယ်လား”

ကျောက်ဖြူးလူ ➠➠“ခင်ဗျားတို့ကို လိမ်ပြောရင် တစ်သက်မှာ လူညွန့်တုံးရစေရဲ့”

လောလင်း ➠➠“ကဲ … ဒီလိုဆို နောင်ကြီး ပြောလိုက်ဗျာ”

လောချင်း ➠➠“မလုပ်ပါနဲ့၊ နောင်ကြီးပဲ ပြောပါ”

လောလင်း ➠➠“ကောင်းပြီလေ၊ ဒီမှာ ကိုကျောက်လူ၊ ဒီမှာ ကျွန်တော်တို့ နှစ်ယောက်ရှိတယ်နော်၊ ဟုတ်စ”

ကျောက်ဖြူးလူ ➠➠“ဟုတ်တယ်ဗျ”

လောချင်း ➠➠“ကျွန်တော်တို့ နှစ်ယောက်က သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေဗျ၊ ဘောင်းဘီတစ်ထည်တည်းကို နှစ်ယောက် ဝတ်ကြတာ၊ သဘောပေါက်တယ် မဟုတ်လား”

ကျောက်ဖြူးလူ ➠➠“ဟုတ်ကဲ့ ပေါက်ပါတယ်”

လောချင်း ➠➠“ဒီတော့ ကျွန်တော်တို့နှစ်ယောက်က ဒီလိုအေး အတူပူအမျှ ရင်းရင်းနှီးနှီး နေကြတာကို ဘယ်သူဘာပြောချင်သလဲ၊ ဘာ လျှောင်စရာ ပြောင်စရာ ရှိသလဲ”

ကျောက်ဖြူးလူ ➠➠“မိတ်ဆွေသူငယ်ချင်းချင်း ချစ်ခင်တာဟာ သိပ်ကောင်းတာပေါ့ဗျာ၊ ဘာလှောင်စရာ ပြောင်စရာ ရှိသလဲ၊ ဘယ်သူက ဘာပြောမှာလဲ”

လောချင်း ➟➟ "ဒီတော့ လူသုံးယောက်ရဲ့ ချစ်ခင်ရင်းနှီးမှုကို လည်း ဘယ်သူကမှ လှောင်မှာ ပြောင်မှာ မဟုတ်ပါဘူးဗျာ ... မဟုတ်ဘူး လား"

ကျောက်ဖြူးလူ ➟➟ "ဗျာ ... လူသုံးယောက် ဟုတ်လား၊ တစ်ယောက်က ဘယ်သူလဲ"

လောလင်း ➟➟ "ကျွန်တော်တို့နှစ်ယောက်နဲ့ မိန်းမတစ်ယောက်ဗျာ"

ကျောက်ဖြူးလူ ➟ ➟ "ဩော် ... ဩော်၊ ဒီလို လား။ လက်စသတ်တော့ ဒီလိုကိုး၊ ခုမှပဲ ရိပ်မိတော့တယ်။ ဒါပေမဲ့ သိပ်တော့ မကောင်းဘူးပေါ့၊ ကျွန် တော်တော့ ဒါမျိုး သိပ် မကြုံဖူးသေးဘူးလေ၊ လူတွေကတော့ ဟောဟိုမှာ ဒွိယံ ဒွိယံနဲ့ စုံတွဲကလေးတွေလို့သာ ပြောကြတာပဲ၊ ဟိုမှာ တြိယံ တြိယံနဲ့ သုံးယောက်တွဲကလေးတွေကို တော့ ပြောသံမကြားဖူးဘူး"

လောလင်း ➟➟ "ဒါဖြင့် မကောင်းဘူးပေါ့"

ကျောက်ဖြူးလူ ➟➟ "နည်းနည်းလေးမှ မကောင်းဘူးဗျ"

လောလင်း ➟ ➟ (လောချင်းဘက်သို့လှည့်၍) "ဘယ်လိုသဘော ရသလဲ"

လောချင်း ➟➟ "ဒီလိုဆိုရင်လဲ လှည့်ပြန်ကြဖို့ ရှိတော့တာပေါ့၊ မဟုတ်ဘူးလား"

လောလင်း ➟➟ "ဘာဖြစ်လို့ ပြန်ရမှာလဲဗျ၊ ကျုပ်တို့ စစ်တပ်ထဲ လိုက်သွားတာ ဆယ်နှစ်ကျော်ပြီ၊ ဒီလောက် သွားတာတောင်မှ မိန်းမတစ်ယောက်ကို တစ်ခြမ်းစီလောက်မှ မရနိုင်တော့ဘူးတဲ့လား၊ နင် . . . တဲ့"

ကျောက်ဖြူးလူ ➟ ➟ "မပြန်တော့ မပြန်ကြနဲ့ပါဦးလေ၊ သေသေချာချာ ပြန်ပြီး စဉ်းစားကြသေးတာပေါ့၊ နို့ ... နေစမ်းပါဦး၊ ခင်ဗျားတို့မှာ ငွေသားကော ဘယ်လောက်များပါကြသေးသလဲ"

ဝမ်လီဖနှင့် ရွှေကျူဖန်တို့သည် နောက်ဖေးခန်းထဲမှ ဖြည်းညင်းစွာ ထွက်လာကြသည်။ ကျောက်ဖြူးလူနှင့် တပ်ပြေးနှစ်ယောက်တို့သည် စကား ပြောရပ်လိုက်ကြသည်။

ဝမ်လီဖ ➟➟ "ရွှေကျူဖန်ရေ၊ မနေ့က နှောင်ကြီးကို ဆရာလေး ကျင်ချိုကို ဖိတ်တာ ဘာဖြစ်လို့ မသွားတာလဲ၊ နှောင်ကြီးက ကျမ်းတတ် စာတတ်ပုဂ္ဂိုလ်၊ လောကီလောကုတ္တရာမှာလဲ နှံ့စပ်တဲ့ ပုဂ္ဂိုလ်၊ ပြီးတော့ တစ်ခါ

တုန်းကဆိုရင်လဲ ပါလီမန်လွှတ်တော်အမတ်ကြီး၊ ခုတော့ အခန်းအောင်းပြီး ဘာသာရေးကိုပဲ ဖိလိုက်နေတာကိုး၊ အချိန်ရှိတုန်းမှာ တိုင်းပြည်အတွက် အလုပ် မလုပ်တော့ဘူးလား။ နောင်ကြီးတို့လို လူတော်လူကောင်း တစ်ယောက်ဟာ တိုင်းပြည်အတွက် အလုပ် လုပ်သင့်တာပေါ့၊ နောင်ကြီးတို့လို အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ဝင်လုပ်ရင် ကျွန်တော်တို့လို သာမန်တိုင်းသူပြည်သားတွေ စိတ်ချမ်းချမ်းသာသာ နေရတာပေါ့"

ရွှေကျူဖန် ➠➠"ဒီအကြောင်းတွေကို မပြောစမ်းပါနဲ့ဗျာ ရှက်လွန်းလို့ပါ။ ဟုတ်ပါတယ်၊ ကျုပ်ဟာ တစ်ခါတုန်းက ပါလီမန်လွှတ်တော်အမတ်တစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ ဒီလို ဖြစ်ခဲ့တာဟာ ကြီးလေးတဲ့ ပြစ်မှုကြီးဖြစ်နေပြီဗျ၊ ချင်မင်းဆက်ကို ဖြုတ်ချခဲ့တဲ့ တော်လှန်ရေးကြီးက ဘာများကောင်းအောင် လုပ်ပေးနိုင်ခဲ့လို့လဲ၊ ကျုပ်တို့ကိုယ်တိုင်လဲ လမ်းမှား လိုက်ခဲ့ပြီး တခြားလူတွေကိုလဲ လမ်းမှားကို ပို့ခဲ့ကြတယ်။ ခုတော့ ဘုရာတရားဘက်ကိုပဲ လိုက်တော့မယ်ဗျာ၊ ဒါပဲ တတ်နိုင်တော့တယ်"

ဝမ်လီဖ ➠➠"ဆရာလေး ကျင်ချုံကျိုတို့ကတော့ ဟန်ကျလို့ပါလား နောင်ကြီးရ၊ ခုဆိုရင် စက်ရုံတစ်ရုံ ထောင်ပြီးပြီ၊ ဘဏ်တိုက်တစ်ခုလဲ ဖွင့်ဦးမလို့တဲ့"

ရွှေကျူဖန် ➠➠"စက်ရုံတွေ၊ ဘဏ်တွေ၊ ထောင်တော့ကော သူ ဟာ ဘာတတ်နိုင်မှာလဲ၊ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်လုပ်၊ ကုန်သွယ်မှု တိုးတက်အောင်လုပ်ပြီး တိုင်းပြည်ကြီး ကယ်တင်မယ်လို့ သူကတော့ ပြောချင်ပြောမှာပေါ့လေ၊ ဒါပေမဲ့ သူ ဘယ်သူ့ကို သွားကယ်မှာလဲ၊ သူ့ကိုယ်သူပဲ ကယ်နိုင်မှာပေါ့၊ သူကတော့ ချမ်းသာသည်ထက် ချမ်းသာလာမယ်။ ဒါပေမဲ့ နိုင်ငံခြားသားတွေက လက်ချောင်းလေးတစ်ချောင်းလောက် လှုပ်လိုက်ရုံနဲ့ သူ့စက်မှုလုပ်ငန်းတွေနဲ့ သူ့ကုန်သန်းရောင်းဝယ်မှု လုပ်ငန်းတွေ အားလုံးပြိုကျသွားမှာပေါ့၊ ပြိုကျသွားပြီဆိုရင်တော့ ဘယ်တော့မှ နာလံထူမယ် မဟုတ်တော့ဘူး"

ဝမ်လီဖ ➠➠"ဒီလိုလဲ မပြောပါနဲ့ဗျာ၊ နို့ ... နေစမ်းပါဦး၊ ကျွန်တော်တို့ အတွက်ကော မျှော်လင့်ချက်ကလေးများ ရှိသေးရဲ့လား"

ရွှေကျူဖန် ➠➠"ဒါကတော့ ပြောရတာ ခက်တယ်ဗျ၊ တော်တော့်ကို ခက်တယ်။ ခု ဗိုလ်ချုပ်ဝမ်က ဗိုလ်ချုပ်လီကို ထတိုက်လိုက်၊ တော်တော်ကြာ ဗိုလ်ချုပ်ချောင်က ဗိုလ်ချုပ်ဝမ်ကို ထတိုက်လိုက် ဆိုတော့ ဘာမှ

ကံသေ ကံမ ပြောလို့ မရဘူး၊ ဒီလို အချင်းချင်းတိုက်နေတာ ဘယ်သူ့ပယောဂ လို့ ထင်သလဲ”

ဝမ်လီဖ ➡➡“ဆိုစမ်းပါဦးဗျာ၊ ဘယ်သူ့ပယောဂလဲ၊ ဘယ် ကောင်တွေလဲ”

ရွှေကျူဖန် ➡➡“နိုင်ငံခြားသားတွေလေဗျာ”

ဝမ်လီဖ ➡➡“ဘာ ... နိုင်ငံခြားသားတွေ ဟုတ်လား၊ ကျွန် တော်တော့ ဉာဏ်မမီဘူးဗျာ၊ နားမလည်ဘူး”

ရွှေကျူဖန် ➡➡“တရုတ်ပြည်ကြီးတစ်ပြည်လုံး ကျွန်နိုင်ငံဖြစ်ပြီး ကျွန်တော်တို့တစ်တွေ အားလုံးကျွန်တွေ ဖြစ်လာတဲ့ တစ်နေ့ကျတော့ ခင်ဗျား နားလည်လာပါလိမ့်မယ်။ ကျုပ်ဟာ တော်လှန်ရေးထဲကို ကိုယ်တိုင်ပါခဲ့သူပါ ဗျာ၊ ကျုပ် သိလို့ပြောနေတာပေါ့”

ဝမ်လီဖ ➡➡“ဒီလိုဆိုရင်လဲ ဘာဖြစ်လို့ ဒီအတိုင်းကြည့်နေ သလဲဗျာ၊ ကျွန်တော်တို့ကို ကျွန် မဖြစ်အောင် မကယ်တော့ဘူးလား”

ရွှေကျူဖန် ➡➡“ငယ်ငယ်တုန်းကတော့ ကိုယ့်ကိုယ်ကအဟုတ် ကြီးထင်ခဲ့တာပေါ့ဗျာ၊ ကိုယ့်ယုံကြည်ချက်အတိုင်းလုပ်ရင် ကမ္ဘာကြီးကိုတောင် ကယ်တင်နိုင်လိမ့်မယ်လို့ထင်ခဲ့တာပေါ့၊ ယုံကြည်ချက်အတိုင်းလဲ လုပ်ခဲ့တာ ပါပဲ၊ ခုတော့ သဘောပေါက်သွားပြီလေဗျာ၊ တရုတ်ပြည်ကြီး နိဌိတံသွားပြီ”

ဝမ်လီဖ ➡➡“ဒီလိုဆိုရင် တရုတ်ပြည်ကြီးကို ကျွန်တော်တို့ ကယ်တင်ရမှာပေါ့ဗျာ”

ရွှေကျူဖန် ➡➡“ကယ်တင်မယ် ဟုတ်စ၊ အဲဒါ ခင်ဗျား စိတ်ကူး တဲ့ ရူးနေတာ၊ အလောင်းကောင်ကို ဘယ့်နှယ်လုပ်ပြီးပြန်အသက် သွင်းလို့ရမှာ လဲဗျ၊ အနေးနဲ့အမြန် ဆိုသလို အားလုံးကိစ္စ ချောကြတော့မှာ၊ ကဲ ... ကျုပ် ဟုန်ကျိဝတ်ကျောင်းကို သွားလိုက်ဦးမယ်ဗျာ။ ဆရာလေး ကျင်ချုံကျို လာခေါ် ရင် ပြောလိုက်ပါ၊ ကျွန်တော် အဲဒါတွေကို စိတ်မဝင်စားတော့ဘူးလို့၊ ဘုရား တရားကိုပဲ စိတ်ဝင်စားတယ်လို့”(ထွက်သွားသည်။)

စုန်အန့်နှင့် ဂူကျန့်တို့သည် နောက်တစ်ခေါက် ရောက်လာကြပြန် သည်။

ဝမ်လီဖ ➡➡“ဆရာတို့ဘာများ သတင်းထူးသေးသလဲဗျာ”

နှစ်ယောက်စလုံး မည်သို့မျှ ပြန်မပြောကြ၊ အပေါက်ဝနားတွင် ထိုင် ကာ ကျောက်ဖြူးလူနှင့် တပ်ပြေးနှစ်ယောက်ကို စောင့်ကြည့်နေကြသည်။

မနေတတ် မထိုင်တတ်ဖြစ်နေသော ကျောက်ဖြူးလူသည် ခြေချောင်းများကို ငုံ့ကြည့်နေသည်။

လောလင်းနှင့် လောချင်းတို့မှာလည်း အနေရခက်လျက် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်နေကြသည်။

တစ်မိနစ်ကြာမှ ငြိမ်သက်နေကြသည်။

လောချင်း ➡➡"နောင်ကြီး၊ ကျွန်တော်တို့ သွားကြစို့လား"

လောလင်း ➡➡"သွားလေ"

စုန်အန့် ➡➡"ဒီမှာဗျာ၊ ခဏ"(ထိုင်နေရာမှ ထကာရှေ့တွင် ဆီးရပ်လိုက်၏။

လောချင်း ➡➡"ဘာကိစ္စလဲဗျာ"

ဂူကျန့် ➡➡(ထိုင်ရာမှ ထရပ်လိုက်လျက်) "ဘာကိစ္စလဲဆိုတာ ခင်ဗျားပြောနိုင်ရင် ပိုကောင်းမယ် ထင်တယ်"

သူတို့လေးယောက်သည် အတန်ကြာမျှ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။

စုန်အန့် ➡➡"အေးအေးဆေးဆေး လိုက်ခဲ့ရင်ကောင်းမယ်ဗျ"

လောလင်း ➡➡"ဘယ်ကို လိုက်ရမှာလဲ"

ဂူကျန့် ➡➡"ခင်ဗျားတို့ နှစ်ယောက်စလုံး တပ်ပြေးတွေ မဟုတ်လား၊ အိတ်ထဲမှာရှိတဲ့ ပိုက်ဆံကလေးနဲ့ ပီကင်းမှာ လာရှောင်နေကြတာ မဟုတ်လား။ ပိုက်ဆံလေးကုန်တော့ ဓားပြ ထွက်တိုက်မယ်ပေါ့၊ ဟုတ်လား"

လောချင်း ➡➡"ဒါ ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားတို့လိုလူ ရှစ်ယောက်ကို လက်တစ်ဖက်တည်းနဲ့ သတ်နိုင်တယ်"(သတ်ပုတ်မည် ပြုသည်။)

စုန်အန့် ➡➡"ခင်ဗျားက ကျုပ်တို့ကို သတ်မယ်ပေါ့ ဟုတ်လား၊ ကိုယ့်လူတို့ သေနတ်ကို ရောင်းစားခဲ့တာ တော်တော် သနားစရာပဲဗျ။ လက်မဲ့ဖြစ်နေတဲ့ လူတစ်ယောက်က သေနတ်ကို လာပြိုင်လို့ ဘယ်ရမလဲ၊ (ဝတ်ရုံအောက် ခါးကြားတွင် ထိုးထားသော သေနတ်ကို ပွတ်လျက်) ကိုယ့်လူတို့ ရှစ်ယောက်လောက်ကိုလဲ ကျုပ်က လက်ချောင်းကလေးတစ်ချောင်းနဲ့ သတ်နိုင်တယ်၊ သိရဲ့လား"

လောလင်း➡➡"ကျွန်တော်တို့ အားလုံး ညီရင်းအစ်ကိုတွေပါဗျာ မဟုတ်ဘူးလား၊ ဒီလို ကတောက်ကဆ ဖြစ်ကြရတာ မကောင်းပါဘူး"

ဂူကျန် ➡➡"ကျွန်တော်တို့ကလဲ မဖြစ်ချင်ပါဘူး။ ထိုင်ပြီး အေးအေးဆေးဆေး ပြောချင်တာပါပဲ၊ ခင်ဗျားတို့ လမ်းနှစ်လမ်းရွေးပါ။ ပိုက်ဆံပေးမလား၊ အသက်ပေးမလား"

လောချင်း ➡➡"ကျွန်တော်တို့မှာ ဒီပိုက်ဆံလေး ရဖို့ ခက်ခက်ခဲခဲ လုပ်ခဲ့ရတာပါဗျာ၊ ပိုက်ဆံပေးတဲ့လူအတွက် စစ်တိုက်ပြီး ကြေးစား စစ်သားလုပ်လို့ ရခဲ့တာပါ၊ တိုက်လိုက်ရတဲ့ တိုက်ပွဲတွေကလဲ မပြောပါနဲ့တော့"

စုန်အန် ➡➡"တပ်ပြေးတွေကို ဘယ်လိုပြစ်ဒဏ်ပေးတယ်ဆိုတာ ခင်ဗျားတို့ သိတယ် မဟုတ်လား"

လောလင်း ➡➡"ကျွန်တော်တို့ချင်း ညှိကြတာပေါ့ဗျာ၊ ညီအစ်ကို အချင်းချင်းတွေပဲ"

ဂူကျန် ➡➡"ဒါက မိတ်ဆွေအချင်းချင်း ပြောတဲ့စကားဗျ၊ ကဲ ... ကြာတယ်ဗျ၊ အလုပ်ကိစ္စကို ပြောရအောင်"

ဝမ်လီဖ ➡➡(အပေါက်ဝမှလှမ်း၍) ဟော ... ဟော၊ လက်မရွံ့တပ်သားတွေ လာကုန်ကြပြီ"

လောချင်း+လောလင်း➡➡"ဟာ ... ဒုက္ခပဲ"(ကြောက်အားလန့်အားဖြင့် နောက်ဖေးဘက်သို့ ပြေးဝင်မည်ပြုသည်။)

စုန်အန် ➡➡"မပြေးပါနဲ့၊ ကျုပ်တို့ ကတိပေးပါတယ်။ ကျုပ်တို့ကိုသာ ပါတဲ့ ပိုက်ဆံတစ်ဝက်စီ ခွဲပေးပါ၊ ခင်ဗျားတို့ ဘာမှ မဖြစ်စေရပါဘူး။ မိတ်ဆွေတွေပဲဗျာ၊ မဟုတ်ဘူးလား"

လောချင်း+လောလင်း➡➡"ဟုတ်ပါတယ်ဗျာ၊ မိတ်ဆွေ အချင်းချင်းတွေပဲ"

လက်မရွံ့ တပ်ဖွဲ့သည် ဆိုင်ထဲသို့ ဝင်လာသည်။ ရိုင်ဖယ်သေနတ်များနှင့် အဝတ်နီ ပတ်ထားသည့် ဓားလွယ်ကြီးနှစ်ချောင်းကို ကိုင်လာသည့် စစ်သားနှစ်ယောက်က ရှေ့မှ ခေါင်းဆောင်လာကြသည်။ ကျန်နှစ်ယောက်က မြားပုံသဏ္ဍာန်လုပ်ထားသည့် သူသတ်အမိန့်ပြန်တမ်းပုရပိုက်ကြီးကို ကိုင်လာကြသည်။ သူတို့နောက်တွင် အခြားစစ်သားလေးယောက်တို့သည် အဖျားတစ်ဖက်တွင် အနီရောင်၊ အဖျားတစ်ဖက်တွင် အနက်ရောင်တို့ ခြယ်ထားသည့် တင်းပုတ်ကြီးများကို ကိုင်လာကြသည်။ နောက်ဆုံးတွင်မှ စစ်ဗိုလ် လိုက်ပါလာသည်။

ဝူကျန့် ➡➡(စုန်အန့်၊ လောလင်း၊ လောချင်းတို့နှင့်အတူ ရပ်နေရာမှ အရိအသေ ပေးလိုက်ရင်း ဦးထုပ်အောက်မှ ခန့်အပ်လွှာကို ထုတ်ယူကာ စစ်ဗိုလ်သို့ပြသည်။) "ဒီမှာ တပ်ပြေးတစ်ယောက်ကို ကျွန်တော်တို့ လာစစ်နေပါတယ် ဗိုလ်လေး"

စစ်ဗိုလ် ➡➡(ကျောက်ဖြူးလူကို ညွှန်ပြကာ) "သူလား"

ဝူကျန့် ➡➡(ကျောက်ဖြူးလူကို ညွှန်ပြကာ)"ဟုတ်ပါတယ်၊ သူပါပဲ"

စစ်ဗိုလ် ➡➡"ဟော့ ... ဒီကောင်ကို ကြိုးနဲ့ချည်"

ကျောက်ဖြူးလူ ➡➡(အော်ဟစ်၍) "ကျွန်တော် မဟုတ်ဘူးဗျ၊ ကျွန်တော် မဟုတ်ပါဘူး"

စစ်ဗိုလ် ➡➡"ကြိုးနဲ့ ခပ်တင်းတင်း တုပ်ထား"(လက်မရှိ တပ်သားများနှင့် ကျောက်ဖြူးလူတို့ ထွက်သွားကြသည်။)

ဝူကျန့် ➡➡(စုန်အန့်ဘက်သို့လှည့်၍) "လာ ... နောက်ဖေး ဘော်ဒါဆောင်က ကျောင်းသားနှစ်ယောက်ကို သွားဆွဲကြဦးစို့"

စုန်အန့် ➡➡"ဟုတ်တယ်၊ သွားကြစို့" (နှစ်ယောက်သား နောက်ဖေးဘက်သို့ ခပ်သုတ်သုတ် ဝင်သွားကြသည်။)

ကန့်လန့်ကာချ

# ပြကွက် (၃)

## အချိန်

၁၉၄၅ ခုနှစ် ဂျပန်တို့ကို စစ်ရှုံးပြီးနောက် ပီကင်းမြို့တွင် အမေရိကန် စစ်သားများနှင့်လျှို့ဝှက် ပုလိပ်တို့ မင်းမူနေချိန်၊ ဆောင်းဦးပေါက် နံနက် စောစော။

## နေရာ

ယခင်ပြကွက်တွင် ဖော်ပြခဲ့သည့် ဝမ်လီဖ၏ လက်ဖက်ရည်ဆိုင်။

## ကန့်လန့်ကာဖွင့်

ယုထိုင် လက်ဖက်ရည်ဆိုင်သည် ရှေးခေတ်ကကဲ့သို့ ခံ့ညားသော အသွင်မဆောင်တော့ပြီ၊ ကြိမ်ကုလားထိုင်များနေရာတွင် ခွေးခြေများနှင့် သစ်သားခုံတန်းရှည်များ ရောက်နေသည်။ အဆောက်အအုံနှင့်တကွ စားပွဲ ကုလားထိုင်များ အားလုံးတို့သည် ညစ်ပတ်ကာ မည်းမှောင်သည့်အသွင်ကို ဆောင်နေ

သည်။ မျက်စိထဲတွင် ထင်းထင်းကြီး ပေါ်လာသည့်အရာဟူ၍ ရှိခဲ့လျှင် ထိုအရာမှာ 'တိုင်းရေးပြည်ရေး မဆွေးနွေးရ' ဟု စာတန်းထိုးထားသော ပိုစတာကြီးများသာ ဖြစ်သည်။ ပိုစတာ စာရွက်များ၏ အရေအတွက်မှာ ပို၍ များလာကာ စာလုံးကြီးများမှာလည်း ပို၍ကြီးလာသည်။ ထိုပိုစတာကြီးများ ဘေးတွင် 'ကျေးဇူးပြု၍ ငွေကြိုတင်ပေးပါ' ဆိုသည့် စာတန်းရေးထားသည့် ပိုစတာ စာရွက်ကလေးများ ကပ်ထားသည်။

အချိန်မှာ နံနက်စောစော ဖြစ်သည့်အတွက် ပြတင်းပေါက်မှ တရုတ်ကတ်များကိုပင် မဖွင့်ရသေး။

ဝမ်လီဖ၏သားဖြစ်သူ ဝမ်တာရှုန်းသည် စိတ်လက် မကြည်မသာဖြင့် ဆိုင်ကို သန့်ရှင်းနေသည်။

သူ့ဇနီးဖြစ်သည့် ချူရှုဟွာသည် သမီးငယ်ဖြစ်သူ ဝမ်ရှောက်ဟွာကို လက်ဆွဲကာ ဆိုင်နောက်ဖေးမှ ထွက်လာသည်။ အပြင်သို့ ထွက်လာစဉ် သားအမိနှစ်ယောက်သည် စကားပြောလာကြသည်။

ဝမ်ရှောက်ဟွာ ➠"အမေ ... ဒီနေ့မနက် သမီးတို့ ခေါက်ဆွဲပြုတ် စားကြရအောင်နော်၊ ခေါက်ဆွဲ မစားရတာ ကြာလှပြီ"

ချူရှုဟွာ ➠"ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ ဒီနေ့မနက် ဆိုင်မှာ ဂျုံမှုန့်က ရှိချင်မှ ရှိမှာ၊ ရှိတောင် အမေတို့ စားဖို့ရှိမှာ မဟုတ်ဘူး။ ရောင်းရဦးမှာ၊ ဘယ်လိုခေတ်ကြီးလဲ မသိပါဘူး အေ ..."

ဝမ်ရှောက်ဟွာ ➠"ဆိုင်တွေမှာလဲ ဂျုံဝယ်လို့မရ၊ သမီးတို့လဲ ဝယ် ဖို့ ပိုက်ဆံလောက်မှာပါ အမေရဲ့"

ချူရှုဟွာ ➠"ရရင်တော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ငါ တော့ မထင်ပါဘူး။ သွားတော့ ဝယ်ကြည့်ဦးပေါ့၊ လမ်းမှာ ဂျစ်ကားတွေ ဘာတွေ သတိထားသွားနော်"

ဝမ်တာရှုန်း ➠"ရှောက်ဟွာ ... ခဏနေဦး"

ဝမ်ရှောက်ဟွာ ➠"ဘာလဲ ... အဖေ"

ဝမ်တာရှုန်း ➠"မနေ့ညတုန်းက ..."

ချူရှုဟွာ ➠"ကျွန်မ ပြောပြီးပါပြီရှင်၊ သူလဲ ဒီလောက် မအ ပါဦး"

ဝမ်တာရှုန်း ➠"နင့် ဦးလေး ကန်ဒါလီ အကြောင်းကို ဘာမှ မပြောနဲ့နော်၊ ပြောရင်း အားလုံး ဒုက္ခရောက်မှာ နားလည်လား"

ဝမ်ရှောက်ဟွာ ➡➡"မပြောပါဘူး အဖေရဲ့၊ သမီးကို သတ်တောင် မပြောဘူး၊ ဦးလေး ဒါလီအကြောင်းကို မေးရင် အိမ်က ထွက်သွားတာကြာလှပြီ၊ သူ့သတင်း ဘာမှ မကြားရဘူးလို့ ပြောမှာပေါ့"

ကံရှင်သည် ဆိုင်နောက်ဖေးမှ ထွက်လာသည်။ ခါး အနည်းငယ်ကိုင်းနေသည့်တိုင် သန်မာဆဲ ရှိသေးသည်။ ဆိုင်ထဲမှ နေ၍ ရှောက်ဟွာကို လှမ်းခေါ်သည်။

ကံရှင် ➡➡"ရှောက်ဟွာရေ၊ ရှောက်ဟွာ၊ ဆိုင်ထဲမှာလား"

ဝမ်ရှောက်ဟွာ ➡➡"အဘွား ကံ၊ ဘာလုပ်မလို့လဲ"

ကံရှင် ➡➡"ငါ့ မြေးမလေးကို တစ်ခါလောက် ကြည့်ပါရစေဦးကွယ်၊ (ရှောက်ဟွာ၏ ဆံပင်များကို ပွတ်သပ်နေသည်။) ငါ့မြေးကလေးက တော်တော်လှတယ်။ ဒါပေမဲ့ နည်းနည်းတော့ ပိန်တယ်အေ၊ အစားအသောက် ကောင်းကောင်းစားရရင် ဒီထက် ကြည့်လို့လှမှာ"

ချူရှုဟွာ ➡➡"အဒေါ်သွားဖို့ ဆုံးဖြတ်ပြီးပြီလား"

ကံရှင် ➡➡"ဟုတ်တယ်အေ၊ ကျုပ် သွားတော့မယ်၊ ညည်းတို့မှာ ငါ့အတွက် တာဝန်မတက်စေချင်ဘူး။ ကန်ဒါလီကို ကြီးပြင်းအောင် ငါမွေးခဲ့ရတာ၊ ခု သူက သူနဲ့အတူ လိုက်ဖို့ ခေါ်နေတယ်။ ငြင်းလို့ မကောင်းဘူး။ တို့များ ဒီဆိုင်ကို ရောက်လာကြတုန်းက ကန်ဒါလီဟာ ခု ရှောက်ဟွာ အရွယ်လောက်တောင် မရှိတတ်သေးဘူး"

ဝမ်ရှောက်ဟွာ ➡➡"ခုတော့ ဦးလေးကန်ဒါလီက နည်းတဲ့လူကြီး မဟုတ်ဘူးနော်၊ သန်လိုက်တာကလဲ မပြောပါနဲ့တော့"

ကံရှင် ➡➡"စောစောက လေးတင် လာသွားသေးတယ်။ သူ့မြင်လိုက်ရတယ်ဆိုရင် ငါ့စိတ်ထဲမှာ အများကြီး ပြန်ငယ်သွားတယ်လို့ ထင်လိုက်ရတယ်။ ငါ့မှာ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဘာမှ မရှိဘူး။ ဒါပေမဲ့ သူ့ကို မြင်လိုက်ရတော့ ငါ့မှာလိုတရတဲ့ဘဝကို ရောက်သွားသလို ထင်မိတယ်။ ဟုတ်တယ်၊ ငါ သူနဲ့ လိုက်သွားတော့မယ်။ ငါ့သားလေးနဲ့သာဆိုရင် ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ပျော်မှာပဲ၊ လက်ကြီးတွေ ခြေထောက်ကြီးတွေက နည်းတာကြီးတွေ မဟုတ်ဘူး၊ တကယ့် ယောကျ်ားကြီး ကျနေတာပဲ"

ဝမ်ရှောက်ဟွာ ➡➡"အဘွားကံ ဒီလိုဆို သမီးလဲ လိုက်ချင်တယ်"

ကံရှင် ➠➠“သမီးလေးရယ် ... လိမ္မာစမ်းပါ၊ ပညာသင်ပါ၊ နောက်တော့ အဘွားလဲ သမီးတို့ဆီကို ပြန်လာမှာပေါ့”

ဝမ်တာရှန်း ➠➠“ရှောက်ဟွာ ... ကျောင်းတက်ရမယ်လေ၊ နောက်မကျပေစေနဲ့”

ဝမ်ရှောက်ဟွာ ➠➠“ဒီလိုဆိုရင် အဘွားကံ သမီးကျောင်းက ပြန်လာမှာ သွားနော်”

ကံရှင် ➠➠“ကောင်းပါပြီအေ ...၊ ကဲ ... ကဲ ... သွားတော့”

(ဝမ်ရှောက်ဟွာ ထွက်သွားသည်။)

ဝမ်တာရှန်း ➠➠“အဒေါ်သွားဖို့ အဖေက သဘောတူပြီးပြီလား”

ကံရှင် ➠➠“မင်းတို့ အဖေကတော့ ဘာမှမဆုံးဖြတ်ရသေးဘူး။ ငါစိုးရိမ်နေတာ တစ်ခုရှိတယ်။ ကန်ဒါလီကလည်း စောစောက လာသွားတယ်လို့ သတင်းပေါက်၊ ငါလည်း မရှေးမနှောင်း ပျောက်သွားတယ်ဆိုရင် မင်းတို့ ဒုက္ခရောက်နေလိမ့်မယ်။ ခုတလောမှာ မဖမ်းအဆီးတွေကလဲ များပါဘိသနဲ့၊ မင်းတို့ တစ်တွေ ဒုက္ခ မရောက်စေချင်ဘူး”

ချူရှုဟွာ ➠➠“ကဲ ... အဒေါ် မြန်မြန်သွားတာ ကောင်းတယ်။ မြန်မြန်သွားရင် ကိုယ့်အတွက် အန္တရာယ်လဲ ကင်းတယ်။ ဆိုင်ကိုလာတဲ့ လူတွေကလည်း တစ်ယောက်တစ်ပေါက် ပြောနေရင်ခက်မယ်။ ဒီတော့ အဒေါ် အနောက်ဘက်တောင်တန်းကို မြန်မြန်သွားရင် အဒေါ်အဖို့ အန္တရာယ်ကင်းတယ်”

ဝမ်တာရှန်း ➠➠“ဟုတ်တယ်”

ကံရှင် ➠➠“ကဲ ... ရှုဟွာ၊ နောက်တော့မှ အေးအေးဆေးဆေး ပြောကြဦးစို့၊ ငါလဲ ညည်းတို့တစ်တွေကို ဒုက္ခမရောက်စေချင်ဘူး။ တာရှန်းလဲ သေသေချာချာ စဉ်းစားဦး” (ချူရှုဟွာနှင့်အတူ ထွက်သွားသည်။)

ထင်ပေါက် ဝင်လာသည်။

ထင်ပေါက် ➠➠“ကဲ ... ဆိုင်ရှင်လေး၊ ကျွန်မ ရောက်ပါပြီရှင်”

ဝမ်တာရှန်း ➠➠“နင်က ဘယ်သူတုံး”

ထင်ပေါက် ➠➠“ကျွန်မ နာမည်က ထင်ပေါက်တဲ့ရှင့်၊ ကျောက်ဖြူးလူလေးက ဒီဆိုင်ကို လာခဲ့လို့ မှာလို့ လာတာပါ။ ဆိုင်ရှင်ကြီးက စားပွဲထိုးမ တစ်ယောက် လိုချင်တယ်လို့ ပြောထားလို့တဲ့”

ဝမ်တာရှန်း ➡➡"တို့ဆိုင် အခြေအနေကိုလဲ ကြည့်ဦးပေါ့ဟာ၊ ဒီလို ဆိုင်စုတ်လေးမှာ စားပွဲထိုးမတွေ ဘာတွေ ထားနိုင်မှာတဲ့လား၊ အဘိုးကြီး ကလဲ ပိုက်ဆံလိုတော့ ပိုက်ဆံရပေါက်ရလမ်းကိုပဲ စဉ်းစားနေတာပဲ"

ဝမ်လီဖသည် လေးကန်စွာဖြင့် ထွက်လာသည်။ ကျန်းမာရေး ကောင်းသေးသည့်တိုင်၊ အဝတ်အစား ကောင်းသေးသည့်တိုင် အဝတ်အစား တို့မှာ စုတ်ပြတ်ညစ်ထပ်လျက် ရှိလေပြီ။

ဝမ်လီဆ ➡➡"ဟော့ ... တာရှန်း၊ လူကြီးမိဘကို ကွယ်ရာမှာ ဒီလိုပြောရမယ်လို့ မင်းကို ဘယ်သူကများ သင်ပေးထားသလဲ ဟင်၊ ဘယ်သူ က ပိုက်ဆံရပေါက် ရလမ်းတွေကို စိတ်ကူးနေလို့လဲ၊ တံခါးတွေ ဖွင့်တော့လေ ကွာ၊ လက်ဖက်ရည်ဆိုင် ဆိုတာ အစောကြီး ဖွင့်ရတယ်"

ဝမ်တာရှန်းသည် ပြတင်းပေါက် တရုတ်ကတ်များကို လိုက်ဖွင့်နေ သည်။

ထင်ပေါက် ➡➡"ဆိုင်ရှင်ကြီး ကြည့်ရတာ တော်တော် ကျန်းမာ ရေး ကောင်းတယ်နော်"

ဝမ်လီဖ ➡➡"အေး ... ကောင်းတယ်။ ခေါက်ဆွဲနဲ့ တို့ဟူးချဉ် နဲ့များ စားလိုက်ရရင် သုံးလုံးလောက် အသာကလေးရယ်၊ ဒါပေမယ့် တစ်လုံးမှ မစားနိုင်တာက ခက်တယ်။ နေစမ်းပါဦး၊ နင်က ကြည့်ရတာ အသက်နှစ်ဆယ် တောင် မပြည့်သေးဘူးထင်တယ်"

ထင်ပေါက် ➡➡"ကျွန်မက ၁၇ နှစ်ပါ"

ဝမ်လီဖ ➡➡"၁၇ နှစ်ပဲ ရှိသေးသလား"

ထင်ပေါက် ➡➡"ဟုတ်ပါတယ်၊ ကျွန်မ အမေက မုဆိုးမပါ။ အမေ မုဆိုးမကြီးပဲ ကျွန်မကို လူလားမြောက်အောင် ကျွေးမွေးခဲ့တာပါ။ စစ်ပြီး တော့ အစိုးရက ကျွန်မတို့ အဖေထားခဲ့တဲ့ အိမ်ကလေးကို သစ္စာဖောက်ပစ္စည်း ဆိုပြီး အစိုးရက သိမ်းလိုက်ပါတယ်။ အမေလဲ ဒီစိတ်နဲ့ပဲ ဆုံးသွားပါတယ်။ ဒီတင် ကျွန်မလဲ စားပွဲထိုး ဝင်လုပ်ရပါတယ်။ သစ္စာဖောက် ပစ္စည်းဆိုတာ ဘယ်လိုဟာကို ခေါ်တာလဲ ဆိုင်ရှင်ကြီးရယ်၊ ဆိုင်ရှင်ကြီးများ သိသလား"

ဝမ်လီဖ ➡➡"ကောင်မလေး ပါးစပ်ပိတ်ထားရင် ကောင်း မယ်။ စကားတစ်လုံးမှားသွားတာနဲ့ ကိုယ့်ရှိတဲ့ ပစ္စည်းဟာ သစ္စာဖောက်ပစ္စည်း ဖြစ်သွားနိုင်တယ်။ တို့ ဆိုင်နောက်က အိမ်ကိုပဲ ကြည့်၊ အလျင်တုန်းကတော့ ဆရာလေး ကျင်ချုံကျိရဲ့ ကုန်လှောင်ရုံပဲ။ ဒီတင် တစ်ယောက်က မျက်စိစပါး

မွေးစူးလာတယ်။ ဒီတော့ သစ္စာဖောက်ပစ္စည်းလို့ ပြောလိုက်ရော၊ အခုတော့ အစိုးရက သိမ်းလိုက်ပြီ၊ အဲဒါသာ ကြည့်ပေတော့”

ဝမ်တာရှန်း ပြန်ဝင်လာသည်။

ထင်ပေါက် ➠➠“ဒါ ဆိုင်ရှင်ကြီး ပြောတာနော်၊ ဒီအတိုင်းဆိုရင် ကျွန်မလဲ သစ္စာဖောက်ပစ္စည်းဖြစ်ရောပေါ့၊ အေးလေ၊ ကျွန်မကတော့ ဘယ် အလုပ်ရုံပိုင်ရှင် ခိုင်းခိုင်းလုပ်ရမှာပေါ့၊ ဘဝကိုး၊ အသက် ၁၇ နှစ်ဆိုပေမယ့် သေသွားလဲ မနှမြောပါဘူး။ သေတာကမှ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ပိုင်သေး တယ်၊ ပိုင်လို့ရသေးတယ်။ ခု ဒီအလုပ်လုပ်ရတာက သေတာနဲ့ ဘာခြားသေး လဲ”

ဝမ်တာရှန်း ➠➠“အဖေ၊ ကျွန်တော်တို့ ဆိုင်မှာ တကယ် စားပွဲ ထိုး ခန့်ထားမလို့လား”

ဝမ်လီဖ ➠➠“ကျောက်ဖြူးလူလေးနဲ့ ဒီအကြောင်း စပ်မိလို့ ငါပြောထားဖူးတယ်။ ဆိုင်ကို ပြောင်းလဲပစ်ချင်တယ်ကွာ၊ အလုပ်အကိုင် ဒီလို ဆိုးနေပုံမျိုးနဲ့ဆိုရင် ငါတော်တော် စိတ်ညစ်တယ်”

ဝမ်တာရှန်း ➠➠“ကျွန်တော်လဲ စိတ်တော့ ညစ်တာပေါ့ အဖေ ရယ်၊ ဒါပေမဲ့ ယုထိုင်လက်ဖက်ရည်ဆိုင်ရဲ့ ဂုဏ်သိက္ခာကိုလဲ ငဲ့ပါဦး၊ ကျွန်တော် တို့ ဆိုင်ဟာ အနှစ်ခြောက်ဆယ်လုံးလုံး နာမည်ပျက် မရှိခဲ့တဲ့ ဆိုင်၊ ခုတော့ စားပွဲထိုး ကောင်မလေးတွေ ထားတယ်ဆိုတော့ ကောင်းပါ့မလား”

ထင်ပေါက် ➠➠“အံမယ်လေး သိက္ခာတွေ ဘာတွေ ဘေးချိတ် ထားစမ်းပါ။ အသက်ကြီးလာလေလေ တန်ဖိုးကျလာလေလေပါ။ ကျွန်မပြော တာ မယုံဘူးလား၊ ကျွန်မသာ အသက်နှစ်ဆယ့်ရှစ်နှစ်လောက် ရှိကြည့်စမ်း ပါလား၊ ကျွန်မကိုယ် ကျွန်မ ထင်ပေါက်ကလေးလို့ ခေါ်ခေါ် ဘေဘီလေးလို့ လဲ ခေါ်ခေါ်၊ ဘာခေါ်ခေါ် ဘယ်သူမှ နောက်တစ်ခေါက် လှည့်ကြည့်မှာ မဟုတ် ဘူး”

လက်ဖက်ရည် သောက်သူနှစ်ယောက် ဝင်လာသည်။

ဝမ်လီဖ ➠ ➠ “စောလှချည်လား မိတ်ဆွေတို့၊ ကိုယ့်လက်ဖက် ခြောက်နဲ့ ကိုယ် လာကြတယ် ထင်တယ်။ တာရှန်းရေ၊ ရေနွေးယူလာခဲ့ဟေ့ (တာရှန်း ထွက်သွားသည်။) ဝမ်းတော့ နည်းပါတယ်ဗျာ၊ ပိုက်ဆံလေး တစ် ဆိတ်လောက် ကြိုပေးပါ”

ပထမလူ ➡➡"ဘာမှ မစားရ မသောက်ရသေးဘဲနဲ့ ပိုက်ဆံကြိုပေးရမှာလားဗျာ၊ ခင်ဗျား လက်ထက်ကျမှ ကြားဖူးတော့တယ်"

ဝမ်လီဖ ➡➡"ကျွန်တော် လက်ဖက်ရည်ဆိုင် ဖွင့်လာတာ အနှစ်ငါးဆယ်ကျော်ပြီဗျ၊ ကျွန်တော်လဲ ဒီလို ကြိုတောင်းတာကို တစ်ခါမှ မကြားဖူးပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ သိတဲ့အတိုင်း ခုခေတ်မှာက မီးသွေးကလည်း ဈေးတက်၊ ကျန်တဲ့ပစ္စည်းတွေကလဲ ဈေးတက်၊ ခင်ဗျားတို့ လက်ဖက်ရည် သောက်နေတုန်းတောင် ဈေးတွေက တက်သွားလိမ့်ဦးမယ် ထင်တယ်။ ဒီတော့ ပိုက်ဆံကြိုပေးရင် ကိစ္စ အေးတာပေါ့ဗျာ"

ဒုတိယလူ ➡➡"လက်ဖက်ရည်မသောက်ရင် သာပြီးတောင် ကိစ္စ အေးတာပေါ့ဗျာ"

လက်ဖက်ရည်သောက်သူ နှစ်ယောက် ထွက်သွားကြသည်။

ဝမ်တာရှုန်း ➡➡(ရေနွေးယူလျက် ရောက်လာသည်။) "ဟင် ဘယ်ရောက်သွားသလဲ၊ ပြန်ထွက် သွားကြသလား"

ဝမ်လီဖ ➡➡"ကဲ ... ငါပြောတာ မင်းသဘောပေါက်ပြီ မဟုတ်လား"

ထင်ပေါက် ➡➡"ကျွန်မ လိုက်သွားပြီး စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်ရင် သူတို့ အိတ်ထဲက ပိုက်ဆံကလေးတွေ ခုန်ထွက်လာတာပေါ့ရှင်"

ဝမ်လီဖ ➡➡"တာရှုန်း၊ မင်းဟာ မြည်းလို တော်တော် ထူတဲ့ အတဲ့ ကောင်ပဲ"

ဝမ်တာရှုန်း ➡➡(ရေနွေးပန်းကန်ကို အောက်သို့ချကာ) "ကဲ ... အဖေတို့ ကြိုက်သလိုသာ လုပ်ကြပါတော့၊ ကျွန်တော် အပြင်ထွက် လမ်းလျှောက် ထွက်လိုက်ဦးမယ်။ ဆိုင်ထဲမှာ နေရတာ မွန်းလှပြီ"

ဝမ်လီဖ ➡➡"အေး ... မင်းက မွန်းရုံတင် မွန်းတာ၊ ငါက အသက် ရှုလို့တောင် မရတော့ဘူး"

ကျောက်ဖြူးလူလေး ဝင်လာသည်။ အနောက်တိုင်း ဝတ်စုံကို ဝတ်ထားပြီး လက်တွင် လက်ဆွဲအိတ်တစ်လုံးကို ဆွဲထားသည်။

ကျောက်ဖြူးလူလေး➡➡"ဟဲ့ ... ထင်ပေါက်၊ နင်ရောက်နေပြီလား"

ထင်ပေါက် ➡➡"ရှင့် အမိန့်ဆိုတော့ ဘယ်မှာလွန်ဆန်ရဲပါ့မလဲရှင်"

ကျောက်ဖြူးလူလေး➡➡"ဆိုင်ရှင်ကြီး ဘယ့်နှယ်လဲ။ ကောင်မလေးကို ဘယ်လို သဘောရသလဲ၊ ခင်ဗျားဆိုင်ဖို့ ရှာလာတာလေ၊ ရုပ်လဲ ချောတယ်

ဗျာ၊ အသက်လဲ ငယ်တယ်ဗျာ၊ ဝတ်စုံစားပုံလဲ ခေတ်ဆန်တယ်ဗျာ၊ အတွေ့အကြုံလဲ ရှိတယ်ဗျာ၊ ဘယ်လောက် နိပ်သလဲ”

ဝမ်လီဖ➡➡“နိပ်တော့ နိပ်ပါရဲ့၊ ဒါပေမဲ့ တို့များ မတတ်နိုင်ပါဘူးကွာ”

ကျောက်ဖြုံးလူလေး➡➡“ပြဿနာ မရှိပါဘူး။ သူကလခင်ဗျားဆီကဲ လုပ်ခ မလိုချင်ပါဘူး။ ဘေဘီ ဟုတ်တယ် မဟုတ်လား ဟော့ ...”

ထင်ပေါက်➡➡“မလိုပါဘူးရှင်”

ကျောက်ဖြုံးလူလေး➡➡“ဒီမှာ အဘိုးကြီး၊ ဒါတွေ ကျွန်တော်တို့ တာဝန်ထားစမ်းပါ၊ ကျွန်တော်နဲ့ ကောင်မလေး ကြည့်လုပ်သွားပါ့မယ်။ ဟုတ်တယ် မဟုတ်လား ဟော့ ... ဘေဘီ”

ထင်ပေါက်➡➡“ဟုတ်ပါတယ်ရှင်၊ လူလည်ကျလို့ ရှင် ဒါမျိုး လုပ်နေတာပေါ့၊ ဒီလောက်မှ လူလည်မကျနိုင်ရင် ရှင် ဒီလို ဘယ်လုပ်စားနိုင်ပါ့မလဲ”

ကျောက်ဖြုံးလူလေး➡➡“ဘာ ... ငါ့ကို လူလည်ကျတယ် ဟုတ်လား။ ငါ့ အဘိုးကြီးကလဲ ငါ့ကို ဒီလိုပဲ ပြောခဲ့တာပဲ။ ငါ့ အဘိုးကြီး အဖမ်းခံရတာ ဒီဆိုင်ထဲမှာပေါ့၊ မယုံရင် ဟောဒီက ဆိုင်ရှင်ကြီးကို မေးကြည့်၊ မဟုတ်ဘူးလား ဆိုင်ရှင်ကြီး”

ဝမ်လီဖ➡➡“ငါ့ မျက်စိရှေ့မှာတင်ပဲ ဖြစ်သွားတာပဲ”

ကျောက်ဖြုံးလူလေး➡➡“ကဲ ... ကြားတယ် မဟုတ်လား ကောင်မလေး၊ ငါက မဟုတ်ဘဲနဲ့ လုပ်ကြံပြောပါ့မလား၊ ဟောဒီ ဆိုင်ထဲကနေ ငါ့ အဘိုးကြီးကို ဆိုင်ထဲကနေ လမ်းမကို ဆွဲထုတ်သွားပြီး လမ်းမရောက်တော့ ဓါးနဲ့ ခုတ်သတ်ပစ်လိုက်တာပဲ၊ ဟုတ်တယ်နော် ... ဆိုင်ရှင်ကြီး”

ဝမ်လီဖ➡➡“ဒုတ်ဆိုတဲ့ အသံကြီးကိုတောင် ကြားလိုက်ရသေးတယ်”

ကျောက်ဖြုံးလူလေး➡➡“ကဲ ... သူပြောတာ ကြားတယ် မဟုတ်လား။ ငါက လုပ်ကြံပြောနေတာ မဟုတ်ဘူးဆိုတာ နင် သိပြီ မဟုတ်လား။ ဒါပေမဲ့ ငါ့အဘိုးကြီးက အခြောက်တိုက် ခံလိုက်ရတာပါ။ သူ့ခမျာ လုပ်သလောက် အကျိုးခံစားလိုက်ရတာ မဟုတ်ပါဘူး။ ခုတော့ ငါ့အလှည့် ရောက်ပြီလေ၊ ငါ့အလှည့်ကျရင်တော့ ဒီလို အခြောက်တိုက်တော့ မခံနိုင်ဘူး။ တကယ်ကြီးပွားအောင် လုပ်ပြီးမှ ခံမယ်။ (လက်ဆွဲအိတ်ကိုဖွင့်၍ စာရွက်တစ်ရွက်

ထုတ်သည်။) ဟောဒီမှာ ငါ စီမံကိန်းတစ်ခု ထပ်ဆွဲထားတယ်၊ ကြည့်စမ်း ကောင်မလေး"

ထင်ပေါက် ➠➠"အချိန် မရှိတော့ဘူးရှင့်၊ ဒီနေ့တော့ နားလိုက်ဦး မယ်၊ မနက်ဖြန်ကျမှ အလုပ် ဆင်းတော့မယ်"

ဝမ်လီဖ ➠➠"ထင်ပေါက်ရေ၊ နင့်ကို ငါ့ဆိုင်မှာထားဖို့ ငါ လဲ မဆုံးဖြတ်ရသေးဘူးနော်"

ကျောက်ဖြူးလူလေး➠➠"ဆိုင်ရှင်ကြီးရေ၊ ခင်ဗျားက မဆုံးဖြတ်သေး ပေမဲ့ ကျွန်တော်ကတော့ ခင်ဗျားအတွက် ဆုံဖြတ်ပေးပြီးပြီဗျ၊ မနက်ဖြန် မနက် ကျရင် ကောင်မလေး ရောက်လာလိမ့်မယ်။ ကောင်မလေးက ဆိုင်ပေါက်ဝမှာ ရပ်ပြီး လမ်းသွားလမ်းလာတွေကို မျက်လုံးနဲ့ လှမ်းကြည့်လိုက်ရုံပဲ၊ ခင်ဗျား ဘာမှ မလုပ်လိုက်ရဘဲ ခင်ဗျားဆိုင်ထဲမှာ လက်ဖက်ရည်သောက်တဲ့ လူ ၂၀၀ လောက် ရောက်လာလိမ့်မယ်။ ကောင်မလေး၊ ငါ့စီမံကိန်းကို နားထောင်ဦး၊ ဒီအထဲမှာ နင်က အရေးအကြီးဆုံး"

ထင်ပေါက် ➠➠"ဟင့်အင်း ... ကျွန်မ မပါချင်ဘူး"

ကျောက်ဖြူးလူလေး➠➠"ကောင်မလေးကလဲ ဘယ်လိုဖြစ်တာလဲ၊ နင်ဟာ တော်တော် ပြောရ ခက်ပါကလား၊ နားထောင်စမ်းပါ"

မီတာခ ကောက်သူ ဆိုင်ထဲသို့ ဝင်လာသည်။

မီတာခကောက်သူ➠➠"ဆိုင်ရှင်ကြီး ... မီတာခ"

ဝမ်လီဖ ➠➠"ဘယ်နှလစာ ရှိသလဲ"

မီတာခကောက်သူ➠➠"သုံးလစာ"

ဝမ်လီဖ ➠➠"ဒီလိုဆို နောက်ထပ် သုံးလလောက် စောင့်ဦး ဗျာ၊ ခြောက်လတွက် ပေါင်းပေးမယ်။ ခုလောလောဆယ်တော့ မပေးနိုင်သေး ဘူး"

မီတာခကောက်သူ➠➠"ဘယ်ဖြစ်မလဲဗျ"

ကျောက်ဖြူးလူလေး➠➠"ဒီမှာ ကိုယ့်လူ၊ ဒီဆိုင်ကို ဘာအောက်မေ့နေ သလဲ၊ ညွန်ကြားရေးမှူးရှုန်နဲ့ စပ်တူ ဖွင့်ထားတဲ့ဆိုင်ဗျ၊ သူ့နာမည်ကိုတော့ ခင်ဗျားကြားဖူးမှာပေါ့။ ကူမင်တန်ပါတီကော်မတီဝင်ဗျ၊ စစ်ပုလိပ်အဖွဲ့ ညွှန် ကြားရေးမှူးဗျ၊ ဘာလဲ၊ သူ့ဆိုင်ကိုလာပြီး မီတာခ ကောက်တယ်ပေါ့ ဟုတ် လား"

မီတာခကောက်သူ ➠➠ "ဗျာ ... သူ့ဆိုင်လား၊ သူ့ဆိုင်ကို လာကောက် တာ မဟုတ်ပါဘူးဗျာ၊ ဆောရီးပဲ ... ကျွန်တော် ဆိုင်မှားပြီး ဝင်လာတယ် ထင်တယ်" (မီတာခကောက်သူ ပြန်ထွက်သွားသည်။)

ကျောက်ဖြုးလူလေး ➠➠ "ကဲ ... ဆိုင်ရှင်ကြီး၊ မြင်တယ် မဟုတ်လား။ ကျွန်တော် မပါရင် ဘယ်တော့မှ မပြီးဘူးဗျ၊ မှတ်ထား၊ ခင်ဗျားတို့ ချင်မင်းဆက်ခေတ်က နည်းတွေနဲ့ မရတော့ဘူး ရိုးနေပြီ"

ဝမ်လီဖ ➠➠ "ဟုတ်တာပဲ၊ ဒါကြောင့်မို့ လေ့လာသင်ကြား စရာတွေ အများကြီး ရှိတယ်လို့ လူတွေက ပြောပြောနေကြတာကိုး၊ ငါ့မှာ လဲ အများကြီး လေ့လာသင်ကြားရဦးမှာပါလား"

ကျောက်ဖြုးလူလေး ➠➠ "ကဲ ... ခင်ဗျား သိပြီ မဟုတ်လား"

ဗေဒင်ဆရာတန်၏ သားငယ် ဆရာတန်လေး ဝင်လာသည်။ ပိုး ဝတ်ရုံရှည် အသစ်ကြီးနှင့် ဖဲဖိနပ်တို့ကို စီးထားသည်။

ကျောက်ဖြုးလူလေး ➠➠ "လခွီးတဲ့ လက်စသတ်တော့ တန်လေးပါ လား"

တန်လေး ➠➠ "လခွီးတဲ့ ကျောက်ဖြုးလူလေးပါလား၊ မှန်း မင်းကို ငါသေသေချာချာ ကြည့်စမ်းမယ်။ (ကျောက်ဖြုးလူလေးကို ရှေ့နောက် ဝဲယာတို့မှ လှည့်ကြည့်သည်။) ဗိုင်းတာမသား၊ နင်က အနောက်တိုင်း ဝတ်စုံ နဲ့ဆိုတော့ သောက်ရမ်း ဖောရိန်း ဆန်နေတာကိုးဟ၊ ဖောရိန်နာထက်တောင် ဖောရိန်းဆန်နေသေးတယ်။ ဆိုင်ရှင်ကြီးရေ၊ ကျွန်တော်လဲ အဖေ့ လက်ငုတ် လုပ်ငန်း ဆက်လုပ်လို့ ခုဇာတာတို့ ဘာတို့ကို တွက်ချက်ကြည့်တယ်ဗျ၊ ကျွန် တော်တို့ တိုင်းပြည်ကို မကြာခင် ကယ်တင်ရှင် ရောက်လာတော့မယ်။ ဒါ ကြောင့်မို့ ကျွန်တော်တို့လို၊ ဟောဒီက ကျောက်ဖြုးလူလေးတို့လို ပါရမီထူးတဲ့ လူငယ်ကလေးတွေ ရောက်လာတာပေါ့"

ကျောက်ဖြုးလူလေး ➠➠ "ထင်ပေါက်လို တစ်မြို့လုံးက သိတဲ့ ကောင်မလေးမျိုးတွေလဲ ပါသေးတယ်လေကွာ"

တန်လေး ➠➠ "ဟုတ်တယ်၊ ထင်ပေါက်လို ကောင်မလေးတွေ လဲ ဒါကြောင့် မွေးလာရတာပေါ့၊ ကြည့်စမ်း၊ ကျွန်တော်တို့လူငယ်တွေ ဘယ် လောက် အားကျဖို့ကောင်းသလဲ၊ နုပျိုတယ်၊ ထက်မြက်တယ်၊ စာတတ်တယ်၊ ထိထွင်ဉာဏ်ရှိတယ်၊ ဒီခေတ်ကြီးနဲ့ မကိုက်ညီဘူးလား၊ ဒီခေတ်ကြီးဟာ တို့ ခေတ်ကြီးကွ၊ တို့ခေတ်ကြီးမှာ ပျော်ပျော်နေရမယ်။ ဆိုင်ရှင်ကြီးရာ၊ ခင်ဗျား

မျက်နှာကို ဒီဘက်လှည့်စမ်းပါဦး၊ အင်္ဂါရပ်ကလေး ဘာလေးကြည့်ရအောင်၊ ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ်။ နဖူးရေ ဒူးရေက တော်တော့်ကို ကောင်းတယ်။ ရှေ့လျှောက် ကောင်းစားဦးမှာ သေချာတယ်။ ကဲ ... လက်ဖက်ရည် တစ်ခွက်လောက် သောက်ရအောင်ဗျာ"

ဝမ်လီဖ ➡➡"ဗေဒင်ဆရာကလေး"

တန်လေး ➡➡"ကျွန်တော့်ကို ဗေဒင်ဆရာလို့ မခေါ်နဲ့တော့ဗျာ။ ဗေဒင်ဆရာ မဟုတ်တော့ဘူး၊ ဂိုဏ်းဆရာကြီး ဖြစ်နေပြီ"

ဝမ်လီဖ ➡➡"ဂိုဏ်းဆရာကြီး ဆိုတဲ့ဘွဲ့ကို ကိုရင့်ကို ဘယ်သူ ပေးတာတုံးကွ"

တန်လေး ➡➡"နောက်တော့ သိမှာပေါ့ဗျာ"

ဝမ်လီဖ ➡➡"ကောင်းပါပြီ ဂိုဏ်းဆရာကြီးရယ်၊ အဲ ... တစ်ခု တော့ ပြောလိုက်မယ်ဗျာ၊ ကိုရင့် အဖေဟာ တစ်သက်လုံး ကျုပ်ဆိုင်မှာ လက် ဖက်ရည် အလကား သောက်သွားခဲ့တာပဲ၊ အဲဒီအကျင့်ကတော့ မျိုးရိုးစဉ်ဆက် မလိုက်ဘူး ထင်ပါရဲ့နော်"

တန်လေး ➡➡"ဆိုင်ရှင်ကြီး၊ စကားကို သတိထား ပြောပါဗျာ၊ တစ်နေ့မှာ ကျွန်တော် အထက်ဂိုဏ်း ဝတ်ရုံတွေ ဘာတွေ ဝတ်လိုက်ရင် ခင်ဗျား ဒီလိုပြောမိတဲ့အတွက် မှားလေစွလို့သာ နောင်တ မရပါနဲ့၊ စောင့်ကြည့်ပါ"

ကျောက်ဖြူးလူလေး➡➡"ဟေ့ ... တန်လေး၊ ခဏနေရင် ဟောဒီက ကောင်မလေးနဲ့ နင့်ကို ကော်ဖီလေး ဘာလေး တိုက်ပါ့မယ်ကွာ။ ခုလောလော ဆယ်တော့ နင့်ကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောချင်တယ်"

တန်လေး ➡➡"ဆိုင်ရှင်ကြီး ကျွန်တော်ကို လက်ဖက်ရည် ကလေး တစ်ခွက်တိုက်လိုက်ရင် ခင်ဗျားကို မြို့ဝန်ဖြစ်အောင် လုပ်ပေးနိုင်တယ် ဆိုတာ သိရဲ့လား၊ ကဲ ... ကျောက်ဖြူးလူလေး၊ ဆိုစမ်းပါဦး"

ကျောက်ဖြူးလူလေး➡➡"ခုတင် ငါ့ကောင်မလေးကို ငါပြောနေ တာကွာ၊ ငါ့မှာ စီမံကိန်းတစ်ခု ရှိတယ်"

တန်လေး ➡➡"အင်း ... ဆိုစမ်းပါဦး"

ကျောက်ဖြူးလူလေး➡➡"ငါ ခု ထရပ်စ် ကုမ္ပဏီတစ်ခု ဖွဲ့မလို့ကွ။ ဒီစကားလုံးက အမေရိကန် စကားလုံးဆိုတော့ နင် နားလည်မှာ မဟုတ်ဘူး။ အဲဒီစကားလုံးကို တို့ပီကင်း ဒေသသုံးစကားနဲ့ အဓိပ္ပာယ်ပြန်ရင် 'ငါ့ဖို့' လို့ အဓိပ္ပာယ်ထွက်တယ်"

တန်လေး ➠➠ "ငါ သိပါပြီကွာ၊ ကောင်မလေးတွေ အားလုံးကို မင်း အုပ်ထိန်းထားချင်တယ်ဆိုတဲ့ သဘောမဟုတ်လား"

ကျောက်ဖြူးလူလေး➠➠"မှန်လိုက်လေကွာ၊ နင့်ဦးနှောက်ဟာ တော်တော်ကောင်းတဲ့ ဦးနှောက်ပါလား။ ဘေဘီ သေသေချာချာ နားထောင်နော်။ ဒီစီမံကိန်းထဲမှာ နင်လဲပါတယ်။ ဟောဟိုက ဆိုင်ရှင်ကြီးလဲ ပါတယ်"

ဝမ်လီဖ ➠➠"ဒါကြောင့်မို့ ငါ နားထောင် နေတာပေါ့ကွ"

ကျောက်ဖြူးလူလေး➠➠"ကပွဲရုံက ကောင်မလေးတွေ၊ ပြည့်တန်ဆာအိမ်တွေမှာ ရှိတဲ့ ပြည့်တန်ဆာမတွေ၊ လမ်းမမှာ လျှောက်နေတဲ့ ပြည့်တန်ဆာမတွေ၊ ဂျစ်လေဒီတွေနဲ့ စားပွဲထိုး ကောင်မလေးတွေ အားလုံး စုပြီးထရပ်စ်တစ်ခု ဖွဲ့မလို့ကွ"

တန်လေး ➠➠(မျက်လုံးကိုမှိတ်၍ နားထောင်နေရာမှ) "မင်းမှာ နောက်က အားကိုးရှိလို့လား"

ကျောက်ဖြူးလူလေး➠➠"ရှိတာပေါ့ကွ၊ ညွန့်ကြားရေးမှူး ရှန်က အဲဒီ ကုမ္ပဏီ ဥက္ကဋ္ဌ၊ ငါက မန်နေဂျာ"

တန်လေး ➠➠"ငါကကော"

ကျောက်ဖြူးလူလေး➠➠"နင်က တို့အဖွဲ့ကိုနာမည်ကောင်းကောင်း တစ်ခု ရှာပေး၊ ဒီလိုဆိုရင် နင့်ကို အကြံပေးပုဂ္ဂိုလ် ခန့်မယ်"

တန်လေး ➠➠"အကြံပေးပုဂ္ဂိုလ် ခန့်လို့ ငါ့ကို ဉာဏ်ပူဇော်ခပေးရင် တို့အစိုးရ ငွေစက္ကူတွေကိုတော့ လက်မခံဘူးနော်"

ကျောက်ဖြူးလူလေး➠➠"လစဉ် ဒေါ်လာငွေနဲ့ ပေးမှာပေါ့ကွ"

တန်လေး ➠➠"ဒါဖြင့် ပြော"

ကျောက်ဖြူးလူလေး➠➠"ငါတို့ ကုမ္ပဏီမှာ ဌာနခွဲ လေးခုခွဲထားမယ်။ တစ်ခုက ဝယ်ရောင်းဌာန၊ တစ်ခုက ပို့ဆောင်ရေးဌာန၊ နောက်တစ်ခုက လေ့ကျင့်ရေးဌာန၊ နောက်တစ်ခုက ဝန်ဆောင်ဌာန၊ ကောင်မလေးတွေ ရောင်းချင်ဝယ်ချင်ရင် ကောင်မလေးတွေကို ရှန်ဟဲကနေ တီယန်စင်းကို ပို့ချင်ရင်၊ ဟန်ကော ကနေ ချုံကင်းတို့ ပို့ချင်ရင် ဂျစ်လေဒီနဲ့ စားပွဲထိုးမကလေးတွေကို လေ့ကျင့်သင်တန်း ပေးချင်ရင်၊ အမေရိကန် စစ်ဗိုလ်တွေဆီမှာပဲ ဖြစ်ဖြစ်၊ တို့အရာရှိတွေ ဆီမှာပဲဖြစ်ဖြစ် အမှုထမ်းချင်ရင် တို့က အားလုံးကို တာဝန်ယူလုပ်ပေးမယ်၊ အားလုံး ကျေနပ်မှု ရစေရမယ် ဘယ့်နှယ်လဲ မကောင်းဘူးလား"

တန်လေး ➠➠“သိပ်ကောင်းတာပေါ့ကွာ၊ သိပ်ကောင်းတာပေါ့။ မူအရ ပြောရရင် အစစအရာရာ ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ရှိရမည်ဆိုတဲ့ မူနဲ့လဲ ကိုက်တယ်။ လက်တွေ့သဘောနဲ့ ပြောရရင် အမေရိကန်စစ်တပ်တွေရဲ့လိုအပ်ချက်ကိုလဲ ဖြည့်တင်းပေးရာ ရောက်တယ်။ နိုင်ငံတော် အတွက်လဲ အကျိုးရှိတယ်”

ကျောက်ဖြူးလူလေး➠➠“ဒီတော့ နာမည်ကောင်းကောင်းတစ်ခုကို နင် စဉ်းစားပေးစမ်းပါ၊ နာမည်က အထက်တန်းကျရမယ်။ မိုးမခရွက်မျက်လုံး၊ ပန်းသီးပုံမျက်ဝန်း၊ ချယ်ရီနီ နှုတ်ခမ်းစတဲ့ နာမည် ခပ်လှလှ ကဗျာဆန်ဆန် နာမည်မျိုးပေါ့ကွာ”

တန်လေး ➠➠“အင်း … မင်းတို့ ကုမ္ပဏီက ထရပ်စ်လို့ ခေါ်တယ်ဆိုတော့ အဲဒီစာလုံးကြီးကိုက အထက်တန်း သိပ်မကျလှဘူးကွ။ ပီကင်းဒေသသုံးစကားနဲ့ဆိုရင် ‘အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲပစ်တယ်’ ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဆင်နေတယ်။ ဒီတော့ ဘယ်အထက်တန်းကျမလဲ၊ ငွေညစ်တယ်ဆိုတဲ့ စကားလုံးကို အထက်တန်းကျအောင် လုပ်လို့ မရသလိုပေါ့”

ကျောက်ဖြူးလူလေး➠➠“အထက်တန်းမကျရင်လဲ နေပေ့စေကွာ။ အဲဒါက အမေရိကန် စကားလုံးကွ၊ ခု ခေတ်စားနေတဲ့ စကားလုံး”

တန်လေး ➠➠“ကော်ပိုရေးရှင်းတို့ ဘာတို့ဆိုတဲ့ နာမည်က ပိုမကောင်းဘူလား၊ အထက်တန်းလည်း ကျတယ်”

ကျောက်ဖြူးလူလေး➠➠“ဟုတ်လိုက်လေကွာ၊ သိပ်ကောင်းတာပေါ့။ နို့ … နေစမ်းပါဦး၊ ကော်ပိုရေးရှင်းဆိုတာ ဘာအဓိပ္ပာယ်လဲ”

တန်လေး ➠➠“လူလည်များ၏ ကော်ပိုရေးရှင်းဆိုရင်ကော”

ကျောက်ဖြူးလူလေး➠➠“ကောင်မလေး ဘေဘီဘီ၊ တို့တကယ်ပြော နေတာနော်၊ သိပ်လဲ မာနကြီး မနေနဲ့ နင့်အလုပ်ကို နင်ကောင်းကောင်း လုပ်၊ နင် ကြိုးစားရင် စားပွဲထိုးမလေးတွေရဲ့ နည်းပြဆရာမ ဖြစ်နိုင်တယ်”

တန်လေး ➠➠“ဒီလို နာမည်ပေးရင်ကောကွာ ‘ပန်းနှစ်ပွင့် ကော်ပိုရေးရှင်း’ လို့ နာမည်ပေးမယ်။ ချောချောလှလှ ကောင်မလေးတွေကိုမြင်ရင် ပန်းပွင့်ကလေးတွေကို သွားပြီး သတိရတတ်ကြတယ် မဟုတ်လား။ ကောင်မလေးတွေနဲ့ ပျော်ချင်ပါးချင်တဲ့အတွက် လူတွေကလဲ ပိုက်ဆံကို သိပ်ကြည့်မှာမဟုတ်ဘူး။ မင်းအလုပ်လဲ ပန်းများပွင့်သလို ကြီးထွားလာမယ်။ ပန်းနှစ်ပွင့်

တဲ့၊ ကောင်းတယ်ကွာ။ ပြီးတော့ တို့ ရှေးအော်ပရာဇာတ်တွေထဲမှာလဲ ပန်းနှစ်ပွင့်နဲ့ ပတ်သက်တဲ့ဇာတ်တွေ သီချင်းတွေ၊ အများကြီးရှိတာပဲ မကောင်းဘူးလား"

ကျောက်ဖြူးလူလေး➠➠"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ၊ သိပ် ကျေးဇူးတင်တာပဲ၊ (အားရပါးရ လက်ဆွဲနှုတ်ဆက်သည်။) ခုပဲ ငါညွှန်ကြားရေးမှူးရှုန်နဲ့ သွားတွေ့ပြီး ဆွေးနွေးမယ်။ သူ သဘောတူပြီဆိုရင် မင်းကို အကြံပေးပုဂ္ဂိုလ် ခန့်မယ်" (လက်ဆွဲအိတ်ထဲသို့ ပစ္စည်းများထည့်၍ သွားရန်ပြင်သည်။)

ဝမ်လီဖ ➠ ➠ "ဟော့...ထင်ပေါက်ဆိုတဲ့ ကောင်မလေးကိုကော"

ကျောက်ဖြူးလူလေး➠➠"ကျွန်တော့်ကို ယုံကြည်စမ်းပါဗျာ၊ ကျွန်တော်တို့ ထရပ်စ်က အားလုံးကို ထိန်းချုပ်ထားမှာပေါ့၊ ဒီမှာ အလျင်ပွဲထုတ်ကြည့်မယ်လေ"

ထင်ပေါက် ➠➠"စောစောက ကော်ဖီတိုက်မယ်လို့ ပြောသလားလို့"

ကျောက်ဖြူးလူလေး➠➠"တန်လေး လာတော့ သောက်မယ်လေ"

တန်လေး ➠➠"နင့်တို့ သောက်နှင့်ကြလေ၊ ငါ တစ်ယောက်နဲ့ ချိန်းထားလို့"

ကျောက်ဖြူးလေး➠➠"ဒါဖြင့် လာဟော့ ... ကောင်မလေး"

ထင်ပေါက် ➠➠"ဆိုင်ရှင်ကြီးရေ၊ သွားဦးမယ်နော်၊ ဂိုဏ်းဆရာကြီးလဲ သွားပါဦးမယ်ရှင်"(ကျောက်ဖြူးလူလေးနှင့်အတူ ထွက်သွားသည်။)

တန်လေး ➠➠"ဆိုင်ရှင်ကြီး၊ သတင်းစာလေး ဘာလေး မရှိဘူးလား"

ဝမ်လီဖ ➠➠"ရှာရဦးမယ်ကွ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သတင်းစာလေးဘာလေးတော့ ရှိဦးမလား မသိဘူး"

တန်လေး ➠➠"ခက်ပါလား၊ အဲဒီ သတင်းစာတွေက ဘာလုပ်တော့မှာလဲ" (လက်ဖက်ရည်သောက်သူ သုံးဦးဝင်လာသည်။ ထမင်းချက်မင်၊ ကျောက်ဖူးယန်နှင့် ဝမ်ဖူစီတို့ဖြစ်သည်။ ထမင်းချက်မင်က ခွေးခြေတစ်လုံးပေါ်တွင် ထိုင်သည်။ ကျောက်ဖူးယန်နှင့် ဝမ်ဖူစီတို့က တစ်နေရာတွင် ထိုင်သည်။ သိဟောင်းကျွမ်းဟောင်းများ ဖြစ်သည့်အတွက် ဝမ်လီဖက နှုတ်ဆက်သည်။)

ဝမ်လီဖ ➡➡“မိတ်ဆွေတို့ရေ၊ အားတော့နာပါရဲ့၊ ဒါပေမယ့် ပိုက်ဆံကလေးတော့ ကြိုပေးကြကွာ”

ထမင်းချက်မင် ➡➡“သိပါတယ်ဗျာ ... အဘိုးကြီးကလဲ”

ဝမ်လီဖ ➡➡“ပိုက်ဆံတော့ ကြိုပေးကြကွာ ... အားတော့ ခပ်နာနာပဲ”(လက်ဖက်ရည်ဖျော်ရန် ပြင်သည်။)

ကျောက်ဖူးယန်➡➡“ဘယ်လိုလဲဗျ၊ ဆိုင်ရှင်ကြီးရ၊ ညနေခင်းမှာ စာဟောလေး ဘာလေး ၄ားမှပေါ့၊ ဒါမှ ဆိုင်မှာလူစည်မှာပေါ့”

ဝမ်လီဖ ➡➡“လူစည်အောင် တတ်နိုင်သမျှတော့ ကြိုးစားတာပဲ မောင်ရေ၊ ဒါပေမဲ့ မီတာခတွေသာ တိုးလာတယ်။ လက်ဖက်ရည်သောက်တဲ့ လူကတော့ တိုးမလာဘူး”

ကျောက်ဖူးယန်➡➡“ဒါတော့ ဟုတ်တယ်ဗျ။ ဒီပြင် မကြည့်နဲ့ ကျွန်တော့်ကိုပဲကြည့်လေ၊ တမြန်နေ့တုန်းက ယွေ့ကျန်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် စာဟောတယ်ဗျ၊ လူစွမ်းကောင်းသုံးဦး၊ အာဇာနည်လေးဦး၊ သတ္တိခဲငါးဦး၊ သူရဲကောင်းဆယ်ဦး၊ အကျော်ဒေးယျပုဂ္ဂိုလ် ဆယ့်သုံးဦး၊ လူလွန်မသားကိုးဦးနဲ့ ရဲရဲတောက် လူငယ်ဆယ့်ငါးဦးတို့က နတ်ငှက်တောင်ရိုးကြီးကို ဘယ်လို တိုက်ခိုက်စီးနင်းတယ်၊ ငှက်ပေါင်းတစ်ရာတို့က နတ်ငှက်ကို ဘယ်လို ပူဇော် ဦးခိုက်ကြတယ်၊ နတ်ငှက်ကြီး ဘယ်လို ခြေကျိုးသွားတယ်ဆိုတဲ့ အကြောင်းကို ကျကျနန ဟောတယ်ဗျ။ စာဟောတာကို ဘယ်နှယောက်လာပြီး နားထောင်တယ် ထင်သလဲ”

ဝမ်လီဖ ➡➡“ဘယ်နှယောက်များလာသလဲကွ။ ဒီပုံပြင်ကို ဟောနိုင်တဲ့လူဆိုလို့ မင်းတစ်ယောက်ပဲ ကျန်တော့တယ် ထင်တယ်”

ကျောက်ဖူးယန်➡➡“ဘယ်ဘက်ကစမ်း၊ ညာဘက်ကစမ်းစမ်း ဒီလောက်တော့ ရပါတယ်ဗျာ။ လူငါးယောက်ပဲ လာနားထောင်တယ်။ ဒါတောင် နှစ်ယောက်က အလကား”

ဝမ်ဖူစီ ➡➡“ခင်ဗျားက တော်သေးတာပေါ့၊ ကျုပ်မှာ အလုပ် မရှိတာ နှစ်လရှိနေပြီ”

ကျောက်ဖူးယန်➡➡“နို့ ... နေစမ်းပါဦး၊ ဘာဖြစ်လို့ စာဟောတဲ့ အလုပ်ကို မလုပ်တော့ဘဲ ပီကင်းအော်ပရာဇာတ်ထဲ လိုက်ရပါသလဲ”

ဝမ်ဖူစီ ➡➡“အသံကလေးနဲ့ ရုပ်ကလေးကို အားကိုးပြီး လိုက်သွားမိတာပေါ့ဗျာ”

ကျောက်ဖူးယန် ➟➟“ဒါပေမဲ့ ဇာတ်ခုံပေါ်ရောက်ရင် ခင်ဗျားချည်းပဲ တစ်လျှောက်လုံး မထွက်ရဘူး မဟုတ်လား”

ဝမ်ဖူစီ ➟➟“တော်စမ်းပါဗျာ ... အော်ပရာတစ်ခုလုံး၊ ကျုပ်ချည်းပဲ သီချင်းဆိုတာတောင် ညကြေးက ဘယ်လောက်ပဲ ရတယ်ထင်သလဲ၊ ပြောင်းဆန်မုန့်ကလေး သုံးလုံးစာတောင် မရှိဘူးဗျ၊ ဒီတော့ ဆက်လုပ်နေလို့ ဖြစ်မလားဗျာ၊ ကျွန်တော်က အရူးမှ မဟုတ်တာ”

ကျောက်ဖူးယန် ➟➟(သက်ပြင်းချလျက်) “အင်း ... ဝမ်ဖူစီရေ၊ ပြောလို့သာ ပြောရတာ ကျုပ်တို့ အော်ပရာသီချင်းတွေကိုလဲ ခုခေတ်လူငယ်တွေက နားမထောင်ကြတော့ဘူးဗျ၊ သူတို့က ခုကာလပေါ် အမေရိကန်ပေါ့သီချင်းတွေနဲ့ အညံ့စားပြဇာတ်တွေလောက်သာ ကြိုက်ကြတော့တာ၊ ကျုပ်တို့တစ်တွေ သေတာ ရှင်တာက ဒီလောက် အရေးမကြီးပါဘူးဗျာ။ ဒါပေမဲ့ ကျုပ်တို့ အနုပညာဟာ မကြာခင်မှာ ကွယ်ပျောက်သွားတော့မယ်ဆိုတာကို တွေးမိတော့ စိတ်မကောင်းဘူး။ ရှေးက ပညာသည်ကြီးတွေ ပေးခဲ့တဲ့ အမွေတွေကို ကျုပ်တို့ မထိန်းနိုင်တော့ဘူး။ အဆိုးသည် အကောင်းကို ဘယ်တော့မှ နိုင်ရိုးထုံးစံမရှိလို့တော့ ရှေးလူကြီးတွေ ပြောခဲ့ကြတာပဲ။ ဒါပေမဲ့ ခုခေတ်က ခေတ်ဆိုးကြီးဗျ၊ အကောင်းတွေဟာ အမြစ်ကနေပြီး ကျွတ်ထွက်ပျက်စီးနေကြပြီ”

ဝမ်လီဖ ➟➟(ထမင်းချက်မင် ဘက်သို့လှည့်၍) “ဟော့ ... မင်၊ မတွေ့တာ ကြာပြီနော်”

ထမင်းချက်မင် ➟➟“ခုတစ်လောမှာ သိပ်ပြီး အပြင်တို့ ဘာတို့ မထွက်နိုင်တော့ဘူးဗျ၊ ကျွန်တော်က အကျဉ်းထောင်မှာ စားဖိုမှူးလုပ်နေရတယ်”

ဝမ်လီဖ ➟➟“ဘာ ... အကျဉ်းထောင် စားဖိုမှူး၊ သောက်ကျိုးမင်းဟာ ရှေးတုန်းက စားပွဲတစ်ရာလောက် ခင်းပြီး ကျွေးတဲ့ မင်းစိုးရာဇာ ညစာစားပွဲကြီးတွေမှာ ကြီးကြပ်ခဲ့ရတာ၊ ခုတော့ ထောင်ကျတွေကို ချက်ကျွေးနေရတယ်၊ ဟုတ်စ”

ထမင်းချက်မင် ➟➟“မတတ်နိုင်ဘူးလေ။ အံမယ် ... အထင်တော့ မသေးလိုက်နဲ့ဗျ၊ တကယ့် မင်းပွဲစိုးပွဲ ထမင်းစားပွဲကြီးတွေ ကျနေတာပဲ။ ကျွန်တော့်မှာရှိတဲ့ အိုးခွက်ပန်းကန်တွေကိုလည်း ရောင်းပစ်လိုက်ပြီ”

ဖုန်းလင်သည် ရှေးတရုတ်ပန်းချီကားချပ်များကို ကိုင်၍ ဝင်လာသည်။

ထိုစဉ် မဒမ်ပန်သည် ကျွန်ယုံတော် ချွန်းမေနှင့်အတူ ဝင်လာသည်။ မဒမ်ပန်မှာ လက်ချောင်းတိုင်းတွင် လက်စွပ်များကို ဆင့်၍ဝတ်ထားပြီး အဝတ်အစားကိုလည်း အန်ချင်စရာ ကောင်းလောက်အောင် အလွန်အကျွံ ဝတ်ဆင်ထားသည်။ သူတို့နောက်မှ ကုန်စုံရောင်းသည့် အထမ်းသည်ယန် လိုက်ပါလာသည်။

ဗေဒင်ဆရာတန်လေး➠➠"နန်းမတော် ဖုရား"

ချိတန်တန်နှင့် ဖုန်းလူ➠➠"အလို ... နန်းမတော် ဖုရားပါလား"

မဒမ်ပန် ➠➠"ဂိုဏ်းဆရာကြီးလဲ ရှိသကိုး"

တန်လေး ➠➠"ရွှေသဘောတော်အတိုင်း ဆောင်ရွက်ရန် အသင့်ရှိကြောင်းပါ"(မဒမ်ပန်အား ထိုင်ခုံတစ်လုံးတွင် တွဲ၍ထိုင်စေပြီးနောက် လက်ဖက်ရည် တစ်ခွက် ငှဲ့ပေးသည်။)

မဒမ်ပန် ➠➠(ချိတန်တန် ထွက်သွားမည် ပြုစဉ်) "တန်တန်ရေ ခဏ နေစမ်းပါဦး"

ချိတန်တန် ➠➠"အမိန့်ရှိပါ"

ယန် ➠➠(တိုလီမိုလီ ပစ္စည်းရောင်းသည့် သေတ္တာကို ဖွင့် ပြကာ) "နန်းမတော်ဖုရား ရှုစားတော်မူပါ"

မဒမ်ပန် ➠➠"ကုန်စုံ ရောင်းတယ်ဆိုတာ သီချင်းကလေး ဘာလေး ဆိုပြီး ရောင်းဦးမှပေါ့ဟဲ့"

ယန် ➠➠"ကောင်းပါပြီ ဖုရား (သီချင်းဆိုပြသည်။)

ယန်ကီအပ်နဲ့ ယန်ကီအပ်ချည်
သွားတိုက်ဆေးက ပုလဲလိုဖြူသည်
ပျို့ပျို့မမ ခြယ်သနှင်းဆီ
နှုတ်ခမ်းနီဆိုး အလှတွေ တိုးစေမည်၊
မျက်နှာချေမိတ်ကပ် အထပ်ထပ်လိမ်းပါ၊
နံ့သာရေမွှေး ကိုယ်လိမ်းပေါင်ဒါ
နိုင်လွန် ရှီးယား အမျိုးများစွာ
ကျွန်တော့်သေတ္တာထဲ ပစ္စည်းအကုန်ပါ
သို့သော်လည်း အဏုမြူဗုံးကိုတော့
ကျွန်တော် မရောင်းပါ"

မဒမ်ပန် ➟➟(သူ့ကဗျာတိုကို သဘောကျသဖြင့် ရယ်ရင်း နိုင်လွန်ခြေစွပ်နှစ်စုံကို ကောက်ကိုင်ကြည့်သည်။) "ချွန်းမေ၊ ဒီခြေစွပ်နှစ်စုံကို ယူထားလိုက်စမ်း၊ တန်တန်ရေ ... ဒီခြေစွပ်နှစ်စုံဖိုး ပေးလိုက်ပါကွယ်"

တန်တန် ➟➟"သခင်မ ဖုရား၊ ကျွန်တော့်ကို ဒီလိုတော့ မကျီစားပါနဲ့"

မဒမ်ပန် ➟➟"ဘာ ကျီစားရမှာလဲ၊ မင်းကို ငါပိုက်ဆံချေးထား တယ် မဟုတ်လား၊ နှစ်ထပ်တိုးနဲ့ဆိုရင် ငါ့အကြွေးတွေ ဘယ်လောက်များ ရှိပြီလဲ မဆိုနိုင်ဘူး"

တန်လေး ➟➟"ကောင်းပြီ သခင်မကြီး"(အိတ်ထဲမှ မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်သည်။)

ချိတန်တန် ➟➟"ဂိုဏ်းဆရာကြီးရယ်၊ တွက်မနေပါနဲ့တော့၊ ဟောဒီက ကုန်စုံရောင်းတဲ့ ယန်ကို ကျွန်တော်ပဲ ရှင်းပေးလိုက်ပါတော့မယ်"

ယန် ➟➟"သခင်မကြီး၊ ကျွန်တော့်ကို သနားပါခင်ဗျာ၊ သူ့ကိုတော့ လွှဲမပစ်ခဲ့ပါနဲ့၊ ကျွန်တော် ဘယ်တုန်းကမှ သူ့ဆီက ပိုက်ဆံမရခဲ့ပါဘူး"

မဒမ်ပန် ➟➟"မစိုးရိမ်ပါနဲ့ဟယ်။ နင့်ကို မပေးဘူးဆိုရင် ငါ့ကို လာပြောလှည့်"

ယန် ➟➟"ဒီလိုဆိုရင်လဲ ကောင်းပါပြီ ခင်ဗျာ၊ ကဲ ... ကုန်ပစ္စည်းကလေးတွေခင်ဗျ၊ ဝယ်ကြဦးမလား၊ (ခပ်စောစောက ရွတ်သည့် ကဗျာတို ကလေးကို ရွတ်သည်။) ယန်ကီအပ်နဲ့ ယန်ကီအပ်ချည် ....

မဒမ်ပန် ➟➟"တော်ပြီ၊ သွားတော့"

ယန် ➟➟"ကောင်းပါပြီ သခင်မကြီး (ကဗျာတိုကို ရွတ်သည်။)

ယန်ကီအပ်နဲ့ ယန်ကီအပ်ချည်
သွားတိုက်ဆေးက ပုလဲလိုဖြူသည်
ငါမသွားလျှင် လူမိုက်ဖြစ်မည်
ကဲ ... တန်တန်ရေး သွားကြစို့"

ယန်နှင့် ချိတန်တန်တို့ အပြင်သို့ ထွက်သွားကြသည်။

ဖုန်းလူ ➟➟(အနီးသို့ ကပ်လာကာ) "သခင်မကြီးဖုရား၊ ကျွန်တော့်မှာ ကြွေအမွေးတိုင်အိုးတစ်စုံ ရှိပါတယ်။ ပစ္စည်းအမျိုးပေါင်းငါးမျိုးပါ

ပါတယ်။ တကယ့် ရှေးဟောင်း အဖိုးတန်ပစ္စည်းများဖြစ်ပါတယ်။ ဈေးပေါပေါနဲ့ ရလို့ ဝယ်ထားလိုက်တာပါ။ ကျွန်တော်တို့ လှူဒါန်းဂုဏ်အသင်းအတွက် အလွန် အသုံးဝင်ပါတယ်။ သခင်မကြီး သေသေချာချာ ရှုစားတော်မူပါ”

မဒမ်ပန် ➠➠“ဒီလိုဆိုရင် မောင်မင်းတို့ ဘုန်းတော်ကြီးသော သခင်ကို ပြကြည့်ကြ”

ဖုန်းလူ ➠➠“မှန်လှပါ ဘုန်းတော်ကြီးသော သခင်ဟာ မကြာခင် ဘိသိက်ခံတော်မူမယ်လို့ သိရပါတယ်။ ရွှေနန်းရှင် သခင်မကြီး ဘုရား၊ ကြားရတာ အလွန်တရာ ဝမ်းသားစရာ ကောင်းလှပါတယ် ဘုရား၊ ခုပဲ ကျွန်တော် မျိုးကြီးကိုယ်တိုင် အမွေးတိုင်အိုးများကို ယူသွားပြီး ဘုန်းတော် ကြီးသော သခင်ကို ဆက်သပါ့မယ် ဘုရား၊ နောင်မှသာ ကျွန်တော်မျိုးကြီးကို ချီးမြှင့်မြှောက်စားဖို့ လျှောက်တင်ပေးပါဘုရား၊ နန်းမတော် သခင်မဘုရားရဲ့ ကျေးဇူးကို မမေ့ပါဘူး ဘုရား” (ထွက်သွားမည်ပြုသည်။)

ထမင်းချက်မင် ➠➠“ဗျို့ ... ကိုဖုန်းလူ၊ ကျုပ်တို့ အကြွေးကိစ္စက လေးကော”

ဖုန်းလူ ➠➠“လောလောဆယ်တော့ ဒီပန်းချီကားတွေကိုပဲ ယူထားလိုက်တော့ဗျာ” (အပြင်သို့ ထွက်သွားသည်။)

ထမင်းချက်မင် ➠➠“ဟေ့လူ ... ဘယ်သွားမလို့လဲ ... နေဦး၊ ကျုပ် ထမင်းဝိုင်းကြီးနှစ်ဝိုင်းစာအတွက် အကြွေးတွေ ပေးခဲ့ဦး၊ ကျုပ်လက်ထဲမှာ သားလှီးဓားကြီး ခုထိ ရှိသေးတယ်နော်”

ထမင်းချက်မင်သည် ဖုန်းလူနောက်မှ ပြေးလိုက်သွားသည်။

မဒမ်ပန် ➠➠“ဆိုင်ရှင်ကြီးရေ၊ ဒေါ်ကြီးကံ တစ်ယောက်ကော ရှိသေးရဲ့လား၊ ခေါ်စမ်းပါဦးရှင်”

ဗေဒင်ဆရာတန်လေး➠➠“ကျွန်တော်မျိုး ခေါ်ပေးပါ့မယ်။ (အပြင်သို့ ပြေးထွက်သွားရင်း) ဗျို့ ... အဘွားကြီး ကံရှွင်၊ ခဏဗျို့”

ဝမ်လီဖ ➠➠“ဘာတွေ ဖြစ်နေတာလဲဗျ”

တန်လေး ➠➠“ဒါ သိပ်အရေးကြီးတဲ့ နိုင်ငံတော်ကိစ္စကြီးဗျ”

ကံရှွင် ဝင်လာသည်။

ကံရှွင် ➠➠“ဘာကိစ္စ ပါလိမ့်တော်”

မဒမ်ပန် ➠➠(ကံရှွင်ကို ဝမ်းသာအားရ ကြိုဆိုလျက်) “အဘွား ကံရေ ကျွန်မက အဘွားကံရဲ့ စတုတ္ထမြောက်တူရဲ့ ဇနီးလေ၊ ခု

အဘွားကံကို အိမ်လိုက်လာဖို့ လာခေါ်တာ ထိုင်စမ်းပါဦး အဘွားကံရယ်”
(ကံရှင်ကို ကုလားထိုင်တစ်လုံးတွင် အတင်းထိုင်ခိုင်းသည်။)

ကံရှင် ➡➡“ဘာ ... ကျုပ် စတုတ္ထမြောက်တူရဲ့ဇနီး ဟုတ်စ”

မဒမ်ပန် ➡➡“ဟုတ်ပါတယ်ရှင်၊ အဘွားကံလဲ စိုးမှူးကြီးပန်တို့ အိမ်က ထွက်သွားတော့ ကျွန်မနဲ့ စိုးမှူးကြီးပန်ရဲ့ တူတော်မောင်နဲ့ အိမ်ထောင်ကျလို့ ကျွန်မလဲ စိုးမှူးကြီးပန်ရဲ့ ဆွေတော်မျိုးတော်ထဲက ဖြစ်သွားပြီလေ”

ကံရှင် ➡➡“တော်ပါပြီကွယ်၊ ပန်ဆွေမျိုးစုနဲ့ ကျုပ် သေခန်းရှင်ခန်း ပြတ်ခဲ့ပြီးပါပြီ။ ကျုပ်ကို ဘာဖြစ်လို့ အရေးတယူ လုပ်နေရတာလဲ”

မဒမ်ပန် ➡➡“အဘွားကံရဲ့ စတုတ္ထမြောက် တူတော်မောင် ဟိန်္ဒရွန်းရှိတယ် မဟုတ်လား၊ အဘွားကလဲ ခု သူက ဧကရာဇ်သုံးပါးဆိုတဲ့ လျှို့ဝှက်အသင်းမှာ ဂိုဏ်းခေါင်းဆောင်လေ၊ ပြီးတော့ ကူမင်တန်ပါတီထဲမှာလည်း ခေါင်းဆောင်ဖြစ်နေပြီ အဘွားကံရဲ့၊ ညွှန်ကြားရေးမှူးရှန်နဲ့ဆိုရင်လဲ သွေးသောက်ကြီးတွေကလား၊ မကြာခင်မှာ အဘွားကံရဲ့ တူတော်မောင်ကို ဧကရာဇ်ဘုရင်အဖြစ် မြှောက်ကြတော့မယ်တဲ့။ ပျော်စရာကြီးနော် အဘွားကံ”

အဘွားကံ ➡➡“ဘာ၊ ဧကရာဇ် မြှောက်ကြတော့မလို့ ဟုတ်စ”

မဒမ်ပန် ➡➡“ဟုတ်တယ်၊ ခုဆိုရင် ဘုရင်တွေဝတ်တဲ့ နဂါးရုပ် ရေးဝတ်ရုံကြီးတောင် အဆင်သင့် ချုပ်ပြီးနေပြီ၊ ကျွန်မလဲ သူ့အရက်မူးတာတွေ ဘာတွေကို သိပ်ပြီး အပြစ်မပြောပါဘူးရှင်၊ ဒါပေမဲ့ ခုတလောမှာ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူနေတာကိုတော့ စိတ်မကောင်းဘူး။ သူ့မှာ ယူထားတဲ့ မိန်းမတွေက ရေလို့တောင် ရမှာမဟုတ်ဘူး”

ဗေဒင်ဆရာတန်လေး➡➡“သခင်မကြီးဘုရား၊ ဘုရင်ဧကရာဇ်တို့ မည်သည် တရားဝင် ယူထားတဲ့ ကြင်ယာမိဖုရားများအပြင် မောင်းမအဖြစ်လဲ ခုနစ်ဆယ့်နှစ်ယောက်သော မောင်းမလဲ ရှိရပါသတဲ့ ဘုရား၊ ကျမ်းဂန်မှာ ဒီအတိုင်းပါတယ် ဘုရား”

ထမင်းချက်မင် ➡➡“ကဲ ... ပန်းချီဆရာကြီး ဦးဖုန်းလူ ကြွပါဦး ခင်ဗျာ၊ ခင်ဗျား အော်ဒါပေးလို့ ပို့ထားရတဲ့ ညစာဝိုင်းကြီး နှစ်ဝိုင်းစာအတွက် ပိုက်ဆံတစ်ပြားမှ မရသေးဘူး ခင်ဗျ၊ ကျွန်တော့်မှာလဲ ငွေအသုံးလိုနေလို့ အဲဒီအကြွေးကလေးကို ပြန်လိုချင်တယ်ဗျာ”

ဖုန်းလူ ➟➟"ဟောဒီ ပန်းချီကားတွေထဲက ကြိုက်တဲ့ ပန်းချီကားကိုသာ ယူသွားတော့ဗျာ"

ထမင်းချက်မင် ➟➟"ပန်းချီကားက ဘာလုပ်ရမှာလဲဗျ"

ဖုန်းလူ ➟➟"သိပ်ကောင်းတဲ့ ပန်းချီကားတွေနော်၊ အော်ရီဂျင် နယ်တွေထက်တောင် ကောင်းသေးတယ်"

ထမင်းချက်မင် ➟➟"ခင်ဗျား ပန်းချီကားတွေဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး ပန်းချီကားတွေ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျား ပန်းချီကားတွေကို ကြည့်နေလို့ ထမင်းဝတာ မဟုတ်ဘူးဗျ"

ဖုန်းလူ ➟➟"ပိုင်ရှင်ကတော့ ဒီပန်းချီကားကို ပေးလိုက်တုန်းက မျက်ရည်တောင် ကျတယ်ဗျ"

ထမင်းချက်မင် ➟➟"ကျုပ် ခင်ဗျား အော်ဒါမှာတဲ့ ညစာဝိုင်းကြီးနှစ်ဝိုင်းကိုအကျွေးပေးလိုက်ရတုန်းကလဲ ကျွန်တော့်မှာ မျက်ရည်ကျရတာပါပဲဗျာ"

ဖုန်းလူ ➟➟"ဒီမှာ ကိုယ့်လူ၊ ဘယ်သူတွေ မျက်ရည်ကျပြီး ဘယ်သူတွေ ထမင်းကောင်းကောင်းစားနေရတယ်ဆိုတာ ကျုပ်ကောင်းကောင်း သိတယ်ဗျ။ ဒါကြောင့်မို့ ကျုပ် ဒီလောက် စိတ်တိုနေတာပေါ့၊ ကျုပ်တို့လိုလူမျိုးတွေဟာ ပန်းချီကားအတွေဝယ် ပန်းချီကားတွေ ရောင်းနေကြပေမယ့် ကျုပ်တို့မှာလဲ နှလုံးသား ရှိပါတယ်ဗျ။ အသည်းနှလုံး မရှိဘူးလို့ မထင်ပါနဲ့"

ထမင်းချက်မင်➟➟"ဒီမှာ ကိုဖုန်းလူ၊ လူတိုင်းမှာ လူ့စိတ်ကလေးတော့ ရှိကြပါတယ်ဗျာ။ ဒီတော့ ခင်ဗျားလဲ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ကို ကိုယ်ချင်းစာလိမ့်မယ်လို့ ထင်ပါတယ်"

ဖုန်းလူ ➟ ➟ "တော်ပြီဗျာ၊ ခင်ဗျားဆီက ညစာဝိုင်းကြီးနှစ်ဝိုင်း မှာမိတာကလေးကို ဒီလောက် ပြောမနေပါနဲ့၊ ဟင်းလျာကျတော့လဲ ဘာမှ ကောင်းကောင်းမွန်မွန် ပါတာ မဟုတ်ဘူး။ စားတော်ပဲ ကြော်တွေချည်းပါ။ ဒီအကြောင်းကို မပြောပါနဲ့တော့ မိတ်ဆွေ၊ အချင်းချင်း ဒီလောက် ပြောနေတာ မကောင်းပါဘူး"

ချီတန်တန်သည် အမေရိကန်ဒေါ်လာ ပြားများကို တချွင်ချွင် လှုပ်၍ ဝင်လာသည်။

ချီတန်တန် ➟➟"ကဲ ... ကဲ အမေရိကန် ဒေါ်လာပြားတွေ ခင်ဗျ၊ ဝယ်ကြမလား၊ ဘယ့်နှယ်လဲ ဂိုဏ်းဆရာကြီး၊ တစ်ပြားလောက် မရှိးမြှင့်တော့ဘူးလား"

ဖေဒင်ဆရာလေးတန်သည် မကြားယောင်ပြုနေသည်။

ဝမ်လီဖ➠➠"ဗျို့ … တန်တန်၊ ဒေါ်လာ အရောင်းအဝယ် လုပ်ချင်ရင် တခြားမှာ သွားလုပ်ပါဗျာ၊ ကျုပ်တို့တော့ ဒေါ်လာပြားဆိုရင် မြင် လို့တောင် မှတ်မိမှာ မဟုတ်တော့ဘူး"

ချိတန်တန် ➠➠"ဒီလိုဆိုရင်လဲ သေသေချာချာ ကြည့်ဦးလေ အဘိုးကြီး၊ အလကားကြည့်လို့လဲ ရပါတယ်။ (ချိတန်တန်သည် အမေရိကန် ဒေါ်လာပြားများကို စားပွဲပေါ်သို့ သွန်ချလိုက်သည်။)

မဒမ်ပန်➠➠"နင်က ဇကေရီ ဘုရင်မကြီးမှ မဟုတ်တာ၊ ဇကေရီ ဘုရင်မ တစ်ပါး ဘယ်လောက် ခံစားရသလဲဆိုတာကို ဘယ့်နှယ်လုပ်ပြီး သိနိုင်မှာလဲဟဲ့၊ ဒီမှာ အဘွားကြီး ကျွန်မ စိတ်ကူးတစ်ခုရတယ်။ ကျွန်မကို ထောက်ခံရင် ရှင့်ကို ဘုရင်ရဲ့ မယ်တော်နေရာကို ပေးမယ်။ ကျွန်မတို့နှစ်ယောက် ပူးပေါင်းပြီး ဘုရင်ကို ကြိုးဆွဲနိုင်တယ်။ ဟိုရောက်ရင် အဘွားကြီးကို ကျွန်မ အစားအသောက် ကောင်းကောင်းနဲ့ လိုလေးသေးမရှိအောင် ထားပါ့မယ်။ ပြီးတော့ အဘွားကြီးရဲ့ လက်ထဲမှာလဲ ငွေစမပြတ်စေရပါဘူး။ ဘယ် လောက် ဟန်ကျသလဲ"

ကံရှင် ➠➠"ကျုပ်က ငြင်းတယ် ဆိုရင်ကော"

မဒမ်ပန် ➠➠"ဘာငြင်းတယ် ဟုတ်စ" (ဒေါသကြောင့် တုန် ယင်လျက်ရှိ၏။)

ဖေဒင်ဆရာတန်လေး➠ ➠ "သူ့ကို စဉ်းစားဖို့ အချိန်ပေးလိုက်ပါဦးလေ၊ အချိန်ပေးလိုက်ပါ"

ကံရှင်➠➠"မလိုပါဘူးတော်၊ စိုးမူးကြီးပန် ဆွေမျိုးစုနဲ့ သေ ခန်းရော၊ ရှင်ခန်းရော ပြတ်ခဲ့ပြီးပါပြီ။ ဒီတော့ ကျုပ်တူရဲ့ မိန်းမရေ၊ မယ်မင်းကြီးမ ဇကေရီ ဘုရင်မကြီး လုပ်ချင်တယ်ဆိုရင် လုပ်ပါ။ ကျုပ်တော့ ဆင်းဆင်းရဲရဲ သူအိုမကြီး အဖြစ်ပဲ နေပါတော့မယ်။ သူ့ဆံပင် ကိုယ့်ဆံပင် လာမငြိပါစေနဲ့၊ ခု ကျုပ်ကို စိတ်ဆိုးနေပြီပေါ့၊ ဒီလိုခြောက်လို့ ကြောက်မယ်တော့ မထင်လိုက်နဲ့ နော်၊ ခုကိုယ့်ဘဝ ကိုယ်ပိုင်ပြီ၊ ဒီတော့ ကိုယ့်ကိုယ်ကို ဘယ်လိုစောင့်ရှောက်ရ မယ်ဆိုတာ နားလည်တယ်။ ကျုပ်ကို ယီးတီးယားယားတော့ လုပ်မယ် မကြံ နဲ့၊ သင်ခန်းစာ ကောင်းကောင်းပေးလွှတ်လိုက်မယ်"

ထိုင်ရာမှထ၍ နောက်ဘက်သို့ ဝင်သွားသည်။

ဖေဒင်ဆရာတန်လေး➠➠"အမေကြီး၊ ဗျို့ … အမေကြီး"

ကံရွှင် ➡➡(ရပ်၍ ဗေဒင်ဆရာတန်လေးကို လှည့်ကြည့်သည်။) "ဟဲ့ ... တေလေဂျပိုး ပေါက်စလေး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားပါတော့လား"

မဒမ်ပန် ➡➡(ဝမ်လီဖဘက်သို့ ဒေါသဦးလှည့်လျက်) "ဆိုင်ရှင်ကြီး ဒီခဏ လာစမ်း၊ သွား ... အဘွားကြီးကို နားလည်အောင် ပြောပြချည်၊ သူ လက်ခံလာအောင် ပြောနိုင်ရင် ရှင့်ကို ကျွန်မ ဂျုံတစ်အိတ်ပေးမယ်။ အဲသူ့ကိုရအောင် မပြောနိုင်ရင် ရှင့်လက်ဖက်ရည်ဆိုင် ပြုတ်ပြီလို့သာ အောက်မေ့ပေတော့၊ ကဲ ... မြန်မြန်သွားစမ်းပါတော်"

ဗေဒင်ဆရာတန်လေး➡➡"ဗျို့ ... ဆိုင်ရှင်ကြီး၊ အကျိုးအကြောင်းကို ညနေကျရင် သိချင်တယ်ဗျာ၊ ကျွန်တော် လာခဲ့မယ်"

ဝမ်လီဖ ➡➡"အကယ်၍ ပြောလို့ မရခဲ့ရင်ကော"

မဒမ်ပန် ➡➡"ပြောလို့မရရင် အကြောင်းသိမှာပေါ့"(ဗေဒင်ဆရာတန်လေး ချွန်းမေတို့နှင့်အတူ ထွက်သွားသည်။)

ဝမ်လီဖ ➡ ➡ "ဟင်း"

ကျောက်ဖူးယန် ➡➡"ပွဲကြီးပွဲကောင်းပဲဗျာ၊ ကြည့်လို့ ကောင်းလိုက်တာ ဟား ... ဟား"

ဝမ်ဖူစီ ➡ ➡ "ကျွန်တော့်တစ်သက်မှာ အော်ပရာပြဇာတ်ပေါင်းနှစ်ရာကျော်လောက် ကြည့်ခဲ့ဖူးတယ်။ ဒီလောက်ကောင်းတဲ့ ပြကွက်မျိုးကို တစ်ခါမှ မမြင်ဖူးသေးဘူး။ ဒီနွားအိုမကြီးက ဘယ်အဆက်အနွယ်ထဲကလဲဗျ"

ကျောက်ဖူးယန် ➡➡"လူတိုင်းသိပါတယ်ဗျာ၊ သူ့အဖေက ပီကင်းအရှေ့ပိုင်းက နာမည်ကျော် လူမိုက်ဂိုဏ်းခေါင်းဆောင်ဗျ၊ စိုးမူးကြီးပန်နဲ့ မရခင်တုန်းက ကလေးတစ်ယောက်မွေး၊ အင်း ... တော်ပါတော့ဗျာ၊ ဒီအကြောင်းတွေ မပြောပါနဲ့တော့၊ ကြည့်ရတာကတော့ သူတို့ခေတ် မကုန်ခင်မှာ မြိုးမြိုးမြက်မြက်ကလေး စားသွားချင်ပုံရတယ်။ သူတို့ခေတ်လဲ ကုန်တော့မှာကိုး"

ဝမ်တာရှုန်း ပြန်ရောက်လာသည်။

ဝမ်လီဖ ➡➡"ဝမ်တာရှုန်းရေ၊ ဆိုင်ကို စောင့်ကြည့်လိုက်စမ်းကွာ။ ငါ့ကိစ္စလေး တစ်ခုရှိလို့ အပြင်ကို ခဏသွားဦးမယ်"(ထွက်သွားသည်)

အာဒိလေး ➡➡(မိုးချုန်းသကဲ့သို့ အဝေးမှ မြည်ဟည်းသောအသံဖြင့်) "မဆိုင်သူတွေ ရှားကြဟေ့၊ (ဆိုင်ထဲသို့ ဝင်လာသည်။) ဟေ့

တာရွှန်း … အကောင်းဆုံး လက်ဖက်ရည်တစ်အိုးလောက် ချစမ်း၊ ငါ ဒီနေ့ ငွေစ နည်းနည်း ရှင်တယ်။ (အိတ်ထဲမှ ဒေါ်လာပြား လေးပြားကို တစ်ပြားချင်း ထုတ်ရေတွက်၍ စားပွဲပေါ်သို့ ချသည်။) ငါ့ပိုက်ဆံကို ရေပေးစမ်း၊ တစ်ဒေါ်လာ သုံးခဲ့ပြီ၊ ခုလေးဒေါ်လာ ကျန်သေးတယ်။ တစ်ယောက်ကို ငါးမူးနှုန်းနဲ့ဆိုတော့ လူဘယ်နှစ်ယောက်လဲ”

ဝမ်တာရွှန်း ➡➡“ဆယ်ယောက်ပေါ့”

အာဒိလေး ➡➡(လက်ချိုး၍ ရေတွက်ရင်း) “အေး … ဟုတ်တယ်၊ တမြန်နေ့က လေးယောက်၊ မနေ့က ခြောက်ယောက်၊ အားလုံးပေါင်း ဆယ်ယောက်၊ ဟော့ … တာရွှန်း၊ ဟောဒီမှာ နှစ်ဒေါ်လာ ရော့၊ ပိုက်ဆံရှိဘူးနော်၊ မင်းတို့ဆိုင်မှာ ငါလက်ဖက်ရည် အလကား သောက်မယ်။ ပိုက်ဆံရှိတယ်နော်၊ ငါပိုက် ဆံပေးပြီး သောက်တယ်။ ရော့၊ ယူထားလိုက်၊ (ဒေါ်လာပြားကို ကောက်ယူ၍ ပါးစပ်ဖြင့် မှုတ်လိုက်ပြီး နားကြားထဲတွင် ညှပ်၏။) ဒီပိုက်ဆံက တန်ဖိုးရှိတယ် ကွ။ လူနှစ်ယောက်အတွက် ရတာ၊ ဟော့ကောင် ယူလေကွာ”

ဝမ်တာရွှန်း ➡➡(ပိုက်ဆံကို မယူသေးဘဲ) “ကိုအာဒိလေးတို့ တယ်ဖြိုးနေပါလားဗျ၊ သစ်ပင်ပေါ်မှာ ဒေါ်လာပြားတွေ သီးနေတဲ့ အတိုင်းပဲ”

အာဒိလေး ➡➡“ငါက တက္ကသိုလ်မှာ တက်နေတာကိုးကွ”

ဝမ်တာရွှန်း ➡➡“ဟင် … ခင်ဗျားက တစ်ဂဏန်းကို ပုတ်ကြီး လောက်ရေးပြတာတောင် မဖတ်တတ်တာ ဘယ်နှယ့်လုပ်ပြီး တက္ကသိုလ်မှာ တက်နေတာလဲ”

အာဒိလေး ➡➡(လက်ဖက်ရည်ကရားကို ကောက်ယူပြီးနောက် ကရားနှုတ်သီးမှ မော့သောက်လိုက်သည်။ လေသံတိုးတိုးဖြင့်) “ပီကင်း ကူမင်တန် ပါတီဌာနချုပ်က ငါ့ကို ဥပဒေနဲ့ နိုင်ငံရေးသိပ္ပံဌာနကို ပို့လိုက်တယ်လေ ကွာ။ အတန်းတွေ ခုန်တက်သွားတာပေါ့ကွာ၊ အိပ်မက်ထဲမှာလိုပေါ့၊ တန်ချောင်း ဆင်းရဲသား ရပ်ကွက်ထဲက လူလေ လူလွင့်တွေ ကြားထဲမှာ နေရတာနဲ့ ဘာဆိုင်သလဲ၊ ကျောင်းသားတစ်ယောက် ကို ရိုက်ရင် ငါးမူးရတယ်ကွ၊ မနေ့က ငါဘယ်နှစ်ယောက် ရိုက်ခဲ့ပါလိမ့်”

ဝမ်တာရွှန်း ➡➡“ခြောက်ယောက်ဆို”

အာဒိလေး ➡➡“အေး … ခြောက်ယောက်၊ ကောင်မလေးနှစ်ယောက်ပါတယ်။ တစ်ချက်ပြီးတစ်ချက် ထိုးချလိုက်တာကွာ၊ ဘာပြောကောင်း မလဲ ဒီမှာ ငါ့လက်မောင်းတွေကို စမ်းကြည့်စမ်း၊ (လက်မောင်းကြွက်သားများ

ကို ညစ်ပြသည်) ကွန်ကရစ်ကျနေတာပဲ၊ ဒီလောက် ကောင်းတဲ့ အားနဲ့ ကျောင်းသားတွေကို အားရပါးရ ထိုးချလိုက်တာ ဘယ်လိုနေမလဲ၊ မင်းပဲ စဉ်းစားကြည့်တော့ပေါ့၊ ငနဲတွေ ဗိုင်းခနဲ ဗိုင်းခနဲ နေတာပဲ"

ဝမ်တာရွှန်း ➡➡"သူတို့က ခင်ဗျား ထိုးတိုင်းခံနေကြသလား"

အာဒိလေး ➡➡"ငါ့ကို ပြန်မထိုးနိုင်တဲ့ ကောင်မျိုးကို ရွေးထိုးတာ ပေါ့ကွ၊ ဘာလဲ ... မင်းက ငါ့ကို လူအ မှတ်နေသလား"

ဝမ်တာရွှန်း ➡➡"ကျွန်တော် တစ်ခုတော့ ပြောချင်တယ်ဗျာ၊ လူ တွေကို ဒီလိုလိုက်ပြီး ထိုးလား ကြိတ်လား လုပ်တာကတော့ မကောင်းပါဘူး"

အာဒိလေး ➡➡"မကောင်းဘူးလို့ မင်းကို ဘယ်သူပြောသလဲ၊ အဲဒီ ဌာနက ဌာနမှူးဆရာကိုပဲ ကြည့်ပါဦး၊ သူက အဲဒီမှာ ကူမင်တန်ပါတီရဲ့ သဘောတရားကို သင်ရတယ်။ သူ စာသင်တော့မယ်ဆိုတာနဲ့ အိတ်ထဲက ခြောက်လုံးပြူးကိုထုတ်ပြီး ခုံပေါ်ကို ပစ်ချလိုက်တာပဲ။ ငါက လက်သီးလောက်ပဲ သုံးတာ၊ သူ့လိုတောင် သေနတ်သုံးတာ မဟုတ်ဘူး၊ ငါ့ကို မင်း ဘာပြောစရာ ရှိသလဲ"

ဝမ်တာရွှန်း➡➡"ဗျာ ... ကျောင်းဆရာက ဒီလိုလုပ်သလားဗျာ။ ဒီလိုဆို သူက လူမိုက်ဂိုဏ်း ခေါင်းဆောင်နဲ့ တူနေတာပေါ့"

အာဒိလေး ➡➡"ဒါပေါ့ကွ၊ လူမိုက်ဂိုဏ်း ခေါင်းဆောင်ပေါ့၊ ဟာ ... မဟုတ်သေးပါဘူး။ ဒီလိုဆို ငါလဲ လူမိုက်ဂိုဏ်း ခေါင်းဆောင်ဖြစ်သွားမှာပေါ့၊ တာရွှန်းဆိုတဲ့ကောင် တော်တော်နောက်တဲ့ ကောင်ပဲ။ ဒီမှာနော် ငါ့ ကွန်ကရစ် လက်သီးကို မင်း မကြောက်ဘူးထင်တယ်"

ဝမ်တာရွှန်း ➡➡"ဒါတော့ ခင်ဗျား ရိုက်လို့ သေသွားသည့်တိုင် ကျွန်တော်က အရှုံးမပေးဘူးဆိုရင် ခင်ဗျား နိုင်တယ်လို့ ဘယ်ခေါ်နိုင်မလဲ"

အာဒိလေး ➡➡"ဒီကောင် တော်တော် သောက်စကားများတဲ့ ကောင်ပါလား၊ မဖြစ်ဘူး မင်းလဲ သင်တန်းလေး ဘာလေးလာပြီး ပို့ချပါလား။ ဒီလိုဆိုရင် မင်းလဲ အတော်ဖြစ်သွားမယ်။ ဒီနေ့တော့ ကျောင်းသားတွေကို မရိုက်တော့ပါဘူးကွာ"

ဝမ်တာရွှန်း➡➡"ဒီနေ့တင် မဟုတ်ဘဲ နောင်လဲ ဘယ်တော့မှ မရိုက်ရင် ကောင်းတာပေါ့ဗျာ"

အာဒိလေး ➡➡"ဒီနေ့မှာ ငါ့မှာ လုပ်စရာ တစ်ခုရှိသေးလို့"

ဝမ်တာရွှန်း ➡➡"ဒီနေ့ ဆရာတွေ အလှည့်လေ၊ ဆရာတွေကို ရိုက်ရမယ်"

ဝမ်တာရွှန်း ➡➡"ဗျာ ... ခင်ဗျား ကျောင်းသားတွေကို ရိုက်တာ တောင် လွန်လှပြီ၊ အခု ဆရာတွေကို ရိုက်ဦး မလို့လား"

အာဒိလေး ➡➡"ဒါတော့ အထက်က ခိုင်းတဲ့အတိုင်း လုပ်ရတာ ကိုးကွ။ ဆရာတွေ ဒီနေ့ သပိတ်မှောက်လိမ့်မယ်လို့ ငါ့ခေါင်းဆောင်က ပြော တယ်။ ဥပဒေကို ချိုးဖောက်တဲ့ သဘောပေါ့ကွာ။ ဒီတော့ သူတို့လဲ သူတို့နဲ့ ထိုက်တန်တာကို ရမှာပေါ့၊ ဒီနေရာက စောင့်ပြီး တွေ့သမျှ ကျောင်းဆရာတွေကို ရိုက်ရမယ်တဲ့"

ကျောက်ဖူးယန် ➡➡ (အန္တရာယ်ကို သဘောပေါက်လာသဖြင့်) "ကဲ... နောင်ကြီးရေ၊ သွားကြစို့လား"

ဝမ်ဖူစီ ➡➡"လာ ... လာ" (သူတို့နှစ်ယောက် ထွက်သွား ကြသည်။)

အာဒိလေး ➡➡"ဟေ့ ... တာရွှန်း၊ ပိုက်ဆံ ယူလိုက်ကွာ"

ဝမ်တာရွှန်း ➡➡"ကျောင်းသူလေးတွေ ရိုက်လို့ရတဲ့ ခင်ဗျား ပိုက် ဆံကို မလိုချင်ပါဘူးဗျာ"

အာဒိလေး ➡➡(နောက် ဒေါ်လာတစ်ပြားကို ထုတ်ကာ) "ဒါဖြင့် ဒီပိုက်ဆံကိုယူ၊ ဒီပိုက်ဆံကတော့ ကျောင်းသူကို ရိုက်လို့ရတာ မဟုတ်ဘူး။ ကျောင်းသားတွေကို ရိုက်လို့ရတဲ့ ပိုက်ဆံ၊ ဘယ်နှယ့်လဲ၊ မယူဘူးလား။ (ဝမ် တာရွှန်း ခေါင်းကို ယမ်းပြနေဆဲ) သြော် ... ငါသိပြီ၊ မင်းက ငါ့ကို စောင့်ကြည့် နေတာကိုး၊ အေးကွာ၊ ဒီလိုဆိုရင်လဲ မင်းကို နောက်များမှ ကောင်းကောင်း မွန်မွန် ပြုစုရမှာပေါ့၊ ဟေ့ ဒီမှာ လောကမှာ ဘာအရေးကြီးဆုံးလဲ၊ သိရဲ့လား၊ အစားကောင်းကောင်းစားဖို့၊ အရက်ကောင်းကောင်း သောက်ဖို့၊ ပျော်ပျော်နေ ရဖို့ အရေးကြီးတယ်ကွ" (ပိုက်ဆံများကို အိတ်ထဲထည့်၍ ထွက်သွားသည်)

ကံရွှင်သည် အထုပ်တစ်ထုပ်ကို ကိုင်၍ ဝင်လာသည်။ သူ့နောက်မှ ဝမ်လီနှင့် ချူရှုပ်ဟွာ တို့ လိုက်လာကြသည်။

ကံရွှင် ➡➡"ဆိုင်ရှင်ကြီးရေ၊ ရှင်စိတ်ပြောင်းသွားပြီး ကျုပ်ကို ဆိုင်မှာ ထားချင်သပဆိုရင် ကျုပ်နေမယ်လေ"

ဝမ်လီဖ ➡➡"ကျွန်တော်ကတော့"

ချူရှုဟွာ ➡➡"စိုးမူးကြီးပန်ရဲ့ တူမဟာ ကျွန်မတို့ဆိုင်ကို ပိတ် မပစ်ရဲပါဘူး အဖေရဲ့"

ဝမ်လီဖ ➡➡"နင် ဘယ့်နှယ်လုပ်သိသလဲ၊ သူတို့အသင်းက 'ကရာဇ်' သုံးပါးအသင်းတဲ့၊ သူတို့အသင်းနဲ့ ငါမပတ်သက်ချင်ဘူးဟာ၊ ပတ်သက်မိရင် မသက်သာဘူး"

ဝမ်တာရှွန်း ➡➡"ဒီမှာ အဒေါ်၊ အဒေါ် ပြန်တာပဲ ကောင်းမယ် ထင်တယ်။ လာ ... လာ၊ ကျွန်တော် လိုက်ပို့လိုက်မယ်။ အဖေရော သူ့ကို ကျွန်တော် လိုက်ပို့လို့ ရမလားဟင်"

ဝမ်လီဖ ➡➡"ငါတော့"

ချူရှုဟွာ ➡➡"သူ နေလာတဲ့ တစ်လျှောက်လုံး အဘွားကြီး ဟာ ကျွန်မတို့အတွက် အများကြီး လုပ်ပေးခဲ့သားပဲ အဖေရယ်။ လိုက်တော့ ပို့သင့်တာပေါ့"

ဝမ်လီဖ ➡➡"ငါက မပို့နဲ့လို့ ပြောသေးလို့လား၊ ကဲ ... ကဲ ပို့ချင် ပို့ချည်ကြ၊ ပို့ချည်ကြ"

ဝမ်တာရှွန်း ➡➡"အဒေါ်ရေ ခဏဗျို့၊ ကျွန်တော် အင်္ကျီ ထပ်ဝတ် လိုက်ဦးမယ်"(ထွက်သွားသည်။)

ချူရှုဟွာ ➡➡"အဖေ ဘာဖြစ်နေတာလဲ ဟင်"

ဝမ်လီဖ ➡➡"ငါ့ကို ဟိုမေးဒီမေး မမေးစမ်းပါနဲ့ဟယ်၊ ငါ ခေါင်းရှုပ်နေတယ်။ ငါ့တစ်သက်မှာ တစ်ခါမှ ဒီလောက် ခေါင်းမရှုပ်ဖူးဘူး။ ရှုဟွာ နင်က အဒေါ်ကြီးနဲ့ အလျင်ထွက်နှင့်၊ တာရှွန်းနောက်က လိုက်လာလိမ့် မယ်။ အဒေါ်ရေ အကြောင်းကိစ္စရှိရင် လာခဲ့ပါဗျာ"

ချူရှုဟွာ ➡➡"အဒေါ်၊ ကျွန်မတို့ အိမ်ကို ကိုယ့်အိမ်လို သဘောထားနော် အဒေါ်"

ဝမ်လီဖ ➡➡"ဒါပေမဲ့ ရှေ့မှာ တို့လဲ ဘယ်လိုဖြစ်"

ကံ့ရှင် ➡➡"ဆိုင်ရှင်ကြီးရယ် ... ဆိုင်ရှင်ကြီးတို့ရဲ့ ကျေးဇူး ကို မမေ့ပါဘူး။ အမြဲသတိရနေမှာပါ၊ ဆိုင်ရှင်ကြီးလဲ ကျန်းမာ ချမ်းသာပါစေ တော်"

ချူရှုဟွာနှင့်အတူ ထွက်သွားသည်။

ဝမ်လီဖ ➡➡(သူ့တို့နောက်မှ လိုက်သွားပြီး ရပ်လိုက်လျက်) "ကျန်းမာပါစေဗျာ၊ အလို ... ဘာကိစ္စပါလိမ့်"

ကျောင်းဆရာနှစ်ဦးဖြစ်သည့် ဇီရှန်ရင့်နှင့် ယူဟုန်ဆေ့တို့ ဝင်လာကြ၏။

ဇီရှန်ရင့် ➠ ➠ (နံရံဆီသို့ လှမ်းကြည့်လိုက်ပြီးနောက် ပိုက်ဆံ ကို စားပွဲပေါ်သို့ တင်လိုက်လျက်) ဆိုင်ရှင်ကြီးရေ၊ လက်ဖက်ရည်ကြမ်းတစ်အိုး လောက်ဗျာ" (ထိုင်သည်။)

ဝမ်လီဖ ➠ ➠ (ပိုက်ဆံကို အရင်ကောက်ယူလျက်) "ရပါ တယ်ဗျာ"

ယူဟုန်ဆေ့ ➠ ➠ "ဆရာရှန်ရင့်ရေ၊ ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ တွေ့တာဟာ ဒီအကြိမ်ဟာ နောက်ဆုံးအကြိမ် ဖြစ်ချင် ဖြစ်နေမှာပဲနော်"

ဇီရှန်ရင့် ➠ ➠ "မပြောတတ်ဘူး။ ကျွန်တော်တို့လဲ ဘာတွေ ဖြစ်ကုန်ကြမလဲ မသိဘူး။ ကျွန်တော်လဲ ဆရာ မလုပ်တော့ဘူးလို့ ဆုံးဖြတ် လိုက်ပြီဗျာ၊ ဆိုက်ကား နင်းစားရမလားလို့ စိတ်ကူးနေတယ်"

ယူဟုန်ဆေ့ ➠ ➠ "မူလတန်းကျောင်းဆရာ လခထက်တော့ ကိုက်တာပေါ့ဗျ"

ဇီရှန်ရင့် ➠ ➠ "ပြောမှ ပြောရက်ပလေဗျာ။ ခု ကျုပ် အားကစား နည်းပြဆရာ လုပ်တာတောင် ကျုပ်ရော ကလေးတွေရော ငတ်နေကြတယ်"

ဝမ်ရှောက်ဟွာ ပြေးဝင်လာသည်။

ဝမ်လီဖ ➠ ➠ "ဟဲ့ ... ရှောက်ဟွာ၊ ဘာဖြစ်လို့ ကျောင်းက အစောကြီး ပြန်လာတာလဲ"

ဝမ်ရှောက်ဟွာ ➠ ➠ "သမီးတို့ကျောင်းက ဆရာတွေ သပိတ်မှောက် နေလို့ အဘိုးရဲ့၊ (ယူဟုန်ဆေ့၊ ဇီရှန်ရင့်တို့ကို မြင်သွားသဖြင့်) ဟောတော့် ဆရာတို့လဲ ဒီနေ့ ကျောင်းမတက်ကြဘူးနော်။ နောက် ဘယ်တော့မှ စာမသင် တော့ဘူးလားဟင်။ ကျွန်မတို့ ကျောင်းကို ပြန်လာပါဦး ဆရာတို့ရယ်။ ဆရာ တို့ကို သိပ်အမှတ်ရတာပဲ၊ ကျောင်းသားကျောင်းသူတွေ အားလုံး ငိုနေကြ တယ်။ ကျွန်မတို့ ကျောင်းသားကျောင်းသူတွေလဲ အစည်းအဝေး လုပ်ပြီး နောင်ကို ဆရာတွေ စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်တော့ဘူးလို့ သစ္စာဆိုကြပါတယ်"

ယူဟုန်ဆေ့ ➠ ➠ "စာသင်ပျက်တာ မင်းတို့ မကြိုက်သလို တို့များ လဲ မကြိုက်ပါဘူးကွယ်။ ဒါပေမဲ့ ဆရာတို့မှာ ထမင်းမဝဘဲ စာမသင်နိုင်ဘူး

မဟုတ်လား။ ဆရာတို့မှာလဲ သားသမီးတွေ ရှိတာပါပဲ၊ ကိုယ့်ကလေးတွေကို အငတ်ထားပြီး တခြားကလေးတွေကို စာသင်ပေးနေတယ်ဆိုတော့လဲ ဖခင်တစ်ယောက်အနေနဲ့ ဆရာတို့ ဘယ်တရားပါ့မလဲ၊ ကဲ ... သမီးရယ်၊ ဒီလောက်လဲ စိတ်ပူမနေပါနဲ့၊ လက်ဖက်ရည်သောက်ပြီးရင် ဆရာတို့လဲ အစည်းအဝေးသွားတက်ဦးမယ်။ နည်းလမ်းတော့ ရှာလို့ တွေ့လိမ့်မယ် ထင်ပါရဲ့"

ဇီရှန်ရင့် ➡➡"အိမ်မှာနေပြီး သင်ခန်းစာ အဟောင်းတွေကို ပြန်ကြည့်ထား၊ ဘယ်မှ လျှောက်ဆော့မနေနဲ့"

ဝမ်တာရှွန်းသည် ချိုင်းကြားတွင် အထုပ်တစ်ထုပ်ကိုပိုက်၍ နောက်ခန်းထဲမှ ထွက်လာသည်။

ဝမ်ရှောက်ဟွာ ➡➡"အဖေရေ၊ ဟောဒါ သမီးတို့ကျောင်းက ဆရာတွေပဲ"

ဝမ်တာရှွန်း ➡➡"ဆရာတို့ မြန်မြန်သွားကြရင် ကောင်းမယ် ထင်တယ်။ ဆရာတို့ကို ရိုက်ဖို့ လူမိုက်တွေ စောင့်နေကြတယ်"

ဝမ်လီဖ ➡➡"ဘယ်သူလဲ"

ဝမ်တာရှွန်း ➡➡"အာဒိလေးရယ်၊ ခပ်စောစောက လာပြီး ပြန်ထွက်သွားပြီ၊ နောက်တစ်ခါ ပြန်လာဦးမှာတဲ့"

ဝမ်လီဖ ➡➡"ရှော့ ရှော့၊ ဆရာတို့ ပိုက်ဆံ (ပိုက်ဆံကို ပြန်ပေးသည်။) မြန်မြန် သွားကြပါ ဆရာတို့ရယ်။ မြန်မြန် သွားကြစမ်းပါ"

ဝမ်တာရှွန်း ➡➡"လာ ... လာ၊ ကျွန်တော်တို့နဲ့ လိုက်ခဲ့"

လူမိုက် အာဒိလေး ပြန်ရောက်လာသည်။

အာဒိလေး ➡➡"လမ်းမတွေပေါ်မှာလဲ ဆန္ဒပြသူတွေချည်းပဲဗျ။ ဘာမှ ဝယ်လို့ပြုလို့ မရဘူး၊ တာရှွန်းရေ၊ ဘယ်သွားနေလဲကွ၊ လာစမ်း ဟိုနှစ်ယောက်ကကော ဘယ်သူတွေလဲ"

ဝမ်တာရှွန်း ➡➡"လက်ဖက်ရည် လာသောက်တဲ့ လူတွေပါ"

(ဝမ်တာရှွန်းသည် ကျောင်းဆရာ နှစ်ယောက်နှင့်အတူ ဆက်သွားနေသည်)

အာဒိလေး ➡➡"ဟေ့ လူတွေ၊ ရပ်လိုက်စမ်း၊ (သူတို့သုံးဦးက မကြားယောင်ပြု၍ ဆက်သွားနေသည်။) ဒါဘာလုပ်တာလဲ၊ ကျုပ်ခေါ်တာကို ဂရုမစိုက်ဘူးပေါ့ ဟုတ်လား၊ အကြောင်းသိကြရောပေါ့ကွာ"

ဝမ်လီဖ ➡➡"အာဒိလေး ... သတိထားလေ"

အာဒိလေး ➡➡(လက်သီးကို တအားလွှဲလိုက်ကာ) "ကဲ ... မှတ်ကရောကွာ"

ဇီရုန်ရင့် ➡➡(အာဒိကို လက်ဖြင့် လှမ်းထိုးလိုက်ပြီး ခြေထောက်ဖြင့်လည်း လှမ်းကန်လိုက်ရာမှ) "ကဲကွာ ... ဒီကလဲ မှတ်ကရောပေါ့"

အာဒိလေး ➡➡"အင့်" (လဲကျသွားသည်။)

ဝမ်ရှောက်ဟွာ ➡➡"ကောင်းတယ်၊ ကောင်းတယ်"

ဇီရုန်ရင့် ➡➡"ထလေကွာ၊ နောက်တစ်ချီ ချကြဦးစို့"

အာဒိလေး ➡➡(လဲကျနေရာမှ ကြိုးစား၍ ထသည်။) "အံမယ်လေးဗျာ ... ကျွတ်ကျွတ်၊ (နောက်သို့ ဆုတ်သွားရင်း) အင့်"

ဝမ်တာရှွန်း ➡➡"တော်ကြပါတော့ဗျာ"

ကျောင်းဆရာနှစ်ယောက်ကို အပြင်သို့ ခေါ်ထုတ်သွားသည်။

အာဒိလေး ➡➡(ဒေါသဦးကို ဝမ်လီဖဘက်သို့ လှည့်လိုက်လျက်) "အဘိုးကြီး ခင်ဗျားတော့ သိရောပေါ့ဗျာ၊ ဘာဖြစ်လို့ ဒီကောင် နှစ်ယောက်ကို ထွက်ပြေးခွင့်ပေးလိုက်တာလဲ၊ ဟင်း ... ခင်ဗျား ဒုက္ခရောက်မယ်။ ဒီကောင် နှစ်ယောက်ကို မနိုင်ပေမယ့် ခင်ဗျားလို အဘိုးကြီးကို အသာကလေး ရယ်ဗျ။ သိရဲ့လား" (ထွက်သွားသည်။)

ဝမ်ရှောက်ဟွာ ➡➡"အဘိုး ... အဘိုး၊ အာဒိလေးက သမီးတို့ဆရာနှစ်ယောက်နောက်ကို လိုက်သွားပြီထင်တယ်။ သမီးတို့ ဘယ့်နှယ်လုပ်မလဲ ဟင်"

ဝမ်လီဖ ➡➡"မပူပါနဲ့ ငါ့မြေးရယ်၊ သူ ဘာမှ လုပ်ရဲတော့မှာ မဟုတ်ပါဘူး။ အဘိုးတို့ ငယ်ငယ်တုန်းကလဲ ဒီလိုလူတွေကို တွေ့ဖူးခဲ့ပါပြီ၊ သူများကို အနိုင်ကျင့်တဲ့လူတွေဟာ တကယ်ကျတော့ သတ္တိရှိတာ မဟုတ်ပါဘူး၊ လူကြောက်တွေပါ"

ဝမ်ရှောက်ဟွာ ➡➡"ပြန်လာပြီး အဘိုးကို ရန်ရှာရင်ကော"

ဝမ်လီဖ ➡➡"အဘိုးအတွက်လား ဒီလိုလူမျိုးကို ဘယ်လိုချော့ရမယ်ဆိုတာ အဘိုးသိပါတယ်ကွယ်"

ဝမ်ရှောက်ဟွာ ➡➡"ဒါဖြင့် အဖေကော"

ဝမ်လီဖ ➡➡"စိတ်မပူပါနဲ့ ငါ့မြေးရယ်၊ ခဏနေရင် ပြန်လာမှာပေါ့၊ သွား ... သွား၊ စာကျက်ချည်။ ငါ့မြေးက လိမ္မာပါတယ်"

ဝမ်ရှောက်ဟွာ ➡➡"သမီးတို့ ဆရာတွေ ဘာမှ မဖြစ်ပါဘူး ထင်ပါရဲ့နော်၊ သမီးတော့ သိပ် စိုးရိမ်တာပဲ အဘိုးရယ်" (ထွက်သွားသည်။)

ထင်ပေါက် ပြေးဝင်လာသည်။

ထင်ပေါက် ➡➡"ဆိုင်ရှင်ကြီး ... ဆိုင်ရှင်ကြီး၊ ဆိုင်ရှင်ကြီးကို ပြောစရာ ရှိလို့ရှင်"

ဝမ်လီဖ ➡➡"ဘာလဲ ကောင်မလေး"

ထင်ပေါက် ➡➡"ကျောက်ဖြူးလူလေး မကောင်းဘူးရှင့်၊ ခု ဆိုင်ရှင်ကြီးရဲ့ ဆိုင်ကို ယူမလို့တဲ့"

ဝမ်လီဖ ➡➡"ကြုံကြိုးစည်ရာကွယ်၊ ငါ့ဆိုင်လို အစုတ်ပလုတ် ဆိုင်မျိုးကို ဘာလုပ်ဖို့ ယူမှာတဲ့လဲ"

ထင်ပေါက် ➡➡"မကြာခင် သူတို့ရောက်လာတော့မှာရှင့်၊ ဆိုင်ရှင်ကြီးကို ရှင်းပြဖို့ အချိန်မရှိဘူး။ လုပ်စရာရှိတာ မြန်မြန်လုပ်"

ဝမ်လီဖ ➡➡"လာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

ထင်ပေါက် ➡➡"ဆိုင်ရှင်ကြီးကို သနားလို့ လာပြောတာ၊ ကျွန်မ ပြောတယ်လို့ မပြောပါနဲ့နော်"

ဝမ်လီဖ ➡➡"ငါ ဒီလောက် မမိုက်ပါဘူးကွယ် စိတ်ချပါ"

ထင်ပေါက် ➡➡"အိုကေ ... နောက်မှ တွေ့မယ် ဆိုင်ရှင်ကြီးရေ" (ထွက်သွားသည်။)

(ချူရှုဟွာ ပြန်ဝင်လာသည်။)

ချူရှုဟွာ ➡➡"အဖေရေ၊ ဆရာနှစ်ယောက်တော့ လွတ်သွားပြီ"

ဝမ်လီဖ ➡➡"အေး ... အေး၊ ကောင်းတယ်"

ချူရှုဟွာ ➡➡"ဝမ်တာရှွန်းကလဲ မှာသွားတယ်။ သူ့အတွက် အဖေ စိတ်မပူပါနဲ့တဲ့၊ အဘွားကြီးကို လိုက်ပို့ပြီး ချက်ချင်း ပြန်လာမှာပါတဲ့"

ဝမ်လီဖ ➡➡"ဒါကတော့ သူ့သဘောပေါ့"

ချူရှုဟွာ ➡➡"ဘယ်လို ပြောလိုက်တာလဲ အဖေ၊ အဖေ ဘာ ဖြစ်နေတာလဲ၊ အဖေ ဘာဖြစ်လို့ စိတ်တိုနေတာလဲ"

ဝမ်လီဖ ➡➡"ဘာဖြစ်လို့မှ မဟုတ်ပါဘူးကွယ်။ သွား ... သွား၊ ရှောက်ဟွာဆီကို သွားလိုက်ဦး၊ ကလေးက ခေါက်ဆွဲလေး ဘာလေး

စားချင်လှရော့မယ်။ အင်း ... ကလေးလဲ သနားပါတယ်။ စားစရာဆိုလို့ ဘာမှ ကောင်းကောင်းတောင် မရှိဘူး"

ချူရှုပ်ဟွာ ➠➠"ကျွန်မတို့အိမ်မှာလဲ ဂျုံမှုန့်ဆိုလို့ တစ်မှုန့်မရှိတော့ဘူးလေ အဖေရဲ့၊ ဘာလုပ်ပေးရမလဲ၊ ကျွန်မ သွားကြည့်လိုက်ဦးမယ်။ ဂျုံစေ့ကို ပြောင်းဆန်မှုန့်ကလေးနဲ့ ကျိုတိုက်ရမလား မသိဘူး" (ထွက်သွားသည်။)

ဗေဒင်ဆရာတန်လေး ပြန်ဝင်လာသည်။

ဗေဒင်ဆရာတန်လေး➠➠"ဆိုင်ရှင်ကြီး၊ အဘွားကြီး ကံရွှင်ကို စိုးမှူးကြီးရဲ့ တူမနဲ့ လိုက်နေဖို့ ပြောပြီးပြီလား"

ဝမ်လီဖ ➠ ➠ "ညနေကျတော့ အကျိုးအကြောင်း ပြန်ပြောမယ် လို့ မင်းကို ငါ ပြောထားပြီပဲ"

ဗေဒင်ဆရာတန်လေး➠➠"ခင်ဗျားဆိုင်မှာ အဖေ ပိုက်ဆံမပေးဘဲ လက်ဖက်ရည် အလကား သောက်တဲ့အကြောင်းကို ခဏခဏပြောတယ်။ ဒီတော့ ကျွန်တော်လဲ ကျေးဇူးဆပ်တဲ့အနေနဲ့ ခင်ဗျားကို အကြံညဏ်တစ်ခု ပေးမယ်။ ခင်ဗျား ခေါင်းမပြတ်ချင်ရင် ယူပေါ့ဗျာ။ 'ကေရာဇ်သုံးပါးအဖွဲ့' ဟာ ဂျပန်ခေတ်မှာ ပိုပြီး ကြီးထွားအားကောင်းလာနေတယ်ဗျ။ ခင်ဗျား လက်ဖက်ရည်ဆိုင်ကို ဖြုတ်ပစ်ဖို့တော့ သူတို့အဖို့ ကလေးကစားသလောက်ပဲ ရှိတယ်။ ဒီတော့ သတိဝီရိယကလေးနဲ့ နေရင်ကောင်းမယ်"

ဝမ်လီဖ ➠➠"ငါနားလည်ပါတယ်ကွာ၊ မင်းက ငါ့ကိုလည်း ဒုက္ခ မရောက်စေချင်ဘူး။ တစ်ပြိုင်နက်တည်းလဲ မင်းတို့ ကေရီဘုရင်မကြီးရဲ့ စာရင်းထဲမှာ အမှတ်ကောင်းကောင်းလိုချင်တယ် မဟုတ်လား"

စုန်အန့်လေးနှင့် ဂူကျန့်လေးတို့ ဝင်လာကြသည်။ သူတို့နှစ်ယောက်စလုံးမှာ အနောက်တိုင်းဝတ်စုံသစ်များကို ဝတ်ထားကြသည်။

ဗေဒင်ဆရာတန်လေး➠ ➠ "ဆရာလေးတို့ ဒီနေ့တော်တော်အလုပ်များ တယ် ထင်တယ်"

စုန်အန့်လေး ➠➠"သောက်ကျိုးနည်းဗျာ၊ အလုပ်များတဲ့နေ့၊ ဒီနေ့ ကျောင်းဆရာတွေ အဓိကရုဏ်းကလဲ ဖြစ်တာကိုး"

ဝမ်လီဖ ➠➠"သပိတ်မှောက်တာပါ ဆရာလေးတို့ရဲ့ အဓိကရုဏ်း မဟုတ်ပါဘူး"

ဗေဒင်ဆရာတန်လေး➠➠"ဘယ်လို ဖြစ်လို့လဲ"

ဝူကျန့်လေး ➟➟ "ခင်ဗျားကောင်တွေ ခုလောက်ဆို သပိတ်မှောက်နိုင်တော့မှာ မဟုတ်ပါဘူး။ ခုလေးတင် ကျွန်တော်တို့ လူတစ်ရာလောက် ဖမ်းထားခဲ့ပြီး၊ လူခုနစ်ဆယ်လောက်ကိုတော့ ရိုက်လိုက်တာ ပျော့ပျော့ပဲ ကျန်တော့တယ်။ ကျောင်းဆရာကို သင်ခန်းစာ ပေးရတာပေါ့လေ"

စုန်အန့်လေး ➟➟ "တော်တော်ခက်တဲ့ ကျောင်းဆရာတွေပဲဗျာ၊ ကျောင်းဆရာလုပ်နေပြီး ပေါင်မုန့်ကို ဘယ်ဘက်မှာ ထောပတ်သုတ်ထားမှန်း မသိတော့ဘူး။ ကူမင်တန်ကို ထောက်ခံရင် သူတို့ကို ယန်းကီးတွေက ဆန်တွေ ဂျုံမှုန့်တွေ ထောက်ပံ့မှာပေါ့"

ဗေဒင်ဆရာတန်လေး➟➟ "ဟုတ်တာပေါ့၊ ဒီမှာ ဆရာလေးတို့ရယ်၊ ဆန်တို့၊ ဂျုံတို့ ရောက်ပြီလို့များ ကြားရင် ကျွန်တော့်ကို မမေ့ပါနဲ့နော်၊ ဆရာလေးတို့ ဘိုးဘေးများရဲ့ သင်္ချိုင်းတို့၊ ဘာတို့ ရွှေ့ချင်လို့ အခါရွေးချင်လို့ရှိရင် ကျွန်တော် အလကား တွက်ပေးပါ့မယ်။ ကဲပါ၊ ဆရာလေးတို့ ပြောမယ့် စကားကို ဆက်ပြောကြပါ" (ထွက်သွားသည်။)

ဝူကျန့်လေး ➟➟ "ဒီမှာ ဆိုင်ရှင်ကြီး၊ စောစောတုန်းက သပိတ်မှောက်တာက နေပြီး အဓိကရုဏ်း ဘယ်လိုဖြစ်တယ်ဆိုတာကို ခင်ဗျား ပြောသွားတယ်နော်၊ ဟုတ်လား"

ဝမ်လီဖ ➟➟ "ကျုပ်တို့က အဘိုးကြီးပါဗျာ၊ ခုခေတ်စကားတွေကို နားမလည်တော့ပါဘူး။ သပိတ်လား အဓိကရုဏ်းလားလို့ မေးကြည့်တာပါ"

စုန်အန့်လေး ➟➟ "ခင်ဗျားလဲ အဲဒီအုပ်စုထဲက ဖြစ်မှာပဲ"

ဝမ်လီဖ ➟➟ "ဒါကတော့ ဆရာလေးတို့ ကျုပ်ကို အထင်ကြီး လွန်းနေတာ ဖြစ်ပါလိမ့်မယ်"

ဝူကျန့်လေး ➟➟ "ကဲ ... ခင်ဗျားနဲ့ စကားပြောဖို့ အချိန် သိပ်မရှိဘူး။ လိုရင်းကို ပြောကြရအောင်"

ဝမ်လီဖ ➟➟ "ဘယ်လို လိုရင်းလဲ သူငယ်တို့ရယ်"

စုန်အန့်လေး ➟➟ "ကျောင်းဆရာတွေ သပိတ်မှောက်တဲ့ကိစ္စမှာ နောက်က တစ်ယောက်ယောက် ခေါင်းဆောင်နေတာ ရှိရမယ်"

ဝမ်လီဖ ➟➟ "ဘယ်သူများ ပါလိမ့်"

ဝူကျန့်လေး➟➟ "မနေ့ညက ခင်ဗျားဆိုင်ကို ဘယ်သူလာသလဲ"

ဝမ်လီဖ ➟➟ "ကန်ဒါလီ"

စုန်အန့်လေး ➠➠"ဟုတ်တယ်၊ အဲဒီကောင်ပဲ၊ ကဲ ... ဒီကောင့်ကို အပ်ပါ"

ဝမ်လီဖ ➠➠"အဲဒီသူငယ်က ဒီလိုလူမျိုးဆိုရင် သူ့နာမည်ကို ကျုပ် ထုတ်ပြောပါ့မလား ဆရာလေးတို့ရယ်။ ကျုပ်လဲ ဆရာလေးတို့အဖေ များနဲ့ တစ်လျှောက်လုံး ဆက်ဆံလာတဲ့လူပဲ၊ ဒီလောက်တော့ နားလည်တာ ပေါ့"

ဝူကျန့်လေး ➠➠"ဒီမှာ အဘိုးကြီး၊ ခင်ဗျားဘာသာ ဘယ် လောက် အသက်ကြီးကြီး မကြီးကြီး ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ လိုရင်းကိစ္စ ကိုပဲ ပြောပါ"

ဝမ်လီဖ ➠➠"ဘာလဲ ကန်ဒါလီကို အပ်ရင်အပ်၊ မအပ်ရင် ပိုက်ဆံပေး၊ ဒါပဲ မဟုတ်လား"

စုန်အန့်လေး ➠➠"ဒါတွေကို ကျွန်တော်တို့ အဖေက ခင်ဗျားကို သင်ပေးခဲ့ပြီးပြီပဲ၊ ခုကိစ္စက ခင်ဗျားဘာသာ ပြောတာနော်၊ ကျွန်တော်တို့က ပိုက်ဆံပေးရမယ်လို့ ဘာမှ မပါသေးဘူး။ ဒီတော့ ရှင်းရှင်းပဲ ပြောမယ်။ ကန်ဒါ လီကို အပ်ရင် အပ်ပါ၊ မအပ်ရင် ခင်ဗျား ဝှက်ထားတဲ့ ရွှေချောင်းတွေကို အပ် ပါ၊ တခြားလက်ဖက်ရည်ဆိုင်တွေတော့ တစ်ဆိုင်ပြီးတစ်ဆိုင် ပြုတ်ကုန်ကြပြီ၊ ခင်ဗျားကတော့ ပန်းပန်နေတုန်းပဲ၊ ဒီတော့ ခင်ဗျားမှာ စုပြီးဆောင်းပြီး ဝှက်ထား တာကလေး ရှိမှာပေါ့"

အာဒိလေး ပျာယီးပျာယာဖြင့် ဝင်လာသည်။

အာဒိလေး ➠➠"ဆရာတို့ မြန်မြန်လာကြဗျ၊ မြန်မြန်၊ လမ်းမ ပေါ်မှာ ကျွန်တော်တို့လူတွေ နည်းနေတယ်။ မြန်မြန် လိုက်ခဲ့ကြပါ"

ဝူကျန့်လေး ➠➠"ဒီခွေးကောင်လေးက ဘာဖြစ်လာတာလဲ"

အာဒိလေး ➠➠"ကျွန်တော်လဲ အတတ်နိုင်ဆုံး လုပ်တာပဲဗျာ၊ ကျွန်တော့် မျက်နှာကိုလဲ ကြည့်ပါဦး၊ ဖူးဖူးရောင်နေပြီ"

စုန်အန့်လေး ➠➠"ဆိုင်ရှင်ကြီး ကျွန်တော်တို့ ခုချက်ချင်း ပြန်လာ ခဲ့မယ်။ ခင်ဗျား ဘာသာ စဉ်းစားထားနှင့်ပါ"

ဝမ်လီဖ ➠➠"ကျုပ်က ထွက်ပြေးမယ်လို့ ထင်လို့လား"

ဝူကျန့်လေး ➠➠"အဘိုးကြီး ပါးစပ်ပိတ်ထားစမ်း၊ ခင်ဗျား ထွက် ပြေးလို့ကော ရမှာတဲ့လား၊ ငရဲထိအောင် ခင်ဗျားနောက်ကို လိုက်ဖမ်းမယ်၊ သိရဲ့လား"

ဝမ်လီဖ၏ ပါးကိုချပြီးနောက် စုန်အန်လေး၊ အာဒိလေးတို့နှင့်အတူ ထွက်သွားသည်။

ဝမ်လီဖ ➡➡(အိမ်ထဲသို့ လှမ်း၍) "ရောက်ဟွာရေ၊ ဟဲ့ ... ငါ့ချွေးမရော၊ လာကြပါဦး"

ချူရှုဟွာ ➡➡(သမီးဖြစ်သူ ရောက်ဟွာနှင့်အတူ ပြေးထွက်လာရင်း) "ကျွန်မ အကုန်ကြားပြီးပါပြီ အဖေရယ်၊ ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ ဟင်"

ဝမ်လီဖ ➡➡"ဒီက အမြန်ဆုံး ထွက်ပြေးပြီး အဒေါ်ကံ့ရွှင် နောက်ကို လိုက်ဖို့ပဲ ရှိတော့တယ်"

ဝမ်ရောက်ဟွာ ➡➡"ကျွန်မ လွယ်အိတ်ကို သွားယူလိုက်ဦးမယ်"

ချူရှုဟွာ ➡➡"ဟဲ့ ... သမီး၊ အဝတ်အစားလေး ဘာလေးလဲ ယူခဲ့၊ အဖေတစ်ယောက်တည်း ဘယ့်နှယ်လုပ်နေခဲ့မလဲ"

ဝမ်လီဖ ➡➡"ဒါဟာ ငါ့လက်ဖက်ရည်ဆိုင်ပဲ သမီး၊ ဒီလက်ဖက်ရည်ဆိုင်မှာပဲ အဖေ နေခဲ့မယ်။ သေတော့လဲ ဒီလက်ဖက်ရည်ဆိုင်ထဲမှာပဲ သေတော့မယ်"

ဝမ်ရောက်ဟွာသည် ကျောင်းလွယ်အိတ်ကို လွယ်လာကာ ပစ္စည်းအချို့ကို လက်တွင် ပွေ့၍ ပြန်ဝင်လာသည်။

ချူရှုဟွာ ➡➡"အဖေ"

ဝမ်ရောက်ဟွာ ➡➡"အဘိုး"

ဝမ်လီဖ ➡➡"ငိုမနေကြနဲ့၊ သွားကြတော့၊ (မိမိတွင်ရှိသည့် ပိုက်ဆံများနှင့် ဓာတ်ပုံဟောင်းတစ်ခုကို ထုတ်သည်။) သမီးရေ .... ဟောဒီ ပိုက်ဆံတွေကို ယူသွား၊ ငါ့မြေး ရောက်ဟွာကတော့ ဒါကိုယူသွား၊ ဒီဓာတ်ပုံဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ရိုက်ထားတဲ့ အဘိုးရဲ့ မူလလက်ဟောင်း ယုထိုင်လက်ဖက်ရည်ဆိုင်ကြီးရဲ့ ပုံပဲ၊ ဓာတ်ပုံကို ညည်းအဖေကို ပေးလိုက်၊ ကဲ ... သွားကြတော့"

ကျောက်ဖြူးလူလေးနှင့် ထင်ပေါက်တို့ ပြန်လာကြသည်။

ကျောက်ဖြူးလူလေး ➡➡"ဟဲ့ ... ရောက်ဟွာ၊ ကျောင်းဆရာတွေ သပိတ်မှောက်တာနဲ့ ညည်းတို့ အဘွားဆီကို သွားတော့မလို့လား"

ဝမ်ရောက်ဟွာ ➡➡"ဟုတ်တယ်"

ဝမ်လီဖ ➠➠(ကျူတာန်ကို ကောက်ကိုင်လျက်)“ရှောက်ဟွာ၊ မြန်မြန် ပြန်လာခဲ့နော်၊ ငါ့မြေး”

ချူရှုဟွာ ➠➠“သိပ် မကြာပါဘူး အဖေရဲ့၊ နှစ်ရက် သုံးရက် ပါ”(ရှောက်ဟွာနှင့်အတူ ထွက်သွားသည်။)

ကျောက်ဖြူးလူလေး➠➠“သတင်းထူးတယ် ဆိုင်ရှင်ကြီးရေ့၊ ညွှန်ကြားရေးမှူးက ကျွန်တော့် စီမံကိန်းကို အတည်ပြုလိုက်ပြီ”

ဝမ်လီဖ ➠➠“ဒီလိုဆိုရင်လဲ ဝမ်းသာပါတယ်ကွယ်”

ကျောက်ဖြူးလူလေး➠➠“ဆိုင်ရှင်ကြီးအဖို့လဲ ဝမ်းသာစရာကြီးပေါ့ဗျာ၊ ညွှန်ကြားရေးမှူး ရှန်က လက်ဖက်ရည်ဆိုင်ကို ပြုပြင်မွမ်းမံဖို့ သဘောတူလိုက်ပြီဗျ၊ ကျွန်တော်က ပြောရင် အိုကေ ဆိုပြီး သဘောတူလိုက်တာချည်းပဲ။ ညွှန်ကြားရေးမှူး ရှန်ကတော့ တကယ့် ဖောရိန်နာကြီး ကျနေတာပဲဗျာ၊ တအိုကေတည်း အိုကေနေတာပဲ”

ဝမ်လီဖ ➠➠“အဲဒီတော့ ဘာဖြစ်သလဲ”

ကျောက်ဖြူးလူလေး➠➠“ဘာဖြစ်ရမှာလဲ၊ ခင်ဗျားအဖို့ အရောင်းအဝယ်မကောင်းလို့ စိတ်ညစ်ရတာတွေ စိတ်ပူရတာတွေ မရှိတော့ဘူးပေါ့၊ လက်ဖက်ရည်ဆိုင်ကြီးကို ကျွန်တော် ကြီးကြပ်အုပ်ချုပ်ရတော့မယ်လေ၊ ဒီတော့ စောစောစီးစီး ရှင်းပေးရင် ကောင်းမယ်ဗျာ၊ ရှင်းဆို ခုစပြီး ရှင်းရင် ကောင်းတယ်၊ နောင်ကျမှ ခင်ဗျားကို တပူဆာဆာ လုပ်နေရရင် မကောင်းဘူး”

ဝမ်လီဖ ➠➠“စိတ်မပူပါနဲ့ဗျာ၊ အတော်ပဲ ငါကလဲ ဒီဆိုင်က ထွက်ချင်နေတာ ကြာပါပြီ”

ထင်ပေါက် ➠➠“ကိုလူလေး၊ ဆိုင်ရှင်ကြီးဟာ ဒီဆိုင်မှာ ခေတ်အဆက်ဆက် လုပ်လာခဲ့တာလေ၊ ဒီလိုပြောလို့ ဘယ်ကောင်းမလဲ”

ကျောက်ဖြူးလူလေး➠➠“ရပါတယ်၊ ငါက ဘယ်တော့မှ မတရားမလုပ်တတ်ပါဘူး။ ကဲ ... ဆိုင်ရှင်ကြီး၊ ခင်ဗျားဆိုင်ကို သိမ်းဖို့အတွက် ကျွန်တော် ညွှန်ကြားရေးမှူးရှန်ကို ခုပဲ သွားခေါ်လိုက်မယ်ဗျာ၊ ဒီတော့ နည်းနည်းသားသားနားနားဖြစ်အောင် လုပ်ထားလိုက်ပါ၊ ဟေ့ ဘောဘီ၊ နင်က ရှောက်ရှင်းယာကို သွားခေါ်ချည်၊ တို့ ညွှန်ကြားရေးမှူးကြီး ရောက်လာရင် နင်တို့နှစ်ယောက် ဧည့်ခံရမယ်။ ရေမွှေးတစ်ပုလင်းလောက် ယူလာပြီး ဒီဆိုင်ထဲကို လျှောက်ဖျန်းထားဦးနော်၊ ဆိုင်တစ်ဆိုင်လုံးက နံစော်နေတာ၊ ကဲ ... သွားစို့”

ထင်ပေါက်နှင့်အတူ ထွက်သွားသည်။

ဝမ်လီဖ ➡➡"ဩချလောက်ပါပေတယ်ဗျာ၊ ဩချလောက်ပါပေတယ်၊ ဟား ... ဟား"

ဘိုကျန်သည် ပဲလှော်များနှင့် ပိုက်ဆံစက္ကူအချို့ကို ထည့်ထား သည့် တောင်းကလေးတစ်လုံးကို ကိုင်၍ ရောက်လာသည်။ ပိုက်ဆံစက္ကူများ မှာ အသုဘများတွင် ကြဲသည့်အကြွေအနုပ်များ ပုံသဏ္ဌာန် အပိုင်းကလေးများ ဖြစ်အောင် ကတ်ကျေးဖြင့် ကိုက်ထားသည့် စက္ကူစကလေးများဖြစ်သည်။ ဘိုကျန်မှာ အသက်ခုနစ်ဆယ်ကျော်လေပြီ၊ သို့တိုင် ကိုယ်ခန္ဓာမှာမူ မတ်နေဆဲရှိသေးသည်။

ဘိုကျန် ➡➡"ဘာတွေကိုများ ဒီလောက် ဩချနေတာလဲ ဆိုင်ရှင်ကြီးရဲ့"

ဝမ်လီဖ ➡➡"အလို ... ဘိုကျန်ပါလား။ အေးဗျာ စကားပြောချင်နေတုန်း စကားပြောဖော် ရောက်လာလို့ ဝမ်းသာလိုက်တာ၊ အကောင်းဆုံး လက်ဖက်ခြောက်နဲ့ လက်ဖက်ရည် တစ်အိုးလောက် နုပ်ခဲ့မယ်ဗျာ၊ လက်ဖက်ရည်သောက်ရင်း စကားလေး ဘာလေး ပြောကြသေးတာပ"(လက်ဖက်ရည် နုပ်ရန် ထွက်သွားသည်။)

ကျင်ချုံကို ဝင်လာသည်။ ယင်းမှာ မှတ်မိစရာ မရှိအောင် အိုစာ၍ သွားခဲ့လေပြီ၊ အဝတ်အစားတို့မှာလည်း ညစ်ပတ်စုတ်ပြဲလျက် ရှိသည်။

ကျင်ချုံကို ➡➡"ဆိုင်ရှင်ကြီး ဝမ်လီဖ တစ်ယောက်များ ရှိသလားဗျာ"

ဘိုကျန် ➡➡"ရှိပါတယ်၊ အလို ... ခင်ဗျားက"

ကျင်ချုံကို ➡➡"ကျွန်တော့် နာမည်က ကျင်ချုံကို ပါ"

ဘိုကျန် ➡➡"အလို ... ကျင်ချုံကိုပါလား"

ဝမ်လီဖ ➡➡(လက်ဖက်ရည်အိုးကို ယူလာရာမှ) "ဘယ်သူပါလိမ့်၊ ဩော် ... ဆရာလေးကျင်ပါလား၊ ခု ကျွန်တော်တို့ တိုင်းပြည်မှာ နောက်ထပ် ပြုပြင်ပြောင်းလဲမှုကြီးတစ်ခုတော့ လုပ်တော့မယ်ဆိုတဲ့ အကြောင်းကို ဆရာလေးကို ပြောချင်နေတာနဲ့ အတော်ပဲဗျ၊ ထိုင်ပါ"

ဘိုကျန် ➡➡"ကျွန်တော့်တောင်းထဲမှာ ပဲလှော်ကလေးပါတယ်ဗျ၊ (တောင်းထဲမှ ပဲလှော်တစ်ဆုပ်ကို နှိုက်သည်။) လက်ဖက်ရည်ကြမ်းနဲ့ ပဲလှော်ကလေးနဲ့ဆိုတော့ ဖိမ်ပဲဗျို့၊ လောကကြီးမှာ ဘာလိုသေးလဲ"

ကျင်ချုံကို ➠➠"နေစမ်းပါဦး၊ ခင်ဗျား ပဲလှော်ကို ဘယ်လို ဝါးဦး မှာလဲ"

ဝမ်လီဖ ➠➠"ကျွန်တော်ကတော့ မဝါးနိုင်တော့ဘူးဗျ၊ ခု ခေတ်ကြီးထဲမှာက ရှားရှားပါးပါး ပဲလှော်ကလေးတော့ ရှိပါရဲ့၊ ဒါပေမယ့် ဝါးစရာ သွားမရှိတာက ခက်တယ်။ ရယ်စရာ မကောင်းဘူးလားဗျာ၊ ဆရာ လေး ကျင်ကော အခြေအနေ ကောင်းရဲ့လား"(သူတို့အားလုံး ထိုင်ကြသည်)

ကျင်ချုံကို ➠➠"ကျွန်တော်ပြောတဲ့ စကားကို ဘယ်သူမှ နား မထောင်ချင်ကြတော့ဘူးဗျ၊ ဒါကြောင့် ခင်ဗျားတို့ဆီကို လာခဲ့တာပဲ။ ကျွန်တော့် စက်ရုံ အခြေအနေကို ကြည့်ချင်တာနဲ့ တီယနိစင်မြို့ကို ရောက်သွားတယ်ဗျ"

ဝမ်လီဖ ➠➠"နေပါဦး၊ ခင်ဗျား စက်ရုံကို အစိုးရက သိမ်း ထားတယ် မဟုတ်လား၊ ခု မူလပိုင်ရှင်ကို ပြန်ပေးပြီးပေါ့ ဟုတ်စ၊ ဝမ်းသာ လိုက်တာဗျာ"

ကျင်ချုံကို ➠➠"ခု ဖြိုချပစ်လိုက်ပြီဗျ"

ဘိုကျန်+ဝမ်လီဖ➠➠"ဘာ ... ဖြိုချပစ်လိုက်ပြီ၊ ဟုတ်လား"

ကျင်ချုံကို ➠➠"ပြားတောင်နေပြီ၊ ကျွန်တော် အနှစ်လေးဆယ် လုံးလုံး ချွေးတွေ သွေးတွေနဲ့ တည်ဆောက်ခဲ့တဲ့ စက်ရုံကလေး၊ ခုတော့ ပြောင် သလင်းခါသွားပြီလေ၊ တခြားလူတွေတော့ သိချင်မှ သိကြမယ်။ ဒါပေမဲ့ ခင်ဗျား သိပါတယ် ဆိုင်ရှင်ကြီးရယ်၊ အသက် နှစ်ဆယ်လောက်ကတည်းက ကျွန်တော်ဟာ စက်မှုလုပ်ငန်းထူထောင်ပြီး အမျိုးသားလွတ်လပ်ရေးကို ယူရ မယ်လို့ တဖွဖွ ပြောခဲ့သူပါ။ ဒါပေမဲ့ ခုတော့ ကျွန်တော့် စက်ရုံကလေးကို သူတို့ကလဲ သိမ်းလိုက်ရော ကျွန်တော်လဲ လက်ချောင်းကလေးတစ်ချောင်း တောင် လှုပ်လို့ မရတော့ဘူးဗျ။ ကျွန်တော်ဟာ အလကားကောင်၊ သူတို့ လောက် အရည်အချင်း မရှိဘူးတဲ့၊ ဒါပေမဲ့ သူတို့လက်ထဲမှာ စက်ရုံကလေး ကောင်းကောင်း လည်ပတ်နိုင်မှာပဲလို့တော့ မျှော်လင့်ခဲ့တယ်။ ကျွန်တော့် စက်ရုံ ကလေးဟာ တိုင်းပြည် စီးပွားရေးနဲ့ လူထုတွေကို အကျိုးပြုနိုင်မှာပဲလို့ အောက် မေ့ခဲ့တယ်။ ခုတော့ စက်ရုံကို ဖြိုပစ်လိုက်ကြပြီဗျ၊ စက်ပစ္စည်းတွေကိုလဲ သံတို သံစအဖြစ် ရောင်းပစ်လိုက်ကြပြီ၊ ကမ္ဘာကြီး ဟောဒီလောက်ကျယ်တဲ့ ကမ္ဘာ ကြီးမှာ ဒီလိုအုပ်စိုးသူမျိုး ဘယ်မှာများရှိသလဲဗျာ၊ ကျွန်တော် မေးစမ်းပါရစေ"

ဝမ်လီဖ ➠➠"လွန်ခဲ့တဲ့ နှစ်တွေတုန်းက ကျွန်တော့် ဘော်ဒါ ဆောင်ကလေးဟာလဲ တော်တော်လေးဟန်ကျခဲ့တယ်ဗျ၊ ဒါပေမဲ့ ခင်ဗျားက

ကုန်လှောင်ရုံ ဆောက်ချင်လှချည်ရဲ့လို့ တဖွဖွ ပြောတာနဲ့ အဲဒီဘော်ဒါကလေးကို ကုန်လှောင်ရုံ ဆောက်ခဲ့တယ်။ ခုတော့ ဘာဖြစ်သလဲ၊ ကုန်လှောင်ရုံကို ချိပ်ပိတ်လိုက်ပြီ၊ အထဲမှာ ရှိတဲ့ကုန်ပစ္စည်းတွေလည်း ခိုးလို့ တက်တက်ပြောင်ပြီ၊ နောက် ခင်ဗျားပစ္စည်းတွေကို ရောင်းမယ်လုပ်တော့လဲ မရောင်းပါနဲ့လို့ ကျွန်တော် သတိပေးခဲ့တယ်။ ဒါပေမဲ့ စက်ရုံကလေး ထောင်ချင်လို့ ရောင်းမယ်ဆိုပြီး အတင်းရောင်းပစ်ခဲ့တယ်"

ဘိုကျန် ➠➠"မှတ်မိသေးလားဗျို့၊ တစ်ခါတုန်းက ကိုယ့်သမီးကိုယ် ရောင်းစားရတဲ့ ဆင်းရဲတဲ့ ဆင်းရဲသူ လယ်သူမလေး တစ်ယောက်ကို ကျွန်တော်က ခေါက်ဆွဲနှစ်လုံး ဝယ်ကျွေးတော့ ခင်ဗျားတို့နှစ်ယောက်က လှောင်ခဲ့ကြတယ်လေ"

ကျင်ချုံကျိ ➠➠"ခုတော့ ကျွန်တော်သဘောပေါက်ပါပြီဗျာ၊ ဆိုင်ရှင်ကြီးဆီကို တစ်ခုတော့ အကူအညီ တောင်းချင်တယ်ဗျာ၊ (အိတ်ထဲမှ စက်ပစ္စည်းနှစ်ခုနှင့် ကလောင်တံစွပ်သည့် စွပ်တံကလေးကို ထုတ်သည်။) ကျွန်တော့်စက်ရုံတော့ မြေကြီးပေါ်မှာ ပြားသွားပြီ၊ အပျက်အစီး ပုံကြီးထဲက ကောက်လို့ရတာဆို့လို ဒီနှစ်ခုပဲ ကျန်တော့တယ်။ ကလောင်တံ စွပ်ကလေးမှာ ကျွန်တော့်နာမည် ထိုးထားတယ်။ ချက်လက်မှတ်ပေါင်း များစွာကို ထိုးခဲ့ပြီး စီမံကိန်းပေါင်းများစွာကို ရေးခဲ့တယ်ဆိုတာကို သက်သေခံနိုင်တဲ့ သက်သေခံပစ္စည်းကလေးပေါ့ဗျာ၊ အဲဒီပစ္စည်းကလေးတွေကို ခင်ဗျားကို ပေးခဲ့ပါမယ်။ ခင်ဗျား လက်ဖက်ရည်ဆိုင် ဖွင့်လို့ အလုပ်ပါးရင် လက်ဖက်ရည်လာသောက်သူတွေကို ဒီပစ္စည်းကလေးတွေ အကြောင်းကို ပြောပြပါ။ ရှေးရှေးတုန်းက စက်မှုလုပ်ငန်းနဲ့ တိုင်းပြည်ထူထောင်မလို့ စိတ်ကူးနဲ့ ရူးနေတဲ့ ကျင်ချုံကျိဆိုတဲ့ လူမိုက်တစ်ယောက် ရှိခဲ့တဲ့အကြောင်း၊ နောင်နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ သူ့စက်ရုံကလေးထဲက ဒီပစ္စည်းကလေးတွေကိုသာ တွေ့တော့တဲ့အကြောင်းကို ပုံဝတ္ထုကလေးလုပ်ပြီး ပြောပြပေါ့ဗျာ၊ ပြီးတော့ အဲဒီပုံဝတ္ထုထဲမှာ ပါတဲ့ ကျင်ချုံကျိဆိုတဲ့လူဟာ ဒီလောက် လွယ်ကူရှင်းလင်းတဲ့ အမှန်တရားလောက်ကိုတောင် မသိတဲ့အကြောင်း၊ အလွန်သောက်သုံးမကျတဲ့ လူအ ဖြစ်တဲ့အတွက် သူ အသက် ခုနစ်ဆယ်ကျော်ကာမှ ဒီအမှန်တရားကို သိလာတဲ့အကြောင်းပြောပြပေါ့"

ဝမ်လီဖ ➠➠"ကလောင်တံ စွပ်တဲ့ အစွပ်တံကလေးကိုတော့ ခင်ဗျားပဲ ယူထားလိုက်ပေတော့၊ ကျုပ်လဲ မကြာခင် ဒီက ပြောင်းတော့မှာ"

ဘိုကျန် ➠➠"ဘယ်ကို ပြောင်းမှာလဲဗျ"

ဝမ်လီဖ ➠➠"ဘယ်ကို ပြောင်းပြောင်းဗျာ၊ ဒါက ဒီလောက် အရေးမကြီးပါဘူး။ ဒီမှာ ဆရာကျင်နဲ့ ဘိုကျန်၊ ကျွန်တော်က ခင်ဗျားတို့လို စာတတ်ပေတတ် လူကြီးလူကျယ် မဟုတ်ဘူး။ ဆရာကျင်ဆိုရင် တစ်ခါတုန်းက ပစ္စည်းလဲ ရှိတယ်၊ မျှော်မှန်းချက်လဲ ကြီးခဲ့တယ်။ ဒါပေမဲ့ မြင့်တဲ့သစ်ပင်ဟာ မုန်တိုင်းဒဏ်ကို ပိုပြီး ခံရတယ်ဆိုတဲ့ စကားလိုပဲဗျ၊ ဟောဒီက ဘိုကျန် ဆိုရင်လဲ ကိုယ့်အပေါ်မှာပဲဖြစ်ဖြစ်၊ သူများအပေါ်မှာဖြစ်ဖြစ် မတရားလုပ်တာကို ငုံ့ခံတဲ့လူစားမျိုး မဟုတ်ဘူး။ နောက်မှ ဘာကြီးပဲဖြစ်ဖြစ် ရင်ဆိုင်ခဲ့တာချည်းပဲ၊ ဒါပေမဲ့ ကျွန်တော်ကတော့ တစ်သက်လုံး သူများကျွန်လုပ်လာခဲ့ရတာ၊ လာသမျှ လူတိုင်းကို ကျေနပ်အောင် ခယဝယ လုပ်ခဲ့ရတာ၊ မျက်နှာ ချိုသွေးခဲ့ရတာ ဒီတော့ ကျွန်တော့်အဖို့ကတော့ မထူးတော့ပါဘူး။ သားတွေ၊ မြေးတွေ လက်ထက်ကျရင်သာ သူတို့တစ်တွေ ဝဝလင်လင် စားရမယ်။ လုံလုံခြုံခြုံ နေရပါစေလို့ ဆုတောင်းရတော့မှာပဲ၊ ဂျပန်တွေ ဝင်လာတော့ ကျုပ်ရဲ့ သားအလတ်ဟာ ထွက်ပြေးရတယ်ဗျ။ အိမ်က အဘွားကြီးလဲ သားစိတ်နဲ့ ရင်ကွဲနာကျပြီး သေခဲ့ရတယ်။ ဂျပန်တွေ ပြေးတော့ အခြေအနေ ကောင်းလာမှာပဲလို့ ကျွန်တော်တို့ ထင်ခဲ့ကြတယ်။ ဒီလိုဖြစ်လိမ့်မယ်လို့ ဘယ်သူ ထင်မလဲဗျာ၊ (ထူးဆန်းစွာ ရယ်သည်။) ဟား ... ဟား ... ဟား"

ဘိုကျန် ➠➠"ကျွန်တော်လဲ ခင်ဗျားနဲ့ အတူတူပါပဲဗျာ၊ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ပြီး ထမင်းကလေးတစ်လုတ်ကို မနည်းရှာစားနေရတာပါ။ ကျွန်တော့်အဖြစ်ကိုလဲ ကြည့်ဦးလေ၊ အသက် ခုနစ်ဆယ်ကျော်မှ ပဲလှော် ရောင်းစားနေရတဲ့အဖြစ်၊ လူတစ်ယောက် အသက်ဆုံးရှုံးသွားတာဟာ အရေးမကြီးပါဘူးဗျာ၊ ကျွန်တော်တို့ တိုင်းပြည်ကြီး လူနဲ့ သူနဲ့တူအောင်နေရတဲ့ တိုင်းပြည်ကြီးဖြစ်ရင် တော်ပါပြီ၊ နိုင်ငံခြားသားတွေ လာပြီး ဗိုလ်ကျတာကို မခံရတဲ့ တိုင်းပြည်မျိုးပေါ့ဗျာ။ ဒါပေမယ့် ခုတော့ ဟား ... ဟား ... ဟား"

ကျင်ချုံကို ➠➠"ဂျပန်ခေတ်တုန်းကတော့ ဂျပန်တွေက သာတူညီမျှ ကောင်းစားရေးတဲ့ဗျာ၊ အဲဒီကတည်းက ကျွန်တော့် စက်ရုံကို တစ်ခါမှ မမြင်ရတော့ပါဘူး။ ဟော ... ကျွန်တော်တို့ အစိုးရ ပြန်ရောက်လာတော့ ကျွန်တော့် စက်ရုံဟာ သစ္စာဖောက်ရဲ့ ပစ္စည်းဆိုပြီး ဟောဒီ ကုန်လှောင်ရုံထဲက ပစ္စည်းမှန်သမျှ (နောက်ဖေးဘက်သို့ လက်ညှိုးထိုးပြသည်။) သိမ်းသွားသဗျ၊ ဟား ... ဟား ... ဟား"

BURMESE CLASSIC .com



ဝမ်လီဖ ➡ ➡ "ပြုပြင် ပြောင်းလဲရေးခေတ်ကိုလဲ အမှတ်ရသေးတယ်ဗျို့၊ ကျွန်တော် ဘယ်တော့မှ မမေ့ဘူး။ အဲဒီတုန်းကများ သူတို့ ပြောတဲ့ ပြုပြင်ပြောင်းလဲရေးဆိုတာကို ကိုယ်က တယ်မကြိုက်ချင်ဘူး။ ဒါပေမဲ့ ခေတ်နောက်ကျတယ် ထင်မှာစိုးလို့ အသာပဲ ငြိမ်နေခဲ့ရတယ်။ လက်ဖက်ရည်ရောင်းလို့ မကောင်းတော့၊ ဘော်ဒါဆောင်ကလေး တစ်ဆောင် ဖွင့်တယ်။ နောက် လက်ဖက်ရည်ဆိုင်မှာ လူအလာကျဲသွားတော့ လူလာအောင်ဆိုပြီး စာဟောဆရာတစ်ယောက် ငှားပြီး ပုံပြောတယ်။ ဒါနဲ့ ဟန်မကျတော့ အလျင်တုန်းကလို မာနကြီးနေလို့ မဖြစ်ဘူးဆိုပြီး စားပွဲထိုးမကလေး ငှားတယ်။ ဘယ့်နှယ်လုပ်မလဲ၊ ဘဝတည်မြဲရေး မဟုတ်လား၊ ကျုပ်တို့ မိသားစုလေးဘဝတည်မြဲရေးအတွက် လုပ်နိုင်တာတွေကို အကုန်လုပ်ခဲ့တာပဲ၊ လာဘ်တို့ ဘာတို့ ထိုးစရာ ပေါ်လာရင်လဲ လာဘ်ထိုးလိုက်တာပဲ၊ ဒါပေမဲ့ ကျုပ်တစ်သက်မှာ မကောင်းတာ၊ ရာဇဝတ်ပြစ်မှုနဲ့ မကင်းတာဆိုလို့ တစ်ခုမှ မလုပ်ခဲ့ရိုး အမှန်ပါဗျာ၊ ဒီတော့ ကျုပ်လဲ လူ့ဘဝမှာ နေခွင့်မရှိပေဘူးလား၊ ဘယ်သူ့ကို ကျွန်တော်က ထိခိုက်နစ်နာအောင် လုပ်ခဲ့လို့လဲ၊ ဘယ်သူ့အပေါ်မှ မတရားမလုပ်ခဲ့ဖူးဘူး။ ခုတင်က ပြောခဲ့သူတို့ကတော့ ဖိမ်ပေါ့လေ၊ ဒီက ကျွန်တော် တစ်ယောက်တည်းမှ ရွေးပြီး ဘာဖြစ်လို့ ငတ်ရမှာလဲ၊ ဘယ်သူ့လက်ချက်လဲ"

ဘိုကျန် ➡ ➡ "ကျွန်တော်ကတော့ လူအားလုံး တစ်ယောက် ကို တစ်ယောက် တရားမျှတစွာ ဆက်ဆံပြီး ဘယ်သူ့ကိုမှ အနိုင်အထက် ကျင့်တာမျိုး မဖြစ်စေချင်ဘူးဗျာ၊ ဒါပေမဲ့ ခုတော့ ကျွန်တော့် မိတ်ဆွေ အပေါင်းအသင်းတွေဟာ တစ်ယောက်ပြီးတစ်ယောက် ငတ်သေသွားကြတာကို ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတယ်။ ကျွန်တော် ငိုချင်ပါတယ်။ ဒါပေမဲ့ မျက်ရည် မထွက်တော့ဘူး။ ကျွန်တော့်မိတ်ဆွေ ဘိုဆုံဆိုရင် ငတ်ပြီး သေသွားရတယ်။ သူ့အတွက် ခေါင်းလေး တစ်လုံးဖိုးတောင် မရှိလို့ မိတ်ဆွေတွေဆီကို လိုက်တောင်းရမ်း အလှူခံရတယ်။ ပျဉ်ပါးပါးကလေးနဲ့ ခေါင်းကြမ်းတစ်လုံး လုပ်ပေးနိုင်တဲ့ မိတ်ဆွေမျိုးရှိလို့ ကံကောင်းသေးတယ်လို့ ဆိုရမှာပေါ့လေ၊ ကျုပ်အလှည့် ရောက်ရင်တော့ ဘယ်လိုနေမလဲ မသိဘူး။ ကျုပ်တို့ တိုင်းပြည်ကြီးကို ကျုပ်ချစ်တယ်။ ဒါပေမဲ့ ကျုပ်ကို ဘယ်သူချစ်သလဲ၊ ဟော ဒီမှာကြည့်၊ (တောင်းထဲတွင် ပါလာသည့် ပိုက်ဆံသဏ္ဍာန် လုပ်ထားသည့် စက္ကူပိုင်းကလေးများကို ပြသည်။) အသုဘတွေမှာ ဒီလိုစက္ကူစကလေးတွေ ကြဲတိုင်း ကျွန်တော် ကောက်တယ်။ ကျွန်တော့်မှာ အလောင်းလွှမ်းစရာ ပိတ်ဖိုးလည်း

BURMESE CLASSIC .com



မရှိဘူး၊ ခေါင်းဖိုးလည်း မရှိဘူး။ ဒီတော့ ကိုယ့်မသာ ကိုယ်ချဖို့အတွက် ဟောဒီ စက္ကူစလေးတွေကိုပဲ လိုက်ကောက်ပြီး စုထားရသဗျ ... ဟား ... ဟား ... ဟား"

ကျင်ချုံကျို ➡➡"ကဲ ... ဒီလိုဆိုရင် ကျုပ်တို့ကိုယ် ကျုပ်တို့ ရည်စူးပြီး ရေစက်ချကြစို့ရဲ့၊ ခင်ဗျားမှာပါတဲ့ ပိုက်ဆံစက္ကူကလေးတွေကို ကြဲလိုက်၊ ကျုပ်တို့ အဘိုးကြီး သုံးယောက်ရဲ့ အထူးဒါနပေါ့ဗျာ"

ဝမ်လီဖ ➡➡"ဟုတ်လိုက်လေဗျာ၊ ဒီမှာ ဘိုကျန်၊ ပိုက်ဆံစက္ကူကို ကြဲရင် ရှေးခေတ်တုန်းကလို လင်္ကာကလေးတွေ၊ သံပေါက်ကလေးတွေ ဆိုဖို့လဲ မမေ့နဲ့ဦးဗျ"

ဘိုကျန် ➡➡(ထိုင်ရာမှထ၍ သံပေါက်ကို ရွတ်သည်။) "ခေါင်းထမ်းသူများ ကုသိုလ်ပွား တရားယူကြပါ။ ရွှေတိုငွေစ ကြဲ၍ချ ဒါနပြုသည်သာ၊ ကြားကြားသမျှ နတ်လူက အမျှယူကြပါ"(စက္ကူစပိုက်ဆံများကို လေထဲသို့ လွှင့်ကြဲချလိုက်သည်။)

ကျင်ချုံကျို+ဝမ်လီဖ➡➡"ကျုပ်တို့မှာရှိတဲ့ ဒါတဗ္ဗဝတ္ထု အစုစုတွေပေါ့ ဗျာ"

ကျင်ချုံကျို ➡➡(သူတို့နှစ်ယောက်၏ လက်တစ်ဖက်စီကို ကိုင်လျက်) "တော်ပါတော့ဗျာ၊ ဒီအကြောင်း မပြောပါနဲ့တော့၊ ကဲ ... သွားတော့မယ်ဗျာ"(အပြင်သို့ ထွက်သွားသည်။)

ဝမ်လီဖ ➡➡"သွားပေတော့ ... မိတ်ဆွေကြီးရေ"

ထင်ပေါက်နှင့် ရှောက်ကျင်းယာတို့ ဝင်လာကြသည်။

ထင်ပေါက် ➡➡"ဟောဒီမှာ ရေမွှေးတွေ ယူလာပြီ ဆိုင်ရှင်ကြီးရေ"(လက်ဖက်ရည်ဆိုင်ထဲတွင် ရေမွှေးတွေ ဖျန်းနေသည်။)

ဝမ်လီဖ ➡➡"ကောင်းပါပြီဗျာ၊ နေဦး ... ငါသူ့တို့ဖို့ နေရာကလေး၊ ဘာလေး ပြင်လိုက်ဦးမယ်"(ပိုက်ဆံစက္ကူစများကို ကောက်ယူပြီးနောက် အတွင်းခန်းဘက်သို့ ဝင်သွားမည် ပြုသည်။)

ရှောက်ကျင်းယာ➡➡"ဆိုင်ရှင်ကြီး နိမိတ်မရှိ နမာမရှိ၊ ပိုက်ဆံစက္ကူတွေကို ဘာဖြစ်လို့ ကြဲထားရတာလဲ"

ဝမ်လီဖ ➡➡"ဘယ်သိမလဲ ဟယ်" (ထွက်သွားသည်။)

ကျောက်ဖြူးလူလေး ဝင်လာသည်။

BURMESE CLASSIC .com



ကျောက်ဖြုံးလူလေး➠➠“ဟော့ … ညွန့်ကြားရေးမှူးကြီးလာပြီ၊ နင်တို့နှစ်ယောက်က အပေါက်ဝ တစ်ဖက်တစ်ချက်မှာ သတိအနေအထားနဲ့ ရပ်နေစမ်း”

ထင်ပေါက်နှင့် ရှောက်ကျင်ယားတို့သည် ဝင်ပေါက် တစ်ဖက်တစ်ချက်တွင် ရပ်နေကြသည်။

အပြင်ဘက်မှ မော်တော်ကားရပ်သံကြားရသည်။ ရှေ့ဆုံးမှ စစ်ပုလိပ် နှစ်ယောက် ဝင်လာကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးရှန်သည် အရပ်ဝတ် အရပ်စားဖြင့် ဝင်လာသည်။ ခြေတွင် သံဆူးများ တပ်ထားသည့် ဖိနပ်ရှည်ကြီးကို စီးထားပြီး လက်တွင် ကြာပွတ်တစ်ချောင်းကို ကိုင်လာသည်။ သူ့နောက်မှ စစ်ပုလိပ်နှစ်ယောက်တို့ ခြံရံလိုက်ပါလာကြသည်။

ရှန် ➠➠(စစ်ရေးပြ တပ်စုတစ်စုကို ကြည့်သကဲ့သို့ တစ်ဖက်တစ်ချက်တွင် ရပ်နေကြသည့် ထင်ပေါက်နှင့် ရှောက်ကျင်းယာတို့ကို သေချာစွာ ကြည့်ပြီးနောက်) “အိုကေ”

ထင်ပေါက်က ညွှန်ကြားရေးမှူးရှန် ထိုင်ရန် ကုလားထိုင်တစ်လုံးကို တိုးပေးသည်။

ကျောက်ဖြုံးလူလေး➠➠“အစီရင်ခံပါရစေ ဗိုလ်မှူး၊ ယုထိုင် လက်ဖက် ရည်ဆိုင်ဟာ နှစ်ပေါင်းခြောက်ဆယ်လောက် သက်တမ်းရှိတဲ့ ဆိုင်ကြီးဖြစ်ပါ တယ်။ ပီကင်းမြို့ပေါ်မှာ နာမည်ကြီးတဲ့ လက်ဖက်ရည်ဆိုင်ကြီးလဲ ဖြစ်ပါ တယ်။ နေရာအကွက်အကွင်းလဲ ကောင်းပါတယ်။ ဒီလိုနေရာမျိုးဟာ စုံစမ်း ထောက်လှမ်းဖို့ဌာန လုပ်ထားဖို့ အလွန်ကောင်းတဲ့ နေရာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် လက်ဖက်ရည်ရောင်းပါမယ်။ (လက်ညှိုးထိုးပြရင်း) ဟောဒီက ထင်ပေါက်နဲ့ ရှောက်ကျင်းယာတို့က စားပွဲထိုးမလေးတွေ လုပ်ပါ့မယ်။ ဒီဆိုင် ကနေပြီး လာသမျှလူပေါင်းစုံကို ကျွန်တော် စောင့်ကြည့်နေပါ့မယ်။ ဒီလိုနေရာ မျိုးမှာ သတင်းပေါင်းစုံရနိုင်ပါတယ်။ လူဆိုးတွေကိုလဲ အသာကလေး ဖမ်းနိုင်ပါတယ်”

ရှန် ➠➠“အိုကေ”

ထင်ပေါက်သည် စစ်ပုလိပ် တစ်ယောက်ထံမှ ကုလားအုပ် စီးကရက် တစ်ဘူးကို ယူပြီးနောက် ညွှန်ကြားရေးမှူးရှန်ကို တစ်လိပ်ထုတ်ပေးသည်။ ရှောင်ကျင်းယာက မီးခြစ်ခြစ်၍ မီးညှိပေးသည်။

BURMESE CLASSIC .com



ကျောက်ဖြူးလူလေး➡➡"ဟိုတုန်းကတော့ ဆိုင်နောက်ဖေးမှာ ကုန်လှောင်ရုံတစ်ခုရှိပါတယ်။ ဒီအထဲက ကုန်တွေကို ညွှန်ကြားရေးမှူးက သိမ်းလိုက်ပြီးပါပြီ၊ ခုတော့ ဘာမှ မရှိတော့ပါဘူး။ ခု အဲဒီ ကုန်လှောင်ရုံကို ပြန်ပြင်နေပါတယ်။ ရှေ့ပိုင်းမှာက ခန်းမလုပ်ထားပြီး ဘေးဘက်မှာတော့ ရေချိုးခန်းနဲ့တွဲထားတဲ့ အိပ်ခန်းတွေ ပြင်ထားပါတယ်။ ညွှန်ကြားရေးမှူးကြီး ပင်ပန်းတဲ့အခါမှာ ဒီကိုလာပြီး ဖဲကစားလို့ ရပါတယ်။ ကော်ဖီလေး ဘာလေး သောက်လို့လဲ ရပါတယ်။ ညဉ့်နက်လို့ ဒီမှာပဲ အိပ်ချင်တယ်ဆိုရင်လဲ အိပ်လို့ ရပါတယ်။ ညွှန်မှူးကြီးရဲ့ ကိုယ်ပိုင် အပန်းဖြေရိပ်သာကလေးလို့ သဘောထားနိုင်ပါတယ်။ ကျွန်တော် ကိုယ်တိုင် ကြီးကြပ်ဖွင့်ထားလေတော့ ညွှန်မှူးရဲ့ ရုံးခန်းထက် ပိုလွတ်လပ်၊ ပိုပျော်စရာကောင်းပြီး ပိုပြီး သက်သောင့်သက်သာ ရှိပါတယ်"

ရှန် ➡➡"အိုကေ"

ထင်ပေါက် ➡➡"ဒီဆိုင်ရှင်ဟောင်းကြီးဟာ အသက်ကြီးပြီးတော့ ဆင်းဆင်းရဲရဲ ဖြစ်နေရှာပါတယ်။ သူ့ကို တံခါးစောင့် ယူနီဖောင်းကလေး တစ်စုံ ထုတ်ပေးပြီး အလုပ်ပေးထားရင် ကောင်းမယ် ထင်ပါတယ်။ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေလာရင် ကားတံခါး ဖွင့်ပေးတာတို့၊ ပိတ်ပေးတာတို့ကိုတော့ လုပ်နိုင်မှာပါ။ ဒီဆိုင်ကို သူဖွင့်လာတာဟာ သက်တမ်းရှည်လှပါပြီ။ သူ့ကို လူတိုင်း သိပါတယ်။ သူဟာ ဒီဆိုင်ရဲ့ အမှတ်တံဆိပ်လို့ ဖြစ်နေပါပြီ"

ရှန် ➡➡"အိုကေ၊ ဒီလိုဆိုရင် အဘိုးကြီးကို သွားခေါ်ချည်စမ်း"

ကျောက်ဖြူးလူလေး➡➡"ကောင်းပါပြီ၊ ညွှန်မှူး။ (နောက်ဖေးဘက်သို့ ပြေးသွားကာ) ဗျို့ ... ဆိုင်ရှင်ကြီး၊ အို ... ဗျ ဆိုင်ရှင်ကြီး။ ကျွန်တော့်အဖေ မိတ်ဆွေကြီး အဘိုးကြီး ဝမ်ရေ"

(နောက်ဖေးဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး ခဏအကြာတွင် ပြန်ပေါ်လာသည်။) အစီရင်ခံပါရစေ ညွှန်မှူးခင်ဗျား။ အဘိုးကြီး သူ့ကိုယ်သူ ကြိုးဆွဲချသေသွားပါပြီ။ အသက်မရှိတော့ပါဘူး။

ရှန် ➡➡"အိုကေ"

ပြည်ပိုးကားချ

မြသန်းတင့်

လက်ဖက်ရည်ဆိုင်

TEA HOUSE

By

LAO SHE



BURMESE CLASSIC .com